မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရ သကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၁၉၂)

ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် လမ်းညွှန်အမှာစကားပြောကြား

နေပြည်တော် မေ ၉

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် လမ်းညွှန်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေးကို ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ အသုံးစရိတ်တစ်ခုအတွက် မူလခွင့်ပြုငွေဖြင့် လုံလောက်မှုမရှိခြင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်လည်း မလုံလောက်ခြင်းတို့ကြောင့် *စာမျက်နှာ ၃ ကော်လံ ၁* ❖

"နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်ရေးအတွက် နိုင်ငံတော်၏ အသုံးစရိတ်များသည် အဓိကမောင်းနှင်အား ဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းများအနေဖြင့် ဟန်ပြဖြစ်စေမည့် လုပ်ငန်းများအတွက် သုံးစွဲခြင်းမျိုး မဖြစ်စေဘဲ ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိစေမည့် လုပ်ငန်းများအတွက်သာ သုံးစွဲခြင်းမျိုး ဖြစ်စေလို"

မြန်မာ့အလင်း

ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းအဖြေရှာ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်တွင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဟူသော အချက်လည်းပါရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် မိမိတို့၏အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း သတိပေး ခေါင်းလောင်းထိုးနေပြီဖြစ်ကြောင်း ပြင်ပသတင်းများတွင် တွေ့ရှိနေရသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာနှင့်စပ်လျဉ်း၍ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းဖြူထုတ်လုပ်မှု၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှု၊ အစပျိုးဓာတုပစ္စည်းများကို နယ်စပ်ဖြတ်ကျော်ရောင်းဝယ်ဖောက်ကားမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်နောက်ဆက်တွဲ အန္တရာယ်များမြင့်တက်လာနေမှု စသည့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်သော အဓိကနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ဘိန်းထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို ထုတ်လုပ်ကြောင်းနှင့် ကမ္ဘာ့ဘိန်းစိုက်ဧရိယာစုစုပေါင်း ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာက ဆိုသည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ ကြီးမားသောမူးယစ်ဆေးဝါးဆိုင်ရာပြဿနာအဖြစ် ရှိနေဆဲဖြစ်ပြီး လွန်ခဲ့သည့် ခြောက်နှစ်ကျော်ကာလခန့်မှ စတင်ကာ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာကလည်း ထပ်မံကြီးထွားလာခဲ့ပြီး ကမ္ဘာပေါ်ရှိစိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့် အဓိကနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံလည်း ပါဝင်လာခဲ့သည်။

စင်စစ်အားဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ တားဆီးကာကွယ်ရေး၊ နှိမ်နင်းတိုက်ဖျက်ရေးတို့ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်း၊ တိုင်းရင်းသားပြည်သူများအတွင်း ဆင်းရဲမွဲတေခြင်းနှင့် လူမှုစီးပွားဘဝများ နိမ့်ကျနေခြင်း၊ နိုင်ငံရေးမတည်ငြိမ်ခြင်းနှင့်အချို့ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိခြင်း စသည်တို့က မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့ကို တားဆီးနှိမ်နင်းရာတွင် အဟန့်အတားဖြစ်စေလျက်ရှိသည်။ တစ်ဖက်တွင်လည်း မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းများကို ထုတ်လုပ်သည့် အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိနေခြင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသ နိုင်ငံတကာမူးယစ်ဆေးဝါးဈေးကွက်များနှင့် ဆက်စပ်တည်ရှိနေခြင်းတို့က မူးယစ်ဆေးဝါးထုတ်လုပ်သည့် အဓိကနိုင်ငံအဖြစ်သို့ ရောက်ရှိစေခဲ့ခြင်းဖြစ်သည်။

ယခုအခါ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အန္တရာယ်များကို အနိမ့်ဆုံးအဆင့်အထိ လျှော့ချခြင်းဖြင့် လုံခြုံပြီး ကျန်းမာသော လူ့အသိုင်းအဝိုင်းတစ်ခု တည်ဆောက်ရေးဟူသော ရည်မှန်းချက်ဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကို ချမှတ်ကျင့်သုံးလျက်ရှိသည်။ မူဝါဒသစ်အရ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေး၊ လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးဟူသည့် နယ်ပယ်(၅)ရပ်ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာသည် လူသားတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်ပြဿနာဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းတို့သည် နယ်စပ်ဖြတ်ကျော်ပြုလုပ်နေကြခြင်းဖြစ်သည့်အလျောက် ယင်းကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊ နည်းပညာဆိုင်ရာအပြန်အလှန်အထောက်အကူပြုခြင်းတို့ အားကောင်းရန် လိုအပ်သည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မူးယစ်ဆေးဝါးပြဿနာကို ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်းနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာနိုင်ငံပြန်တမ်း

အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များနှင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ ဒေသစာရီ ကြွချီ ပူဇော်ခံမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီး ၁၈ မြို့တွင် ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဓမ္မသဘင်ပွဲများတွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေး တရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်ပြီး ဓမ္မသဘင်ပွဲများကို ဧပြီ ၁၉ ရက်တွင် ကျိုက်ထီးရိုး၊ ဧပြီ ၂၀ ရက်တွင် မော်လမြိုင်မြို့၊ ဧပြီ ၂၁ ရက်တွင် ထားဝယ်မြို့၊ ဧပြီ ၂၂ ရက်တွင် ဘားအံမြို့၊ ဧပြီ ၂၃ ရက်တွင် သထုံမြို့၊ ဧပြီ ၂၄ ရက်တွင် ပဲခူးမြို့၊ ဧပြီ ၂၅ ရက်တွင် ပုသိမ်မြို့၊ ဧပြီ ၂၆ ရက်တွင် ဟင်္သာတမြို့၊ ဧပြီ ၂၇ ရက်တွင် ပြည်မြို့၊ ဧပြီ ၂၈ ရက်တွင် မကွေးမြို့၊ ဧပြီ ၂၉ ရက်တွင် ပုဂံမြို့၊ မေ ၁ ရက်တွင် မုံရွာမြို့၊ မေ ၃ ရက်တွင် မန္တလေးမြို့၊ မေ ၇ ရက်တွင် ကျောက်ဆည် မြို့၊ မေ ၈ ရက်တွင် သဲတော၊ ဝမ်းတွင်းမြို့၊ မေ ၉ ရက်တွင် တောင်ကြီးမြို့၊ မေ ၁၀ ရက်တွင် လွိုင်ကော်မြို့နှင့် မေ ၁၁ ရက်တွင် တောင်ငူမြို့တို့တွင် ကျင်းပသွားမည် ဖြစ်သည်။

“ရန်ကုန်မြို့ကနေ ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်ကို လာမယ့် ဧပြီ ၁၉ ရက်နေ့မှာ ဆက်လက်ပင့်ဆောင်ပူဇော်ခံမှာဖြစ်ပါတယ်။ အဲဒီကနေ မော်လမြိုင်၊ ထားဝယ်အစရှိတဲ့ မြို့ပေါင်း ၂၀ နီးပါးကိုလည်း ဆက်လက်ပင့်ဆောင်ပူဇော်ခံမှာ ဖြစ်ပါတယ်။ ပင့်ဆောင်ပူဇော်ခံထားရှိမယ့် မြို့တိုင်းမှာ ညစဉ်ညတိုင်း ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က တရားရေအေးအမြိုက်ဆေးတိုက်ကျွေးသွားမှာ ဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ပြောသည်။

ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့်ခြောက်ပေရှိ စကျင်ဗုဒ္ဓ ရုပ်ပွားတော်နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓ ရုပ်ပွားတော်တစ်ဆူ တို့အား မတ် ၃၁ ရက်တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်၍ ရွှေတိဂုံ စေတီတော်မြတ်ကြီးအနောက်ဘက်မုခ် ယာယီစံကျောင်းတွင် ပူဇော်ခံထားရှိ လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဉာဏ်တော်အမြင့်သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်အား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ပူဇော်ခံလျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန် ဖူးတော်များအား ကမ္ဘာအေးစေတီတော် အရှေ့ဘက်မုခ်မှ ဧပြီ၁၀ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင် ပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်လင်းနိုင်**

ရန်ကုန်မြို့သစ်စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လူထုတွေ့ဆုံပွဲ ဒလမြို့နယ်၌ ပြုလုပ်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြစ်အနောက်ဘက်ရှိ တွံတေးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့အား မြို့သစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ကုန်မြို့သစ်စီမံကိန်းမဟာအစီအစဉ်အနေဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့သစ်စီမံကိန်း ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲ ကျင်းပစဉ်။

သဘောတူခွင့်ပြုထား

လူထုတွေ့ဆုံပွဲတွင် New Yangon Development Company Limited (NYDC) မှ ဒီဇိုင်းတာဝန်ခံ ဒေါ်အေးအေးခိုင်က ရန်ကုန်မြို့သစ်စီမံကိန်းတွင်ပါဝင်သည့် တွံတေးမြို့နယ်၌ မြေဧက ၈၅ ရာခိုင်နှုန်းမှာ လယ်ယာမြေများဖြစ်ပြီး မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော် ပြန်လည်အသုံးချနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ မြို့မြေ ၂၀ ရာခိုင်နှုန်းကို လက်ရှိလယ်ယာမြေပိုင်ဆိုင်သည့် ပြည်သူများကို ပြန်လည်နေရာချထားပေးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး သဘောတူခွင့်ပြုထားပြီးဖြစ်ကြောင်း၊ မြို့သစ်စီမံကိန်းသည် ဧက ၂၂၀၀၀ ကျော်ရှိပြီး လက်ရှိတွင် ရွာမြေ၊ မြို့မြေနှင့် မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် အခြားမြေများရှိကြောင်း။

မြေဧရိယာစုစုပေါင်း ၉၀ စတုရန်းကီလိုမီတာရှိကြောင်း၊ ၂၈ စတုရန်းကီလိုမီတာတွင် စက်မှုဇုန်ဧရိယာ၊ စီးပွားရေးနှင့် လူနေထိုင်မှုဧရိယာအပါအဝင် ရေသန့်စင်စက်ရုံ၊ ရေဆိုးသန့်စင်စက်ရုံ စသည့်အများပြည်သူနှင့် သက်ဆိုင်သည့် မြို့မြေပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်နေရာချထားမည့် မြို့မြေများကိုလည်း မြို့ပြအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် ရန်ကုန်မြို့သစ်စီမံကိန်းသည် အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နေချင်စရာမြို့တော်ဖြစ်လာစေရန် ရည်ရွယ်ချက်နှစ်ခုဖြင့် အကောင်အထည်ဖော်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်အကိုင်၊ အိမ်နေရာ ဖြည့်ဆည်းပေး

ရန်ကုန်မြို့သစ်စီမံကိန်းကာလကို နှစ် ၃၀ စနစ်တကျအကောင်အထည်ဖော်မည်ဖြစ်ပြီး၊ လူဦးရေ ၁၂ သိန်းကျော်နေထိုင်နိုင်ပြီး ၉ သိန်းကျော်ကို အလုပ်အကိုင်၊ အိမ်နေရာနှင့် စီးပွားရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့သစ်တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့် ကနဦး အခြေခံအဆောက်အအုံဆောက်လုပ်ခြင်းအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ကုန်မည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းတွင် မြို့နယ်ငါးခု၊ တံတားနှစ်စင်း၊ ၂၆ ကီလိုမီတာအရှည် ပင်မလမ်းကြောင်းများ၊ ၁၀ စတုရန်းကီလိုမီတာရှိ စက်မှုဇုန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအဆောက်အအုံများ၊ ရေသန့်နှင့် ရေဆိုးထုတ်စက်ရုံများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လူထုသဘောထား စစ်တမ်းကောက်ယူ

ထို့နောက် သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းဆိုင်ရာ တာဝန်ခံ ဒေါ်ခင်စုစုနိုင်က မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ လေထုညစ်ညမ်းမှုတိုင်းတာခြင်း၊ မြေအောက်ရေ၊ မြေပေါ် ရေ၊ မြစ်၊ ချောင်း၊ ရေတွင်း၊ ရေကန်၊ ဇီဝမျိုးစိတ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းနှင့် လူထုသဘောထား စစ်တမ်းကို ကောက်ယူရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနားဌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဘဏ္ဍာရေးကော်မရှင် ဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

"ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွဲဝေချထားပေးသည့် အသုံးစရိတ်များသည် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ်များနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားနေပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ရည်မှန်းချက်နှင့်အညီ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို ဖော်ပြနေခြင်းပင်ဖြစ်"

❖ ရှေ့ဖုံးမှ

အသားတင်လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် မူလခွင့်ပြုငွေတွင် ပါဝင်သည့်ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ မူလခွင့်ပြုချက်ရရှိပြီးသည့် လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများအတွက် အသားတင် လိုအပ်သည့်ငွေရပ်ကိုသာ အဓိကထား တောင်းခံရမည် ဖြစ်ပါကြောင်း၊ ယင်းငွေများကို သုံးစွဲခြင်းမပြုဘဲ ပြန်လည်အပ်နှံပါကလည်း ဌာန၊ အဖွဲ့အစည်းများအတွက် ကြီးလေးသည့် ချို့ယွင်းချက်ဖြစ်သည့်အတွက် မဖြစ်မနေ သုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည် ဖြစ်ပါကြောင်း။

အခြေအနေပေါ်မူတည်ပြီး တင်ပြ

ထို့ပြင် ဌာန၊ အဖွဲ့အစည်းများက ထပ်မံတောင်းခံထားသည့် ငွေရပ်များသည် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေရရှိသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် အခြေအနေပေါ်မူတည်ပြီး တင်ပြတောင်းခံကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း ထုတ်လုပ်မှု၊ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုများ တိုးတက်လာမှသာ နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ) တိုးတက်မှုနှုန်းကို ၇ ဒသမ ၆ ရာခိုင်နှုန်း ရရှိစေရန် မျှော်မှန်းထားပါကြောင်း၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုများသည် ပြည်တွင်းစီးပွားရေးအပေါ် ရိုက်ခတ်မှုရှိပါကြောင်း။

အဓိကမောင်းနှင်အား

နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်ရေးအတွက် နိုင်ငံတော်၏ အသုံးစရိတ်များသည် အဓိကမောင်းနှင်အား ဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းများအနေဖြင့် ဟန်ပြဖြစ်စေမည့် လုပ်ငန်းများအတွက် သုံးစွဲခြင်းမျိုး မဖြစ်စေဘဲ ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိစေမည့် လုပ်ငန်းများအတွက်သာ သုံးစွဲခြင်းမျိုး ဖြစ်စေလိုပါကြောင်း။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးမြင့်ဆွေ

ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေက ထပ်ဆင့်စိစစ်ထားပြီး ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်းများကိုလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စိစစ်ထားပြီး ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုမှာ အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုကြောင့် လိုငွေ၊ မြေယာလျော်ကြေး၊ ဝန်ထမ်းများအတွက် ထပ်မံလိုအပ်သည့် လစာငွေ၊ ခရီးစရိတ်၊ နိုင်ငံတော်သို့ ပေးဆောင်ရန် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေအတွက် အသုံးစရိတ်များ တောင်းခံကြသည်ကို တွေ့ရပါကြောင်း။

ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

နိုင်ငံခြားငွေပိုမိုရရှိလာရေး ကြိုးပမ်း

နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားချက်အပေါ် တောင်းခံရခြင်းမှာ ပြည်ပမှ ပစ္စည်းများဝယ်ယူခြင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေရသည့် အရင်းအတိုးပေးဆပ်ခြင်း အသုံးစရိတ်တို့အတွက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲမှုများကို ထိန်းထိန်းသိမ်းသိမ်းနှင့် ဆောင်ရွက်ကြရန်၊ နိုင်ငံခြားငွေနှင့် ရရှိသည့်ဝင်ငွေများ လျော့နည်းလာခြင်းကြောင့် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေနှင့် သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာ သုံးစွဲကြရန်၊ နိုင်ငံခြားငွေပိုမိုရရှိလာရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြု

ရငွေပေါ်မူတည်ပြီး အသုံးစရိတ်များကို ခွဲဝေချထားပေးရသည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် လိုငွေပမာဏ မများစေရန် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွဲဝေချထားပေးသည့် အသုံးစရိတ်များသည် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ်များနှင့်နှိုင်းယှဉ်ပါက များစွာကွာခြားနေပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ရည်မှန်းချက်နှင့်အညီ အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်း မရှိသည်ကို ဖော်ပြနေခြင်းပင် ဖြစ်ပါကြောင်း။

အလေအလွင့်မရှိသုံးစွဲနိုင်ရေး အလေးထား

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအားလုံးအနေဖြင့် ရငွေကို တတ်နိုင်သမျှ လျာထားချက်ပြည့်မီကျော်လွန်အောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း လိုအပ်သည့်နေရာတွင်သာ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း စနစ်တကျ ထိထိရောက်ရောက် အလေအလွင့်မရှိ သုံးစွဲနိုင်ရေးကို အလေးထား ကြပ်မတ်ဆောင်ရွက်ရန် အထူးမှာကြားလိုပါကြောင်း။

အတည်ပြုပေးနိုင်ရန်

နိုဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

ရှင်းလင်းတင်ပြမည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုနှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးပြီး အတည်ပြုပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများမှာ သာမန်အသုံးစရိတ် ငွေကျပ် ၉၇၁ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၄၆၇ ဘီလီယံ၊ ကြွေးမြီအသုံးစရိတ် ငွေကျပ် ၂၁၁ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီးငွေကျပ် ၇၀၉ ဘီလီယံ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဌာန၊ အဖွဲ့အစည်းများ၏ ထပ်မံတိုးမြှင့်သုံးစွဲငွေကျပ် ၂၇၇ ဘီလီယံ စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု ငွေကျပ် ၂၆၃၅ ဘီလီယံ ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုအခြေအနေသည် မူလခန့်မှန်းခြေ၏ ၁၀ ဒသမ ၆၆ ရာခိုင်နှုန်းခန့် ရှိခဲ့ပါကြောင်း၊ တောင်းခံမှုတွင် ခွင့်ပြုခဲ့ရသည့် အကြောင်းအရာအများဆုံးမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းတွင် မူလလျာထားပေးခဲ့သည့်ပမာဏထက် တိုးမြင့်ခဲ့ခြင်းကြောင့် တိုးမြင့်လာသည့် ငွေလဲလှယ်နှုန်းကွာခြားချက် လိုငွေများကို ခွင့်ပြုခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်၊ မေ (၁) ရက်မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်အကျိုးခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီမှစတင်၍ ခံစားခွင့်ပြုခဲ့သဖြင့် တိုးမြင့်ပင်စင် နှုန်းထားများအတွက် (၉)လစာ လိုငွေကို ခွင့်ပြုခဲ့ခြင်း။

ဦးစားပေးခွင့်ပြုပေးခြင်းများ ဆောင်ရွက်ခဲ့

နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အထူးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များအပေါ်တွင် ထပ်မံလိုငွေများ ခွင့်ပြုပေးခြင်း၊ မဖြစ်မနေပေးချေရမည့် လစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို ခွင့်ပြုပေးခဲ့ခြင်းတို့အပြင် နိုင်ငံတော်၏မူဝါဒအရ စီမံကိန်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းနယ်မြေအတွင်းပါဝင်နေသည့် မြေယာနှင့် သီးနှံလျော်ကြေးများကို ခွင့်ပြုပေးခဲ့ခြင်းနှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ပေးချေရမည့် လုပ်ငန်းများအတွက် လိုငွေတို့ကို ဦးစားပေး ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ပိုလျှံငွေများစွာ ပြန်လည်အပ်နှံမှုမရှိစေရေး၊ ဘတ်ဂျက်ခန့်မှန်းမှုအားကောင်းလာစေရေးတို့အတွက် မူလခန့်မှန်းခြေစာရင်းအပေါ်တွင် အမှန်သုံးစွဲနိုင်မည့် ပမာဏသာ ခွင့်ပြုပေးခဲ့သည့်အတွက် ဌာန၊ အဖွဲ့အစည်းများက တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၃၂၆၃ ဘီလီယံအပေါ်တွင် ခွင့်ပြုခဲ့သည့်ငွေမှာ ငွေကျပ် ၂၆၃၅ ဘီလီယံ ဖြစ်ပါကြောင်း။

လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်

ထို့ကြောင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ အသုံးစရိတ် ငွေကျပ် ၂၇၇၂၄ ဘီလီယံ ဖြစ်ပြီး ယခုခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၆၃၅ ဘီလီယံတွင် တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေအတွက် ထပ်မံထောက်ပံ့ငွေကျပ် ၃၉ ဘီလီယံပါဝင်ကာ ပြုပြင်ပြီး ခန့်မှန်းခြေ အသုံးစရိတ်မှာ ငွေကျပ် ၂၇၁၈၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ရငွေပိုင်းတွင် မူလခန့်မှန်းခြေ စာရင်းအရ ရငွေကျပ် ၁၉၉၄၆ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေမှာ ငွေကျပ် ၂၁၈၆၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေရေးဆွဲချိန်တွင် ဂျီဒီပီတန်ဖိုးမှာ ငွေကျပ် ၁၀၅၇၂၆ ဘီလီယံနှင့် အသားတင်လိုငွေမှာ ငွေကျပ် ၅၃၂၀ ဘီလီယံဖြစ်သဖြင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၀၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိမိအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် "ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု" များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီးနောက် ပြည်ထောင်စုက ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေများကို တင်ပြမည်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသော ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ၎င်းတို့၏ရငွေရရှိမှု၊ အခွန်ဝေစုရရှိမှု၊ မူလခန့်မှန်းခြေလျာထားချက် စသည်များအပေါ်အခြေခံ၍ သာမန်အသုံးစရိတ်တွင် ခရီးသွားလာစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်၊ စက်သုံးဆီဈေးနှုန်း တိုးမြင့်လာခြင်းကြောင့် ထပ်မံတောင်းခံခြင်းများ၊ မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ညှိခံကျွေးမွေးစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ထားသော ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် လိုက်နာရမည့်အချက်များနှင့်အညီ စိစစ်လျှော့ချခြင်း၊ ငွေလုံး ငွေရင်း အသုံးစရိတ်တွင် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ၊ မော်တော်ယာဉ် ဝယ်ယူခြင်း၊ ဝန်ထမ်းအိမ်ရာအသစ်၊ ရုံးအဆောက်အအုံအသစ်ဆောက်လုပ်ခြင်း စသည်များအား စိစစ်လျှော့ချခြင်း။

စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့

ရန်ပုံငွေလွှဲပြောင်းသုံးစွဲ၍ရနိုင်သည့် ကိစ္စရပ်များအတွက် တောင်းခံလာခြင်းများနှင့် မူလခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲသည့်အချိန်မှသာ ထည့်သွင်းတောင်းခံသင့်သည့် ကိစ္စရပ်များကို စိစစ်လျှော့ချခြင်း၊ မူလခန့်မှန်းခြေပါ အသုံးစရိတ်ကို လုံးဝသုံးစွဲခြင်းမပြုရသေးဘဲ ထပ်မံတောင်းခံလာခြင်းများကို ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ အသင့်အတင့် လျှော့ချခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှုနည်းပါးသည့် အသုံးစရိတ်များအား စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စိစစ်မှုများအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ငွေကျပ် ၂၂၄ ဒသမ ၆၉၇ ဘီလီယံ၊ စိစစ်လျှော့ချမှု ငွေကျပ် ၁၀၃ ဒသမ ၅၉၇ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေ ခွင့်ပြုမှု ငွေကျပ် ၁၂၁ ဒသမ ၁၀၀ ဘီလီယံဖြစ်ပြီး အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုပါက ဖြစ်ပေါ်လာမည့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေမှာ ငွေကျပ် ၁၇၉၃ ဒသမ ၆၄၅ ဘီလီယံ၊ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ငွေကျပ် ၁၈၃၂ ဒသမ ၆၄၀ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စုက ထောက်ပံ့ရသည့်ငွေမှာ ငွေကျပ် ၃၈ ဒသမ ၉၉၅ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၂၁ ဒသမ ၁၀၀ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ငွေကျပ် ၃၈ ဒသမ ၉၉၅ ဘီလီယံ တို့ကို ဘဏ္ဍာရေးကော်မရှင်ကသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အဆိုပါဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များကို ပြောလိုသည်မှာ မိမိတို့ ထပ်မံခွဲဝေရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာသုံးစွဲရန်၊ ဘဏ္ဍာငွေသုံးစွဲသည့် ကိစ္စရပ်တိုင်းတွင် ဌာနတွင်းစာရင်းစစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုများကို စနစ်တကျ ခံယူနိုင်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံနှင့် ပြည်သူအတွက် အကျိုးမရှိ

တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အတွင်း မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ တင်ဒါခေါ်ယူနိုင်ခြင်းမရှိ၍ဖြစ်စေ၊ တင်ဒါခေါ်ယူသည့်အချိန်ကြန့်ကြာနေခြင်းကြောင့်ဖြစ်စေ လုပ်ငန်းအတွက် သုံးစွဲနိုင်ခြင်းမရှိသည့်အခါ ပိုလျှံငွေ ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် အသုံးစရိတ်များအတွက် ခွင့်ပြုချက်ရရှိပြီး သုံးစွဲနိုင်မည့်ကာလသည် (၃) လ၊ (၄) လ ခန့်သာ ရှိသည့်အတွက် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းပြီးပြတ်အောင် မလုပ်ဆောင်နိုင်သော်လည်း လုပ်နိုင်မည်ဟုယူဆပြီး လုပ်ငန်းများအတွက် ထပ်မံတောင်းခံပါကလည်း ပိုလျှံငွေ ဖြစ်ပေါ်ဦးမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရရှိထားသည့် ခွင့်ပြုငွေကို မသုံးစွဲနိုင်ပါက နိုင်ငံနှင့် ပြည်သူအတွက် အကျိုးမရှိသကဲ့သို့ ဌာနအဖွဲ့အစည်းများကိုလည်း စွမ်းဆောင်နိုင်စွမ်းမရှိဟု ထင်မြင်ခြင်းခံရမည် ဖြစ်ပါကြောင်း။

ပြင်းပြင်းထန်ထန် အရေးယူမည်

ပြီးခဲ့သည့်နှစ်က နှစ်သစ်ကူးအမှာစကားပြောကြားရာတွင်လည်း တင်သွင်းတောင်းဆိုထားသည့် ဘတ်ဂျက်များကို အချိန်မီ အမှန်တကယ် သုံးစွဲခြင်းမပြုဘဲထားသည့် လုပ်နည်းလုပ်ဟန်ကို ပြောင်းလဲကြရန်၊ စီမံကိန်းကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြနိုင်ရန်၊ ဒေသ၏ ကာလပေါက်ဈေးနှင့်အညီ တွက်ချက်နိုင်ရန်၊ ဘတ်ဂျက်ပမာဏကြီးကြီး စိုက်ထုတ်သုံးစွဲရမည့် စီမံကိန်းကြီးများကို ထိထိရောက်ရောက် စိစစ်နိုင်သည့် အရည်အချင်းများကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးနယ်ပယ်တွင် အမြန်ဆုံး မြှင့်တင်ပေးနိုင်ရန်နှင့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သည့် တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းအတွင်း လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန် အရေးယူမည်ဟု ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းကို ဂရုတစိုက်လိုက်နာကြရန် ထပ်မံပြောကြားလိုပါကြောင်း။

စိစိစစ်စစ်သုံးစွဲနိုင်ရေးကို အားထုတ်ကြိုးပမ်း

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လိုငွေပမာဏ များပြားလာခြင်းကို ထိန်းထားနိုင်ရေး၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတို့၏ လိုငွေနှင့် ဂျီဒီပီ အချိုးကို နှိုင်းယှဉ်ပါက များစွာကွာဟမှုမရှိစေရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မူလခန့်မှန်းခြေငွေစာရင်းတွင် တစ်နှစ်စာ ခွဲဝေချထားပေးပြီးဖြစ်သည့်အတွက် မိမိတို့ရရှိသည့် အသုံးစရိတ်ခွင့်ပြုငွေအတွင်း ဝင်ဆံ့အောင် အစကတည်းက သေချာရန်နှင့် စိစိစစ်စစ်သုံးစွဲနိုင်ရေးကို အားထုတ်ကြိုးပမ်းကြရန် အထူးလိုအပ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် မလိုအပ်လေ ကောင်းလေ ဖြစ်ပါကြောင်း။

စနစ်တကျစီမံခန့်ခွဲ သုံးစွဲကြရန်လို

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်အောင် စနစ်တကျစီမံခန့်ခွဲသုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

အူရီဒူးမြန်မာမှ ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံ ကူညီဖြည့်ဆည်းပေးခဲ့

နေပြည်တော် မေ ၉

အူရီဒူးမြန်မာက ၁ မိနစ် ဖုန်းပြောတိုင်း ၁ ကျပ် လှူဒါန်းပေးမှု အစီအစဉ် ပြီးမြောက်ခြင်း အထိမ်းအမှတ်နှင့် ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည့် "ပညာကြွယ်ဝလူမှုဘဝ" အခမ်းအနားကို ယနေ့ညနေ ၆ နာရီက နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အူရီဒူးမြန်မာက ၁ မိနစ် ဖုန်းပြောတိုင်း ၁ ကျပ် လှူဒါန်းပေးမှုအစီအစဉ် ပြီးမြောက်ခြင်းအထိမ်းအမှတ်နှင့် ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည့် "ပညာကြွယ်ဝလူမှုဘဝ"အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အူရီဒူးမြန်မာမှ CEO နှင့် အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကူညီသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကူညီထောက်ပံ့ ဖြည့်ဆည်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းပြီး ရှေ့ဆက်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့အစိုးရအနေဖြင့် အပြောင်းအလဲများကို အကောင်အထည်ဖော် ဆောင်ရွက်နေချိန်ဖြစ်၍ ကဏ္ဍပေါင်းစုံတွင် လိုအပ်ချက်များစွာ ရှိပါကြောင်း၊ အူရီဒူးမြန်မာအနေဖြင့် အနာဂတ်နိုင်ငံအတွက် အရည်အချင်းပြည့်ဝပြီး စွမ်းရည်ထက်မြက်သည့် လူသားအရင်းအမြစ်များ ထွက်ပေါ်လာရန် ကူညီဆောင်ရွက်ပေးနေမှုများသည် မိမိတို့ နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

သုံးစွဲသူများမှ ၁ မိနစ် ဖုန်းပြောတိုင်းတွင် အူရီဒူးမြန်မာက ၁ ကျပ် လှူပေးသည့် "မိနစ်များများပြောလေ၊ အူရီဒူးမှ များများလှူပေးလေ" အစီအစဉ်အား ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရှိ ချို့တဲ့သော ကလေးများ၏ ပညာရေးအတွက် ထောက်ပံ့ပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ရရှိလာသည့် အလှူငွေများအား ပညာရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့သည့် အစီအစဉ်များတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

"ဒီလိုကြီးမားတဲ့ စိတ်ကူးကို ကျွန်တော်တို့ ဘယ်လိုရရှိလာလဲဆိုတော့ မြန်မာနိုင်ငံရဲ့ လှူဒါန်းပေးကမ်းတတ်တဲ့ ယဉ်ကျေးမှုကနေ မွေးဖွားလာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာတစ်ဝန်းလုံးမှာတောင် လှူဒါန်းပေးကမ်းမှုအတွက် ရက်ရောမှုအရှိဆုံးအဖြစ် အသိအမှတ်ပြုခံထားရတာပါ။ အူရီဒူးမြန်မာဟာ အခုအစီအစဉ်နဲ့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတွေ၊ မိဘမဲ့ဂေဟာတွေ၊ လူငယ်လေ့ကျင့်ရေး ကျောင်းတွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်တွေမှာ စုစုပေါင်းလှူဒါန်းမှု ၄၉ ခု ပြုလုပ်ခဲ့ပါတယ်" ဟု အူရီဒူးမြန်မာ၏ Acting CEO ဖြစ်သူ Mr. Alok Verma က ပြောသည်။

ထို့ပြင် ၎င်းက အူရီဒူးမြန်မာမှ ဤစီမံကိန်းအတွက် ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကို မိမိ၏ဝင်ငွေထဲမှ လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ မိဘမဲ့ဂေဟာများနှင့် လူငယ်လေ့ကျင့်ရေးကျောင်းများအား ထောက်ပံ့ခြင်းဖြင့် စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ကျောင်းအဆောက်အအုံသစ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ရန်လိုအပ်သော အဆောက်အအုံများအား ပြန်လည်မွမ်းမံခြင်းပြုလုပ်၍ ပညာသင်ကြားရန် အခက်အခဲရှိသော ကလေးများအား အခမဲ့ပညာရေးကို ဆက်လက်သင်ယူနိုင်ရန် အတွက် လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းပံ့ပိုးမှု ၄၉ ခုတွင် နည်းပညာနှင့် ဒစ်ဂျစ်တယ် စင်တာများအတွက် သင်ကြားရေးအထောက်အကူပြု ပစ္စည်းများနှင့် ကိရိယာများ ထောက်ပံ့ကူညီမှုများလည်း ပါဝင်ခဲ့ကြောင်း ပြောသည်။

အဆိုပါအခမ်းအနားတွင် အူရီဒူး၏ အောင်မြင်ပြီးစီးသော ပညာရေးဆိုင်ရာနှင့် လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးပြုလုပ်ငန်းများကို ပြသခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖတ်ခြင်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် ရွှေ့လျားစာကြည့်တိုက်ကဲ့သို့သော ကူညီပံ့ပိုးမှုအစီအစဉ်များကိုလည်း ပြသခဲ့သည်။

သတင်းစဉ်

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဧပြီ ၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ (၃) ၌ ကျင်းပသည်။

ပြောဆိုအကြံပြုချက်များကို ရယူသွားမည်

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယနေ့ တွေ့ဆုံမှုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများမှ ဆွေးနွေးလာမည့် အချက်အလက်များကို နားထောင်၍ မှတ်တမ်းယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီဖွဲ့စည်းရသည့် အဓိကတာဝန်သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပျက်နေသည့် လက်ရှိပဋိပက္ခများနှင့်ပတ်သက်၍ တွေ့ဆုံသင့် တွေ့ဆုံထိုက်သည့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ပြောဆိုအကြံပြုချက်များကို ရယူသွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့်အချက်အလက်များကို အခြေခံ၍ ညှိနှိုင်းသုံးသပ်ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခကို ပြေလည်အောင် ငြိမ်းချမ်းအောင်နှင့် ရေရှည်တွင် လုပ်သင့်လုပ်ထိုက်သည်များကို စာတမ်းတစ်စောင်ပြုစု၍ အစိုးရအဖွဲ့သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ မြို့ပေါ်သို့ရောက်ရှိလာသည့် တိုက်ပွဲရှောင်ပြည်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီရမည်ဖြစ်ကြောင်း၊ ထိုသို့ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ပြင်ဆင်ကြိုးပမ်းလျက်ရှိကြောင်း၊ ယခု ရခိုင်ခရီးစဉ်တွင် မြောက်ဦးနှင့် ကျောက်တော်မြို့များရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အဓိကအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသည့်ပဋိပက္ခများကို လျော့ကျစေရန်၊ တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် မိုးမကျမီ မိမိနေရပ်သို့ ပြန်လည်၍ လယ်ယာကိုင်းကျွန်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို ရခိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များမှ တင်ပြလာသည့်အချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်တွေမြို့တွင်လည်း ပါတီအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ တင်ပြလာသည့်အချက်အလက်များကို ရယူသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံသင့်သည့် ပညာရှင်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် ရခိုင်အသင်းအဖွဲ့အစည်းများက အကြံပြုတင်ပြချက်များကို ဆွေးနွေးတင်ပြပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဦးညီလှငယ် တို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို ရေရှည်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် က နိဂုံးချုပ်အမှာစကား ပြောကြားပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပညာရှင်များ တက်ရောက်

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ရခိုင်အသင်းအဖွဲ့အစည်းများဖြစ်ကြသည့် Rakhine Thahaya Association ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ရန်ကုန်)၊ ရခိုင်အသင်းချုပ် (ရန်ကုန်)၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်အမျိုးသမီးအသင်း (ရန်ကုန်)၊ ရခိုင်အမျိုးသားပါတီ (ရန်ကုန်)၊ Scholar Institute ၊ ရခိုင်အမျိုးသား ကွန်ရက်၊ ပျိုးပင်အင်စတီကျူတို့နှင့် ဖိတ်ကြားထားသည့် ပညာရှင်များ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအဖွဲ့ဝင်များ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ အဖွဲ့ဝင်များ၏ ပထမအကြိမ်အစည်းအဝေး (၁/၂၀၁၉)ကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အိုလံပစ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ အဖွဲ့ဝင်များ၏ ပထမအကြိမ်အစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေး၌ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ် ငယ်စဉ်ကာလကတည်းက အားကစားကို လေ့ကျင့်လိုက်စား ဆောင်ရွက်ကြစေရေးအတွက် အားကစားကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းပြီး မဖြစ်မနေ လေ့ကျင့်သင်ကြားစေရေး၊ ကျောင်းများတွင် ကာယလေ့ကျင့်မှု နည်းပြများကို ခန့်အပ်တာဝန်ပေး၍ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားလေ့ကျင့်ပေးနိုင်ရေး ကိစ္စရပ်များသည် အရေးကြီးလိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အမျိုးသားအဆင့် ကာယပညာဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲကြီးကိုလည်း မကြာမီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ ပုံမှန်ကျင်းပသွားခြင်းဖြင့် ကျောင်းသား/ ကျောင်းသူများ ကျန်းမာသန်စွမ်းခြင်းနှင့် မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ အားကစားသမားကောင်းများ ပေါ်ထွန်းခဲ့သည့် အစဉ်အလာကောင်းများ ရှိသဖြင့် ထိုသို့ အားကစားသမားကောင်းများ ပိုမိုပေါ်ထွန်းလာရေး ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊

ဝန်ကြီးဌာနအသီးသီး၊ ရုံးဌာနအသီးသီး၊ စက်ရုံ၊ အလုပ်ရုံများ၊ ကျောင်းများ၊ တက္ကသိုလ်များတွင် သင့်တော်ရာ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း စနစ်တကျလုပ်ငန်းစဉ်များ သတ်မှတ် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အားကစားအဖွဲ့ချုပ်များ၏ ဆောင်ရွက်မှုများကို စနစ်တကျလေ့လာဆန်းစစ်ပြီး စွမ်းဆောင်ရည်များ ပိုမိုကောင်းမွန်လာစေရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားလောကတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍပေါင်းစုံမှ စနစ်တကျဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီ အတွင်းရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ညွှန်ကြားရေးမှူးဦးခွန်ဂျာအောင်တို့က အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လွင်တို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆွေးနွေးအကြံပြုချက်များကို ဆွေးနွေးပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် သိင်္ဂဟဟိုတယ်၊ နေပြည်တော်၌ ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၊ US CDC ၊ USAID ၊ U.S President’s Malaria Initiative၊ World Bank Group၊ ADB၊ URC တို့၏ ပံ့ပိုးမှုဖြင့် ပြုလုပ်ခဲ့သည့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်မှုကျွမ်းကျင်မှုဆိုင်ရာ ကိုးလသင်တန်း (၇/၂၀၁၈-၄/၂၀၁၉)၏ သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ၏ ကိုယ်စား သင်တန်းသား သင်တန်းသူနှစ်ဦးက ရခိုင် ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျေးလက်တောရွာများတွင် ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သံပြားကောင်ရောဂါ (Schistosomiasis) ဖြစ်ပွားမှုအခြေအနေဆိုင်ရာ ကွင်းဆင်းသုတေသနပြုလုပ်ခဲ့မှုနှင့် တွေ့ရှိရသောရလဒ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများ သင်တန်းကာလတစ်လျှောက်လုံး ဆောင်ရွက်ထားမှု မှတ်တမ်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

စီမံကိန်းသုံးနှစ်ပြည့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

ကျောက်ဖြူ မတ် ၉

ကျောက်ဖြူမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ၂၈ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြင်ရှည်ကျေးရွာတွင် စီမံကိန်းသုံးနှစ်ပြည့် သုံးသပ်ဆွေးနွေးပွဲနှင့် ကျေးရွာကော်မတီဝင်အသစ်ရွေးချယ်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ စီမံကိန်းများဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလာခြင်း၊ ကျေးရွာ ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း သိရသည်။

မြန်မာ့အလင်း

မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

အရေးကြီးတာ အရင်လုပ်

သိုက်စိုးထွန်း (နတ်ရှာ)

ဘဝမှာ လုပ်စရာတွေများပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ သားရေး၊ သမီးရေး၊ သာရေး၊ နာရေး ဗာဟီရကိစ္စတွေအကုန်ပေါင်းလိုက်ရင် တော်တော်ကိုများပါတယ်။ တစ်ခါတစ်ခါ ကျတော့ လုပ်စရာတွေများလွန်းလို့ ဘယ်အစကို အရင်ဆွဲထုတ်လို့ ထုတ်ရမှန်းမသိလောက်အောင် ဖြစ်သွားတတ်ပါတယ်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကုန်တယ်။ လုပ်စရာတွေကများ၊ လူကလည်း နှစ်ကိုယ်ခွဲလို့မရ၊ ဟိုဟာကလည်း လုပ်ဖို့လိုနေပြီ။ ဒီဟာကလည်း မပြီးသေးဘူး။ ဟိုတစ်ခုမှ မရှင်းရသေးခင် ဒီတစ်ခုက ထပ်ပေါ်လာပြန်ပြီ။ ကြာလာတော့ စိတ်တွေကရှုပ်၊ ခေါင်းတွေကပူ၊ လူတစ်ကိုယ်လုံးလည်း ဆောက်တည်ရာမရဖြစ်ပြီး ဘာလုပ်လို့လုပ်ရမှန်းကို မသိတော့ဘူးဖြစ်ကုန်ပါတယ်။

အလုပ်တွေ၊ ဝန်တွေပိလွန်းလာပြီး မရှုနိုင်မကယ်နိုင်ဖြစ်နေတဲ့အခါမျိုးဆိုရင် ဘာကိုမှလည်း သိပ်အာရုံမစိုက်နိုင်တော့ဘူး။ စဉ်းစားရမယ့်ဟာတွေက အများကြီး၊ သုံးသပ်ရမယ့်ဟာတွေက တစ်ပုံကြီး၊ ဒီတစ်ခုကလည်း မလုပ်လို့မဖြစ်ဘူး၊ ဟိုတစ်ခုကလည်း အရေးကြီးပြန်ရောဆိုတဲ့ အခြေအနေမျိုးမှာ လူကတော်တော်စဉ်းစားရကျပ်သွားပါတယ်။ ကြာလာတော့ ကိုယ်လည်းပင်ပန်း၊ စိတ်လည်းနွမ်းနယ်ဖြစ်ပြီး စိတ်ပျက်လက်ပျက်နဲ့ လုပ်ကိုင်သမျှ အရာအားလုံးကို တိခနဲရပ်၊ ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီးတော့ ဘာမှဆက်မလုပ်တော့ဘဲ နေတာကမှ ခပ်ကောင်းကောင်းဆိုတဲ့ အတွေးမျိုးတွေတောင် ဝင်ချင်သလိုလို။ ကိုယ့်ကျမှ အလုပ်တွေဒီလောက်များနေရသလားဆိုတဲ့အတွေးကလည်း မကျေမနပ်နဲ့ ဝင်လိုက်သေး။

တာဝန်ယူမှုအလိုက် ကိုယ်စီအလုပ်များ

တကယ်တော့ အလုပ်က ကိုယ်မှများတာမဟုတ်ပါဘူး။ ကျန်တဲ့သူတွေလည်း ကိုယ်စီကိုယ်စီအလုပ်များနေကြတာပါပဲ။ အလုပ်မများတဲ့သူရယ်လို့မရှိပါဘူး။ လုပ်နိုင်တာနဲ့မလုပ်နိုင်တာ၊ လုပ်ချင်တာနဲ့ မလုပ်ချင်တာ၊ တာဝန်ယူတတ်တာနဲ့ ရှောင်လွှဲတတ်တာဆိုပြီး ဒီလိုပဲ ကွာသွားတာဖြစ်ပါတယ်။ တကယ် လုပ်မယ်ဆိုရင် ဘယ်သူမဆို အလုပ်တွေအများကြီးပါ။ ဟိုး အောက်ဆုံးက သူဆင်းရဲလေးကနေ ဟိုးအထက်ဆုံးက သမ္မတကြီးအထိ အလုပ်တွေများနေကြတာပါ။ သမ္မတကြီးလည်း သမ္မတကြီးမို့ အလုပ်များတဲ့အလျောက် ဆင်းရဲသားလေးကလည်း သူ့ဘဝသူ့ကမ္ဘာနဲ့သူတော့ အလုပ်တွေရှုပ်ယှက်ခတ်နေတာပါပဲ။ ဘယ်သူမို့လို့ အလုပ်မရှိဘူးဆိုတာ မရှိပါဘူး။

အလုပ်များနေတဲ့အချိန်မှာ ကိုယ်ပဲအလုပ်များတယ်၊ သူတို့ကျတော့ အလုပ်မများဘူးဆိုတဲ့အတွေးမျိုးဝင်ရင် ပိုပြီး စိတ်ဆင်းရဲတော့တာပါပဲ။ ကိုယ့်ကျတော့ ရှုပ်ယှက်ခတ်နေတာ၊ သူ့ကျတော့ ဘာမှလုပ်စရာမလိုဘူး၊ ဇိမ်ကျနေတာပဲဆိုတာမျိုးပေါ့။ ဒီလိုတွေးမိလို့ကတော့ ကိုယ့်မှာရှိတဲ့အလုပ်တွေ မပြီးနိုင်လို့ စိတ်တိုရတာက တစ်မှောင့်၊ ဟိုလူကျတော့လည်း အားလှချည်လားဆိုပြီး မမျှတဘူးထင်လို့ စိတ်ဆိုးရတာက တစ်မှောင့်နဲ့။ ဒါမျိုးတွေက အဖွဲ့အစည်းတစ်ခုတည်းမှာ အတူတူ လုပ်ကိုင်ကြတဲ့သူတွေဆို ပိုပြီးဖြစ်လေ့ရှိပါတယ်။

အလုပ်တွေကများနေပြီ။ ဘယ်နေရာမှလည်းထိထိရောက်ရောက်မလုပ်နိုင်သေးဘူး။ ပြဿနာအဟောင်းတွေ မရှင်းနိုင်သေးခင်မှာ ပြဿနာအသစ်တွေ ထပ်ထပ်လာနေပြီဆိုပါတော့။ ဒီအခြေအနေမှာ အလုပ်တွေအကုန် သိမ်းကျုံးပြီး လုပ်ကိုင်လိုက်တယ်။ ပိုဆိုးသွားရော။ အစကတည်းက မနိုင်မနင်းဖြစ်နေပါတယ်ဆိုမှ အကုန်လုံး စုပြုံထိုးကိုင်တွယ်လိုက်တော့ ပိုပြီးတော့ မနိုင်မနင်းဖြစ်သွားရော။ အာရုံတွေက များနေပြီ၊ အကုန် ဝေဝါးကုန်ပြီ၊ ဘယ်ဟာကိုမှ စူးစူးရှုရှုမကြည့်နိုင်တော့ဘူး။ ဘယ်ကိစ္စအတွက်ကိုမှ လေးလေးနက်နက် မတွေးခေါ်နိုင်တော့ဘူး။

ဝီရိယသည် တန်ဆေးလွန်ဘေး

ခက်တာကလည်း အလုပ်တွေအပေါ်မှာ ခံယူပုံမပြောင်းလဲနိုင်သေးတာ။ ဒီနေ့အလုပ်တစ်ခုရှိလို့ မနက် ၆ နာရီအိပ်ရာထတယ်၊ ည ၁၀ နာရီမှာ အိပ်ရာဝင်တယ်ဆိုရင် မနက်ဖြန် အလုပ် နှစ်ခုသုံးခုရှိလာတော့ မနက် ၅ နာရီ အိပ်ရာထပြီး ည ၁၁ နာရီမှ အိပ်ရာဝင်တယ်။ ဒီလို ဒီလိုနဲ့ တိုးတိုးလာလိုက်တော့ လူကလည်း ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်လာတယ်။ ကိုယ့်ဘက်ကကျတော့လည်း ဒီလောက်မောင်းတင်ထားတာမှ အဆင်မပြေရင် ဒီ့ထက်ပိုပြီး အားခဲလိုက်စမ်းမယ်ဆိုတာမျိုးနဲ့သာ အားခဲဖြစ်နေတယ်။ အများကြီးလုပ်မှ၊ အကြာကြီးလုပ်မှ၊ ကြိုးကြိုးစားစားလုပ်မှ အလုပ်တွေပြီးနိုင်မယ်လို့ ယူဆထားမိတယ်။ ဒီအယူက အခါခပ်သိမ်းတော့ မမှန်ဘူး။ အရာရာမှာ တန်ဆေး၊ လွန်ဘေးဆိုတာရှိတယ်။ ဝီရိယထားမှကောင်းတယ်၊ ဇွဲကောင်းမှဖြစ်မယ်ဆိုပေမယ့် လွန်ကဲသွားပြန်တော့လည်း သိပ်အဆင်မပြေတော့ဘူး။

လုပ်လို့သာ လုပ်နေရတယ်၊ သိပ်အာရုံမစိုက်နိုင်တော့ဘူး။ ဘာတစ်ခုမှ အလေးအပင်ကြီးတွေ မထမ်းရပေမယ့် ကိုယ့်မှာ လေးနေသလိုလိုခံစားရတယ်။ တစ်ခုခုက ကိုယ့်အပေါ် ဖိထားသလို ဖြစ်နေတယ်။ မလွတ်လပ်တော့သလို ဖြစ်လာတယ်။ စိတ်လွတ်ကိုယ်လွတ်ဆိုတာမျိုး မဟုတ်တော့ဘူး။ ပေါ့ပါး သွက်လက်မှုတွေ ပျောက်ဆုံးကုန်ပြီ။ စိတ်ရောကိုယ်ပါ လေးလံ ထိုင်းမှိုင်းလာတယ်။ အလုပ်တွေကသာ များလာတာ၊ လူကသာ ကြိုးကြိုးစားစားလုပ်ကိုင်နေတာ၊ အရာထင်မှုက နည်းလာတယ်။ ပြီးမြောက်မှုက သိပ်မရှိတော့ဘူး။ သိပ်မစဉ်းစားနိုင်တော့ဘူး။ နှစ်သုံးလီ ဘယ်လောက်လဲဆိုတာကိုတောင်မှ ဂဏန်းပေါင်းစက်နဲ့ တွက်ကြည့်ချင်တော့တာ။ အလွတ်မသိတော့ဘူး။

ခက်တာက စိတ်ပဲ။ အကုန်ယောက်ယက်ခတ်နေတယ်။ တည်ငြိမ်အောင်စုစည်းထားလို့မရဘူး။ ဒီဟာကို အာရုံစိုက်ပါဆိုတော့ ဟိုဘက်ကိုစိတ်ကရောက်သွားတယ်။ ဒီပြဿနာကို စဉ်းစားနေပါတယ်ဆိုမှ ဟိုပြဿနာ အကြောင်းတွေပဲ ခေါင်းထဲရောက်နေတယ်။ ဒီလိုဆို မဖြစ်တော့ဘူး။ ဘယ်လိုလုပ်ရပါ့။ သပွတ်အူလိုရှုပ်ယှက်ခတ်နေတဲ့ ပြဿနာတောကြီးထဲကနေ ဘယ်လိုများရုန်းထွက်ရပါ့။ ဒီလောက်များနေတဲ့အလုပ်တွေကို ရှင်းဖို့လင်းဖို့ ဘယ်စွမ်းအားတွေကိုများသုံးရပါ့ဆိုတဲ့ အတွေးမျိုးတွေလည်း ဝင်လာပြန်တယ်။

တစ်စုံတစ်ခုအတွက် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရမယ့်ဟာမျိုးတွေကျတော့ အရေးတော့ကြီးတယ်၊ အမြန်လုပ်ရမယ့်ဟာတွေတော့ မဟုတ်ဘူးဆိုတဲ့ အပိုင်း(၂)မှာ ထည့်ရမှာပါတဲ့။ တစ်ယောက်ယောက်နဲ့တွေ့ရမှာ၊ တစ်ယောက်ယောက်က မကြာခဏနှောင့်ယှက်နေတာ၊ အီးမေးလ်တွေ၊ ဖုန်းခေါ်ဆိုမှုတွေ ဝင်ဝင်လာတာလိုဟာမျိုးတွေကျတော့ အရေးမကြီးပေမယ့် အမြန်ဆောင်ရွက်ရမယ့်ဟာမျိုးထဲမှာပါလို့ အပိုင်း (၃) မှာ ထည့်လိုက်ရမှာပါတဲ့။ ဘာမှ သိပ်စဉ်းစားနေစရာမလိုတဲ့ ပုံမှန်ရုပ်မြင်သံကြားကြည့်တဲ့ကိစ္စလိုဟာမျိုး၊ တချို့အီးမေးလ်တွေ၊ ဖုန်းခေါ်ဆိုမှုတွေလို ဟာမျိုး၊ ဆိုရှယ်မီဒီယာအကြာကြီးသုံးတာမျိုးတွေက အရေးလည်းမကြီးဘူး၊ အမြန်လုပ်စရာလည်း မလိုပါဘူးတဲ့။

လေးပုံပုံ၊ လေးပိုင်းပိုင်းပြီးပြီဆိုရင် နံပါတ်(၁)အုပ်စုဖြစ်တဲ့ အရေးလည်းကြီးတယ်၊ အမြန်ဆောင်ရွက်ဖို့လည်း လိုတယ်ဆိုတဲ့ ဟာမျိုးအတွက် သေချာစီစဉ်ပါတဲ့။ ဒီအုပ်စုထဲက ကိစ္စတွေကြောင့် စိတ်ဒုက္ခလည်း ရောက်ရတတ်ပါသတဲ့။ ဘဝမှာ ဒီဟာမျိုးတွေ ခဏခဏရှိမနေဖို့လိုပါသတဲ့။ ကိုယ်လုပ်စရာရှိတာတွေကို အစီအစဉ်တကျ လုပ်လေ့ရှိသူတစ်ယောက်အတွက် ဆိုရင်တော့ ဒီကိစ္စမျိုးတွေ နည်းနေမှာပါတဲ့။ သိပ်အလျင်စလို လုပ်စရာမလိုဘူး။ အရေးတော့ကြီးတယ်ဆိုတဲ့ဟာမျိုးကိုတော့ သေသေချာချာ အာရုံစိုက်ပြီးလုပ်ပါတဲ့။ ဝုန်းဒိုင်းကြဲလုပ်ရမယ့်

> **“တကယ်တော့ အလုပ်က ကိုယ်မှများတာမဟုတ်ပါဘူး။ ကျန်တဲ့သူတွေလည်း ကိုယ်စီကိုယ်စီအလုပ်များနေကြတာပါပဲ။ အလုပ်မများတဲ့သူရယ်လို့မရှိပါဘူး။ လုပ်နိုင်တာနဲ့မလုပ်နိုင်တာ၊ လုပ်ချင်တာနဲ့ မလုပ်ချင်တာ၊ တာဝန်ယူတတ်တာနဲ့ ရှောင်လွှဲတတ်တာဆိုပြီး ဒီလိုပဲကွာသွားတာဖြစ်ပါတယ်။ တကယ်လုပ်မယ်ဆိုရင် ဘယ်သူမဆို အလုပ်တွေအများကြီးပါ။ ဟိုးအောက်ဆုံးက သူဆင်းရဲလေးကနေ ဟိုးအထက်ဆုံးက သမ္မတကြီးအထိ အလုပ်တွေများနေကြတာပါ”**

ကိုင်တွယ်ဖြေရှင်းနိုင်တဲ့နည်းလမ်းများ

ရှုပ်ယှက်ခတ်နေတဲ့အလုပ်တွေကို ပြီးပြတ်အောင်လုပ်နိုင်ဖို့အတွက်၊ ရှုပ်ရှုပ်ထွေးထွေးအခြေအနေတွေကို ကိုင်တွယ်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုတော့ရှိထားဖို့ လိုမှာပါပဲ။ ဒီအခြေအနေမျိုးဆိုရင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို Franklin Covey က နည်းလမ်းတွေတင်ပြထားပါတယ်။ ဘယ်လိုလုပ်ရမှာလဲဆိုတော့ ကိုယ့်မှာရှိနေတဲ့ ဆောင်ရွက်ရန် ကိစ္စအားလုံးကို အပိုင်းလေးပိုင်း ခွဲလိုက်ပါတဲ့။

အပိုင်း(၁)က အရေးလည်းကြီးတယ်၊ အလျင်အမြန်လည်း လုပ်မှ ဖြစ်မယ်ဆိုတဲ့အပိုင်းတဲ့။ အပိုင်း(၂) ကတော့ အရေးတော့ကြီးတယ်၊ ဒါပေမယ့် အမြန်မလိုဘူးဆိုတဲ့အပိုင်း။ အပိုင်း(၃) က အရေးတော့မကြီးဘူး၊ အမြန်လုပ်ဖို့တော့လိုတယ်ဆိုတဲ့ အပိုင်း၊ အပိုင်း(၄) ကျတော့ အရေးလည်းမကြီးဘူး၊ အမြန်လုပ်စရာလည်း မလိုဘူးဆိုတဲ့ အပိုင်းပါတဲ့။ ရှုပ်ယှက်ခတ်ပြီး ဗွက်ပေါက် နေပါတယ်ဆိုတဲ့ အလုပ်တွေကို အဲ့ဒီလို လေးပိုင်းပိုင်းပြီး လေးပုံသာ ပုံလိုက်ပါတဲ့။

အရေးလည်းကြီးတယ်၊ အမြန်လုပ်ဖို့လည်းလိုတယ်ဆိုတဲ့ ကိစ္စတွေက အကျပ်အတည်းဆိုက်နေတဲ့ကိစ္စတွေ၊ နောက်ဆုံးရက်ရောက်နေလို့ အချိန်မီလုပ်ဖို့လိုနေတဲ့ကိစ္စတွေ၊ ကျန်းမာရေးဆိုင်ရာကိစ္စလိုဟာမျိုးတွေပါတဲ့။ ဒါ့အပြင် ကိုယ့်အတွက် အရေးကြီးပြီး အလျင်အမြန်လည်း လုပ်ဖို့လိုနေတာတွေကို အပိုင်း(၁)မှာ စုလိုက်ပေါ့။ ကြိုတင်ပြင်ဆင်ရမယ့် အစီအမံတွေ၊ အပြန်အလှန်ဆက်ဆံရေး တည်ဆောက်ရမယ့်ဟာမျိုးတွေ၊

အခြေအနေမရောက်ခင် တစ်ခုချင်းသေသေချာချာလုပ်မယ်ဆိုရင် ပိုကောင်းပါသတဲ့။ အရေးမကြီးပေမယ့် အမြန်တော့ လုပ်ဖို့လိုတယ်ဆိုတဲ့ကိစ္စမျိုးကိုတော့ သတိထားပြီးမှ လုပ်၊ ဒါမှမဟုတ် မလုပ်ချင်လည်းနေပါတဲ့။ ကိုယ့်ဘဝမှာ ဒီအခြေအနေမျိုးတွေ မကြာခဏ ကြုံနေရပြီဆိုရင်တော့ သေသေချာချာ သတိထားဖို့လိုပါပြီတဲ့။ ကိုယ်နဲ့သိပ်မဆိုင်တဲ့၊ ကိုယ်သိပ်အာရုံစိုက်စရာမလိုတဲ့ကိစ္စတွေအတွက် သိပ်ပြီး ကိုယ်ပန်းစိတ်ပန်း မခံသင့်ပါဘူးတဲ့။ နောက်ဆုံးတစ်ခုဖြစ်တဲ့ အရေးလည်းမကြီးဘူး၊ အမြန်လုပ်စရာလည်း မလိုဘူးဆိုတဲ့ ဟာမျိုးတွေကျတော့ လုပ်မနေပါနဲ့တဲ့။ ခေါက်ထားလိုက်ပါတဲ့။ တီဗွီကြည့်ရတာ သဘောကျရင်ကြည့် ဒါပေမယ့် ကိုယ်ကြိုက်တတ်တဲ့ အစီအစဉ်ကိုပဲရွေးကြည့်ပါတဲ့။ ဆိုရှယ်မီဒီယာသုံးမယ် ဆိုလည်း အချိန်အကန့်သတ်လေးနဲ့ သုံးပါတဲ့။

ဘဝရဲ့အချိန်တွေကို ဘယ်လိုကုန်ဆုံးနေပါသလဲ

ဒီအချက်လေးတွေက ရုတ်တရက်ကြည့်လိုက်တော့ ဘာမှသိပ်မခက်ပါဘူးဆိုတဲ့အတွေးမျိုးနဲ့ သုံးသပ်မိတယ်။ ဒါပေမယ့် တကယ်တမ်း လိုက်နာကျင့်သုံးဖြစ်ရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်လိုက်တော့ ပြုံးမိသလိုလိုဖြစ်လာတယ်။ ဆောင်ရွက်ဖို့ခက်သလားဆိုတော့ မခက်သလိုလိုနဲ့၊ တကယ်တမ်းကျတော့လည်း မလိုက်နာဖြစ်ခဲ့တာက များနေတာကိုတွေ့ရပါတယ်။ ကိုယ့်ဘဝရဲ့အချိန်တွေကို ဘယ်လိုကိစ္စမျိုးတွေနဲ့ ဖြတ်သန်းလွန်မြောက်နေသလဲဆိုတာ စဉ်းစားစရာဖြစ်လာတယ်။ ကိုယ့်အတွက်လည်း အရေးမကြီးဘူး၊ အလျင်စလို လုပ်ကိုင်စရာလည်း မလိုပါဘူးဆိုတဲ့ အရာတွေနဲ့ပဲ အချိန်ကုန်မိတာက များနေတယ်။ တကယ့်တကယ် အကျိုးရှိရာ ရှိကြောင်း အလုပ်တွေ သိပ်မလုပ်ဖြစ်တော့ဘူး။ နည်းလာတယ်။ အရည်မရအဖတ်မရဆိုတာတွေနဲ့ ကုန်လွန်ခဲ့တာက များနေတယ်။

လုပ်သမျှအရာတိုင်းဟာလည်း နံပါတ်(၁)အုပ်စုထဲကို စုပြုံထိုးရောက်ရောက်လာတယ်။ ဟိုဟာကလည်း အရေးကြီးတယ်၊ ဒီဟာကလည်း အရေးကြီးနေပြန်တယ်။ ဟိုဟာက အခုချက်ချင်းဆောင်ရွက်ဖို့ လိုသလို ဒီဟာကလည်း နောက်တောင်ကျနေပြီတဲ့။ သေသေချာချာစဉ်းစားကြည့်လိုက်တော့ လေးပိုင်းပိုင်း၊ လေးပုံပုံထားတဲ့ အရာတွေထဲမှာ နံပါတ်(၁)အပိုင်းကြီးကလည်း မနည်းလှပါလားဆိုတာကို တွေ့လိုက်ရတယ်။ ပြောခဲ့တဲ့အတိုင်းပါပဲ။ ဒီအကွက်ထဲကအရာတွေက လူကိုစိတ်ဒုက္ခပေးတတ်ပါတယ်။ စိတ်ဖိစီးမှုတွေ ဖြစ်တတ်ပါတယ်။ ဒါတွေကလည်း ကိုယ့်ရဲ့စီစဉ်တကျ မဆောင်ရွက်တတ်မှုတွေကြောင့်သာ အခုလိုဖြစ်လာရတာ။

တစ်နေ့တစ်နေ့ ကိုယ့်အချိန်တွေကို ဘာတွေနဲ့ကုန်ဆုံးနေစေသလဲဆိုတော့ သိပ်အရေးမကြီးတာတွေနဲ့ပဲ ကုန်ဆုံးနေဖြစ်တာကိုတွေ့ရတယ်။ ကိုယ့်မှာဘာတိုးတက်မှုမှုရှိမလာဘူး။ တိုးတက်မှုဆိုတာထက် တစ်ခါတစ်ခါ ရပ်တန့်နေသလိုလို၊ တစ်ခါတစ်ခါ နောက်တောင်ဆုတ်သွားသလိုလို။

လူကတော့ ရှေ့ကိုသွားချင်နေတာ။ ရှေ့ကိုရောက်ချင်နေတာ။ ဒီကိစ္စလည်းရှေ့ရောက်ချင်၊ ဟိုကိစ္စလည်း ရှေ့ရောက်ချင်၊ ဒီဟာလည်းအောင်မြင်ချင်၊ ဟိုဟာလည်းအောင်မြင်ချင်။ ဒါပေမယ့် တကယ်တမ်း ကိုယ်လုပ်နေ ကိုင်နေတာတွေက သဘာဝကျရဲ့လား၊ စနစ်ကျရဲ့လား၊ သူ့နေရာနဲ့သူ စီကာစဉ်ကာရှိရဲ့လားဆိုတာကို ပြန်ပြီးမသုံးသပ်ဖြစ်ဘူး။

အလုပ်ကြိုးစားတယ်ဆိုပေမယ့် စီစဉ်တကျမလုပ်ဖြစ်ဘူး။ ဘယ်အရာကိုမှ သတ်သတ်မှတ်မှတ် မလုပ်ဖြစ်ဘူး။ ဒီနေရာမှာဘာ၊ ဟိုနေရာမှာဘာ ဆိုတာမျိုးကို ပိုင်းခြားပြီး မလုပ်ဖြစ်ဘူး။ ဘာမှ စီစဉ်တကျ မဟုတ်တော့ဘူး။ စီစဉ်တကျ လုပ်ဖို့ကြိုးစားပေမယ့် မအောင်မြင်ပြန်ဘူး။ အပိုင်းလေးပိုင်းခွဲရမှာကိုသိပေမယ့် တစ်ပိုင်းနဲ့တစ်ပိုင်း မှားထည့်မိတာမျိုးကလည်း ရှိသေးတယ်။ တကယ့်တကယ်အရေးမကြီးတာကို အရေးကြီးနေပြီလို့ ထင်မိတတ်ပြန်တယ်။ အမြန်လုပ်ဖို့လိုပြီဆိုတဲ့ဟာကလည်း မလိုတဲ့ဘက် ရောက်လို့ရောက်၊ အမြန်လုပ်ဖို့ မလိုသေးတဲ့ အရာတွေကျပြန်တော့ လိုတဲ့ဘက်ကို ရောက်လို့ရောက် အကုန်လုံး ကမောက်ကမတွေ ဖြစ်ကုန်တတ်ပြန်ရော။ တစ်ခါတစ်ခါကျတော့ လုပ်သာလုပ်နေရတယ်၊ ဘာမှသိပ်အရာမထင်ဘူးဆိုတဲ့အခြေအနေမျိုးကို ရောက်ရောက်နေတယ်။

လျော်ကန်သင့်မြတ်သော စီမံခန့်ခွဲမှု

ဖြတ်သန်းရာ ဘဝတစ်လျှောက်ကို ပြန်ကြည့်လိုက်တော့ အလုပ်တွေရှုပ်လိုက်တာဆိုတာကို ပြန်တွေ့ရတယ်။ များလှချည်လားလို့လည်း တွေးမိတယ်။ ကိုယ်ကဒီလိုတွေးမိပေမယ့် တကယ်ဆို အလုပ်ရှုပ်ကြတာချင်းကတော့ အားလုံး အတူတူပါပဲတဲ့။ ကိုယ့်ကျမှရှုပ်နေတယ်လို့ထင်တာ။ အမှန်က သူသူကိုယ်ကိုယ် အကုန်လုံး အလုပ်များနေကြတာပါပဲတဲ့။ ဒါပေမယ့် ဘယ်အရာက ဘယ်လောက်အရေးကြီးသလဲ၊ ဘယ်အရာက ဘယ်အချိန်မှာ လုပ်ဖို့လိုသလဲ။ ဒါကိုသိတဲ့သူအတွက်ကျတော့ လုပ်ရတာ ဘာမှသိပ်မခက်တော့ပါဘူးတဲ့။ အရာရာကို သူ့အခြေအနေ အချိန်အခါနဲ့သူ လျော်ကန်သင့်မြတ်အောင် စီမံခန့်ခွဲသွားနိုင်ပါသတဲ့။ ဒီတော့ အောင်မြင်မှုလည်း ရပါသတဲ့။ ဒီလိုမဟုတ်ဘဲ ကိုယ့်အခြေအနေက ပြောင်းပြန်ဆိုရင်တော့ ရလဒ်တွေကလည်း ပြောင်းပြန်တွေ ဖြစ်နေမှာပါပဲတဲ့။

ဘာပဲဖြစ်ဖြစ်၊ ရှုပ်ယှက်ခတ်နေတဲ့ အလုပ်ကိစ္စတွေကို လေးပုံပုံ၊ လေးပိုင်းပိုင်းပြီး တစ်ပိုင်းချင်း တို့ထိကြည့်တဲ့ အကျင့်လေးကို စနစ်တကျ မွေးမြူကြည့်ကြရမှာပါ။ ကိုယ့်ဘဝခရီးလမ်းကို ဒီလိုနည်းလမ်းတွေသုံးပြီး လျှောက်လှမ်းရင်းနဲ့ လုပ်ကိုင်ဆောင်ရွက်ရမယ့်အရာတွေ မှန်သမျှကို ပေါ့ပါးလျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်တဲ့သူအဖြစ်ကို ရောက်နိုင်အောင် ကြိုးစားကြရမှာပါ။

ကိုယ့်ဘဝကို ဘယ်လိုအရာတွေနဲ့ ကုန်ဆုံးနေဖြစ်သလဲ။ အရေးကြီးတာတွေ လုပ်ဖြစ်နေသလား၊ သိပ်အရေးမပါတာတွေနဲ့များ ကိုယ့်အချိန်တွေကုန်ခဲ့တာ များနေပြီလားဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ်ကိုယ် မကြာမကြာ ပြန်ပြန်မေးသင့်ပါတယ်။

လုပ်စရာတွေကတော့ ဟိုတုန်းကများခဲ့သလို အခုလည်း များနေမှာပါပဲ။ နောင်လည်းပဲ များနေလိမ့်ဦးမယ်လို့ ထင်တာပါပဲ။ ဘာတွေဘယ်လောက်များများ အဓိကကတော့ အရေးကြီးတာကို အရင်လုပ်မိဖို့ လိုတာပါပဲ။ ။

ကမ္ဘာ့အမျိုးသမီးညီလာခံ (ဘေဂျင်း) လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအတွက် သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

ကမ္ဘာ့အမျိုးသမီးညီလာခံ (ဘေဂျင်း) လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအတွက် သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကမ္ဘာ့အမျိုးသမီးညီလာခံ (ဘေဂျင်း) လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအတွက် သုံးသပ်ဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပသောစတုတ္ထအကြိမ် အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံကို တက်ရောက်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (Myanmar National Committee on Women-MNCW) ကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကော်မတီကို နိုင်ငံတော်၏မူဝါဒများနှင့် အညီ ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)-NSPAW ကို ဘေဂျင်းလုပ်ငန်း စီမံချက်များ (Beijing Declaration and Platform for Action – BPFA)နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း-CEDAW တို့ကို အခြေခံပြီး အဓိက လုပ်ငန်းနယ်ပယ် (၁၂) ရပ်နှင့် ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း CEDAW ပါ ကတိကဝတ်များနဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)တို့ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းနယ်ပယ် (၁၂) ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန်လုပ်ငန်းအဖွဲ့ လေးဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

နိုင်ငံအဆင့် အစီရင်ခံစာအပေါ် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ အကောင်အထည်ဖော်မှု ပြန်လည် သုံးသပ်ခြင်းကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှာ ကျင်းပပြုလုပ်မည့် Asia Pacific Intergovernmental Meeting on the Beijing + 25 မှာ လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပပြုလုပ်မည့် Commission on the Status of Women အစည်းအဝေးမှာလည်းကောင်း ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ၏ နယ်ပယ်များအပေါ် လက်တွေ့ကျကျ ပြန်လည်သုံးသပ်ရေးနှင့် တိုင်းဒေသကြီး / ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများကို မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၈-၂၀၃၀) (MSDP)ဖြင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ကြုံတွေ့ရသည့် အားနည်းချက် / အားသာချက်များ အပေါ် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုပါကြောင်း၊ အမျိုးသမီးအရေးကို တက်ကြွစွာ ဆောင်ရွက်နေသော အမျိုးသမီး အဖွဲ့အစည်းများကလည်း အမျိုးသမီးများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များကို ပေါင်းစပ်တင်ပြဆွေးနွေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ၁၉၉၅ ခုနှစ် ဘေဂျင်းအမျိုးသမီး ညီလာခံ ကြေညာချက်အပေါ် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခြင်း၊ ကြေညာချက်ပါ (၁၂) ချက်အပေါ် ဆောင်ရွက်နိုင်မှုများ၊ စိန်ခေါ်မှုများ၊ အမျိုးသမီးနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးနှင့် ခေါင်းဆောင်မှု၊ အမျိုးသမီးနှင့်ကျန်းမာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအချက်များကို ဆွေးနွေးခြင်းနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

✤ *ကျောဖုံးမှ*

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) General Xu Qiliang နှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးတက်ခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံခြား ဆက်ဆံရေးဌာနအကြီးအကဲ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E. Mr. Song Tao နှင့် တရုတ်ကွန်မြူနစ် ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဌာန ညှိခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ ဖွံ့ ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက် ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိမှသာ ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများ နှင့် တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဌာန နိုင်ငံတကာရေးရာဌာနဝန်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် Ling Guang Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

မကွေးမြို့အနှံ့၌ အမှိုက်ပုံးများချထားပေးမည်

မကွေး ဧပြီ ၉

မြို့တွင်းလမ်းများပေါ် လျှပ်ရှားသွားလာကြရင်း အမှိုက်စွန့်ပစ်ရန် လိုအပ်လာသည့်အခါ၌ စည်းကမ်းရှိစွာစွန့်ပစ် လိုသူများ စည်းကမ်းရှိခွင့်ရစေရန်အတွက် လမ်းမများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် အမှိုက်ပုံးများ ချထားပေးသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

တစ်ပုံးလျှင် ၁၇ ဂါလန်ဆံ့ပြီး အမြင့် ၂ ပေခွဲ ၊ အကျယ် ၁ ပေခွဲခန့်ရှိ သံထည်အမှိုက်ပုံးများကို သင်္ကြန်ကာလတွင် စတင် အသုံးပြုမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ပြီးပါက လမ်းမများဘေးနှင့် ဆေးရုံ၊ ဌာနဆိုင်ရာ၊ စာသင်ကျောင်းစသည့် အများပြည်သူနေရာများတွင် ချထားပေးမည်ဖြစ်ကာ ဟိုက်ဒရောလစ်အမှိုက်သိမ်းယာဉ်ဖြင့် တစ်ပတ်လျှင်နှစ်ကြိမ် သိမ်းဆည်းပေးသွားမည်ဖြစ်သည်။

နှမ်းအမှုန့်ထုတ်စက်ရုံပိုင်ရှင် ဦးဖိုးနီနှင့် ကိုရီးယားလုပ်ငန်းရှင်တစ်ဦးက အမှိုက်ပုံး ၈၀၊ စည်ပင်ကော်မတီက ပုံး ၂၀၊ နီနီအီလက်ထရွန်နစ်က ပုံး ၂၀ နှင့် နှင်းဝေဝေမိသားစုက ၁၀ ပုံး အလှူခံရရှိထားပြီး အမှိုက်ပုံးတစ်ပုံးလျှင် ငွေကျပ် ၇၀၀၀၊ အလှူရှင် အမည်နှင့် စည်ပင်တံဆိပ်ရေးခငွေကျပ် ၅၀၀ ၊ တစ်ပုံးတန်ဖိုး ငွေကျပ် ၇၅၀၀ ဖြင့် လှူဒါန်းနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ဇေယျာတု(မကွေး)

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ပူးတွဲဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုးခြင်းနှင့် ပူးတွဲသတင်းထုတ်ပြန်သည့် အခမ်းအနား ကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးသန်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့ ပူးတွဲဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုးပြီး လဲလှယ်ကြစဉ်။ သတင်းစဉ်

နေပြည်တော် ဧပြီ ၉

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ပူးတွဲဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုးခြင်းနှင့် ပူးတွဲသတင်းထုတ်ပြန်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးသန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam, ndc, psc နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ၌ ပြစ်ဒဏ်ကျခံပြီး၍ ပြန်လည်လွတ်မြောက်လာသော နိုင်ငံသားများအား အပြန်အလှန်လွှဲပြောင်းပေးရေး၊ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့်နှင့် ကွပ်ကဲရေးမှူးအဆင့် အလံတင် အစည်းအဝေးများ ပုံမှန်ကျင်းပရေး၊ မောင်တော-တက္ကနာ့ဖ် နယ်စပ်ဆက်ဆံရေးရုံးတို့၏ ပထမအကြိမ်အစည်းအဝေး ကျင်းပရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်း ကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်ရေးအတွက် ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်းသည့် ပူးတွဲဆွေးနွေးမှု မှတ်တမ်းကို နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များမှ လက်မှတ်ရေးထိုးခဲ့ကြပြီး ပူးတွဲသတင်း ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

သတ္တမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၆၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး (ခေါ်) ဂန်းခွမ့်တံခွန်တိုင်ပွဲတော် ကျင်းပ

ကယား ဧပြီ ၉

(၆၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး(ခေါ်) ဂန်းခွမ့်တံခွန်တိုင်ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ကေ့ထျိုးဘိုးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် (၆၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်းကေ့ထျိုးဘိုး(ခေါ်) ဂန်းခွမ့်တံခွန်တိုင်ပွဲတော် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဗဟိုစင်မြင့်ပေါ်သို့ကေ့ထျိုးဘိုးဗျာစယ်များက နေရာယူကြကာ ကေ့ထျိုးဘိုးရိုးရာဂေါပက အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပိုးရယ်အောင်သိန်းကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ကယားပြည်နယ်လုံးဆိုင်ရာ စုပေါင်း ကေ့ထျိုးဘိုး (ခေါ်) ဂန်းခွမ့် တံခွန်တိုင် ပွဲတော် ကျင်းပစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၀ ကျော်ရှိရာ လူမျိုးတိုင်းတွင် မိမိတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ကျင်းပသည့် နေ့ထူးနေ့မြတ်အခမ်းအနားများ ရှိကြပါကြောင်း၊ ထိုအထဲတွင် ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ကယား၊ ကယန်း၊ ယင်းဘော် အစရှိသည့်တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် (၆၁)ကြိမ်မြောက် ကေ့ထျိုးဘိုး(ခေါ်) ဂန်းခွမ့်တံခွန်တိုင်ပွဲတော်ကြီးမှာလည်း တစ်ခုအပါအဝင်ဖြစ်ပြီး ပွဲတော်ကြီးကို နှစ်ကာလရှည်ကြာအောင် အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသူများကိုလည်း လှိုက်လှိုက်လှဲလှဲကျေးဇူးတင် ချီးကျူးပါကြောင်း၊ မိုးလေဝသမှန်ကန်စေရေး၊ ဆန်ရေစပါးပေါများစေရေး၊ ရောဂါဘယကင်းဝေးစေရေးနှင့် တိုင်းပြည်အေးချမ်းသာယာရေးဆိုသည့် မျှော်မှန်းချက်နှင့် ကျင်းပသည့်ယနေ့ပွဲတော်ကြီးမှာ ပြည်သူများရယူလိုသည့် အေးချမ်းသာယာသည့် လူနေမှုဘဝရရှိရေးအတွက် ကောင်းမွန်သည့် မျှော်မှန်းချက်ဖြစ်၍ နှစ်ထောင်းအားရမှုရှိပါကြောင်း၊ ပင်လုံစာချုပ်ပါ သဘောတူညီချုပ်ဆိုထားသော အချက်အလက်များ အကောင်အထည်ဖော်မှု အားနည်းခဲ့ခြင်းကြောင့် ပြည်တွင်းစစ်ဖြစ်နေကြသည်မှာ နှစ်ပေါင်းရှည်ကြာခဲ့ပြီး ပြည်တွင်းစစ်ကြောင့် နိုင်ငံ့စီးပွားရေး နိမ့်ကျခဲ့ရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေသော စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့အားလုံး အတူတကွကြိုးစားကြရမှာဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေးကို များစွာအထောက်အကူပြုတာကို သိရှိပြီးဖြစ်၍ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရအဖွဲ့၊ ပြည်သူတို့နှင့် လက်တွဲ၍ ဒေသတွင်းလူနေမှုအဆင့်အတန်း မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် တိုင်းရင်းသားနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ဒေသခံ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လှမ်းမှ ကူညီရန်လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးအတွက် မိမိတို့လူမျိုး၏ အကြောင်းကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် လူမှုမီဒီယာကဏ္ဍမှနေဖြန့်ဝေပေးကြရန်၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း အမြော်အမြင်ရှိရှိဖြင့် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) အထွေထွေအတွင်းရေးမှူး ဦးရွှေမျိုးသန့်နှင့် ရှမ်းပြည်နယ် ကယန်း(ခ) ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွန်အေးမောင်တို့က အားပေးစကားပြောကြားသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကပဒေသာဆုရရှိသည့် အဖွဲ့များအားဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆရာဝန်တင်ရွှေ(၂၀၁၈) ဆုရစာအုပ်များ ကြေညာ

ရန်ကုန် ဧပြီ ၉

ဆရာဝန်တင်ရွှေစာပေဆု (၂၀၁၈)ဆုရစာအုပ်များကို ယနေ့ကြေညာရာ ၂၀၁၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ဆရာကြီး ဒေါက်တာသန်းဦး ရေးသားပြီး ဆုစာအုပ်တိုက်မှ ထုတ်ဝေသည့် ပညာရေးဆောင်းပါးပေါင်းချုပ်၊ ဦးဝင်းတင့် ရေးသားပြီး ပဋ္ဌာဂံစာအုပ်တိုက်မှ ထုတ်ဝေသည့် စာကြည့်တိုက်ထဲက စကားပြန်၊ ဦးဇော်လွင်ဦး (ဟသ်ာတ)ရေးသားပြီး ရှင်မတောင်စာပေမှ ထုတ်ဝေသည့် ယင်းကျားနှင့် Nyi Pu Lay ရေးသားပြီး Dr. Zaw Tun ဘာသာပြန်ဆိုထားသော The Sweet Honey Drop on the Sharp Scalpet Blade စာအုပ်လေးအုပ်တို့ကို ရွေးချယ်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂုဏ်ပြုချီးမြှင့်မည်

ထို့အပြင် ယခုနှစ်တွင် ဆရာဝန်တင်ရွှေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ဆရာဝန်တင်ရွှေ စာပေဂုဏ်ဆောင်ဆုအဖြစ် ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)ကို ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

စာပေဆုအခမ်းအနားကို ယခုဧပြီလအတွင်း ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေဖုန်းနံပါတ် ၀၉ - ၅၁၁၇၆၈၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု (၁၇)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်သည်။ ဆရာဝန်တင်ရွှေသည် “တင်ရွှေစာပေတိုက်”ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင် ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိမင်္ဂလာဗျူဟာသာသနာ့ဗိမာန်၌ ယနေ့နံနက် ၉ နာရီတွင် အစိုးရဌာနများအတွင်း အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရှင်းလင်းပွဲအခမ်းအနား ပြုလုပ်ရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအေးမြင့်၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော် ကောင်စီနယ်မြေမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၊ NGO များမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မူဝါဒရေးဆွဲရေးနှင့်ပတ်သက်၍ မူးယစ်ဗဟိုမှ ဒုတိယ ရဲမှူးကြီး ဝင်းမြင့်ကလည်းကောင်း၊ ထုတ်လုပ်မှုလျှော့ချရေး ကဏ္ဍအား မူးယစ်ဗဟိုမှ ရဲမှူးကြီး အုပ်စိုးထွန်းက လည်းကောင်း၊ အစားထိုးဖွံ့ဖြိုးရေး ကဏ္ဍအား မယ်ဖာလုံဖောင်ဒေးရှင်းမှ ဦးခမ်းအောင်ကလည်းကောင်း၊ သုံးစွဲမှု လျှော့ချရေးကဏ္ဍအား UNODC မှ ဒေါက်တာ ယုယုအောင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်းတို့က လည်းကောင်း၊ နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးကဏ္ဍအား Merrystope Myanmar မှ ဒေါက်တာ စစ်နိုင်ကလည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအား မူးယစ်ဗဟိုမှရဲမှူးကြီး သန့်လွင်မောင်ကလည်းကောင်း၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး ကဏ္ဍအား မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (SARA) မှ ဒေါက်တာ ဂျော်ထက်ဒိုးကလည်းကောင်း၊ လူ့အခွင့်အရေးများနှင့်အညီဖြစ်စေရေးကဏ္ဍအား မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) မှ ဒေါက်တာ မောင်မောင်လွင်နှင့် ပြည်ကြီးခင် လူမှုအဖွဲ့အစည်းမှ ဒေါ်နွယ်ဇင်ဝင်းတို့ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြကာ အမျိုးသား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယို ပြသပြီး ရှင်းလင်းပွဲအခမ်းအနားပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သီတဂူဆရာတော် ဖန်းမော်မြို့ရှိ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၉

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ရှင်ဉာဏိဿရသည် ယနေ့ နံနက်ပိုင်းတွင် ဖန်းမော်မြို့ရှိ သီတဂူစက္ခုဒါနဆေးရုံသို့ သွားရောက်၍ မျက်စိဝေဒနာရှင်များကို အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

သီတဂူဆရာတော်သည် သီတဂူစက္ခုဒါနဆေးရုံ ဖွင့်ပွဲအကြိုအဖြစ် ငါးရက်ကြိုတင်၍ မျက်စိဝေဒနာရှင်များကို ကြည့်ရှုခဲ့ရာ စမ်းသပ်မျက်စိဝေဒနာရှင် ၁၉၃၁ ဦးနှင့် ခွဲစိတ်မျက်စိဝေဒနာရှင် ၂၅၇ ဦးတို့ကို စက္ခုဒါနအလင်းကုသိုလ် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စက္ခုဒါနဆေးရုံသည် ဧပြီ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **မောင်လူမော်**

ဓာတ်ပုံ-သီတဂူကျော်ဆန်းဝင်း

သီတဂူဆရာတော် ဒေါက်တာ ရှင်ဉာဏိဿရ ဆေးကုသမှုခံယူနေသည့် မျက်စိဝေဒနာရှင်အား ကြည့်ရှုအားပေးစဉ်။

အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးကကြီးမှူးကျင်းပသည့် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် ဇနီး Mrs. Smriti Srivastav တို့က အထိမ်းအမှတ် ဆီမီးတိုင်များကိုထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (Indian Council for Cultural Relations - ICCR)၏ အိန္ဒိယနိုင်ငံဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်အကြောင်း မှတ်တမ်းဗီဒီယိုဖိုင်ကို ပြသပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားသည်။

ယင်းနောက် အိန္ဒိယရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်နယ် ၁၂ ခုမှ အိန္ဒိယရိုးရာဝတ်စုံများဖြင့် ဖက်ရှင်ရှိုးပြသပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် SVCC မှ ဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆာရီပြပွဲနှင့် အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားသင်္ကေတများ ပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ အိန္ဒိယလူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံ အစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (Indian Council for Cultural Relations - ICCR)ကို လွတ်လပ်ပြီးစ အိန္ဒိယနိုင်ငံ၏ ပထမဆုံးပညာရေးဝန်ကြီးဖြစ်သော Maulana Abul Kalam Azad က ၁၉၅၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင် တည်ထောင်ခဲ့သည်။ အဆိုပါကောင်စီကို အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ မူဝါဒများနှင့် အစီအစဉ်များကို ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် တက်ကြွစွာပါဝင်ရန်၊ အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြားယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ပေးရန်နှင့် အားပေးရန်၊ အခြားနိုင်ငံများမှ ပြည်သူများနှင့် ယဉ်ကျေးမှုဖလှယ်ရာတွင် အထောက်အကူပြုရန်၊ နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် စသည့်ရည်ရွယ်ချက်များနှင့် တည်ထောင်ခဲ့ကြောင်း သိရသည်။

ရီရီမြင့်

ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုးတို့ အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့ အထိမ်းအမှတ်ဆီမီးတိုင်ကို ထွန်းညှိပေးစဉ်။ ဓာတ်ပုံ - ရဲထွဋ်

မြစိမ်းရောင်ကျေးရွာစီမံကိန်း အသားတင်အတိုးရငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ အဆောက်အအုံတည်ဆောက်

သီပေါ ဧပြီ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းအား ရှေ့ပြေးစီမံကိန်းအဖြစ် ငါးနှစ်ရရှိခဲ့သည်။ အဆိုပါ ငါးနှစ်တာ စီမံကိန်းကာလအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အသားတင်အတိုးရငွေကျပ်သိန်း ၂၁၂၉၅၀၅၀ ရရှိပြီး စီမံကိန်းအတိုးရငွေကျပ် ၇၅ သိန်းဖြင့် ကျင်သီကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ကျေးရွာဘက်စုံသုံးခန်းမအဆောက်အအုံ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများ ဧပြီ ၉ ရက်က ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေးအတွက် အလှူငွေများလှူဒါန်းနိုင်

နေပြည်တော် ဧပြီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် ဇွန် ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ပြင်းထန်စွာလေတိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် တောင်ရိုးတန်းရှိ အထင်ကရသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သည့် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ကုန်းတော်၊ မြေထိန်းနံရံများနှင့် သာသနိကအဆောက်အဦများ ပြိုကျပျက်စီးခဲ့ရသည်။

အဆိုပါ ပျက်စီးခဲ့မှုများကို အမြန်ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အနေဖြင့် ကုန်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကုန်းမြေတွင် Drilling ပြုလုပ်ခြင်း၊ Anchor Installation လုပ်ငန်းနှင့် Grouting လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စေတီတော်မြတ်ကြီးပြန်လည် တည်ဆောက်ရေးကော်မတီနှင့် Right Tunnelling Myanmar ကုမ္ပဏီတို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က လုပ်ငန်းသဘောတူစာချုပ်ကို ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးကုန်းတော် ရေရှည်တည် တံ့ခိုင်မြဲစေရေးအတွက် မော်လမြိုင်မြို့ကမ္ဘောဇဘဏ်ခွဲ(၁)၌ KBZ Bank Account No.(02230202202309302) ဖြင့် ရန်ပုံငွေဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အလှူငွေများ ထပ်မံလိုအပ်လျက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်ရှိ စေတနာရှင်များ၊ အဖွဲ့အစည်းများအနေဖြင့် အဆိုပါ KBZ Bank Account သို့ တိုက်ရိုက်ထည့်သွင်း လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ ဦးမြင့်သန်းဝင်း ညွှန်ကြားရေးမှူး ဖုန်း ၀၉-၅၁၈၆၅၃၆၊ ဦးစိုးမြင့် ညွှန်ကြားရေးမှူး ဖုန်း ၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် ညွှန်ကြားရေးမှူး ဖုန်း ၀၉-၅၃၂၂၅၈၂ နှင့် ဦးကျော်ဇင်ဦး ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၀၆၃၉၆၁၁ တို့ထံ ဆက်သွယ်လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ အလှူခံဌာနများဖြစ်သည့် ကျိုက်သလ္လံစေတီတော်ဂေါပက အဖွဲ့ရုံးဖုန်း ၀၅၇-၂၀၂၁၃၃၄ နှင့် မွန်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရုံးဖုန်း ၀၅၇-၂၀၂၅၈၇၆၊ ၀၉-၂၅၅၇၂၂၃၅၁၊ မွန်ပြည်နယ်အစိုးရဖွဲ့ရုံးဖုန်း ၀၅၇-၂၀၂၇၃၀၃၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဖုန်း ၀၅၇-၂၀၂၇၀၃၅ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်လူမော်**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ အိမ်အမှတ် (A-3) တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၄-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] **၏ အလံပုံစံ**

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၁၅)ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်အဖွဲ့ တက်ရောက်

နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းရိုင် (Chiang Rai) မြို့၌ ဧပြီ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (15th ACGM)၊ (၅) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေး (5th AFMGM)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကာလအတွင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၅ ရက်တွင် ကျင်းပသည့် ဗဟို(၅)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးနှင့် (၁၅) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတို့သို့ တင်ပြရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဧပြီ ၃ ရက်တွင် ကျင်းပသည့် အာဆီယံ +၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး၊ အာဆီယံဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အာဆီယံဗဟိုဘဏ် ဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများအား ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဗဟိုဘဏ်ဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါ အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အလားအလာများ၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် (၁)ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiaing Mai Initiative Multilateralization-CMIM) အကောင်အထည်ဖော်မှုနှင့် (၂) အာရှငွေချေးစာချုပ်ဈေးကွက်အစီအစဉ် (Asian Bond Markets Initiative-ABMI) အကောင်အထည်ဖော်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ အာဆီယံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပရန် သဘောတူညီခဲ့သည်။

အစည်းအဝေးမကျင်းပမီ ဗဟိုဘဏ်ဥက္ကဋ္ဌသည် US-ASEAN Business Council (US-ASEAN) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၆ ရက်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ (၁၅) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်စဉ်။

ပူတာအိုသဘာဝအလှဓာတ်ပုံပြပွဲနှင့် တောင်တက်အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ကချင်ပြည်နယ် ပူတာအိုမြို့အနီးတစ်ဝိုက် ရှုခင်းများ၊ ဖုန်ကန်ရာဇီတောင်၏ သဘာဝအလှအပရှုခင်းများနှင့် သဘာဝသားငှက်တိရစ္ဆာန်များကို သွားရောက်မှတ်တမ်းတင်ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပြသခြင်းနှင့် တောင်တက်အဖွဲ့ဝင် ဓာတ်ပုံဆရာများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှိ The Yangon Gallery ၌ ကျင်းပရာ ဓာတ်ပုံဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူတာအိုသဘာဝအလှဓာတ်ပုံပြပွဲနှင့် တောင်တက်အဖွဲ့သားများအား ဂုဏ်ပြုပွဲ ကျင်းပစဉ်။

အဆိုပါခရီးစဉ်တွင် ဝါရင့်ဓာတ်ပုံပညာရှင် ဒေါက်တာမောင်မောင်ကြီးနှင့် ဓာတ်ပုံပညာရှင်များဖြစ်ကြသည့် ဦးစိုးလှိုင်၊ ဦးကျော်ဇောလေးနှင့် ကိုလှိုင်မင်းအောင်တို့ ပါဝင်ပြီး မတ် ၂ ရက်တွင် မန္တလေးမြို့မှ စတင်ခရီးထွက်ခွာခဲ့ရာ ၁၀ ရက်တွင် ဖုန်ကန်ရာဇီတောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်မောင်ကြီး က "ကျွန်တော့်အသက် ၇၂ နှစ်ပြည့်ချိန်မှာ အမှတ်တရခရီးစဉ်အနေနဲ့ ဖုန်ကန်ရာဇီ ရေခဲတောင်ကိုတက်ရောက်ဖို့ လွှန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး စိတ်ကူးရှိခဲ့တယ်။ အသက် ၆၆ နှစ်ပြည့်ချိန်တုန်းကလည်း ကလောကနေ အင်းလေးအထိ နှစ်ညအိပ်ခရီး လမ်းလျှောက်ခဲ့ပါတယ်။ အခုခရီးစဉ်အတွက် လေ့ကျင့်မှုတွေအနေနဲ့ မန္တလေးမြို့အနီးတစ်ဝိုက်မှာရှိတဲ့ တောင်တွေ၊ ပြင်ဦးလွင်နဲ့ ဟိုပုန်းမြို့က ရေတံခွန်တွေကို စမ်းသပ်လေ့ကျင့်တဲ့အနေနဲ့ တက်ရောက်ခဲ့ပါတယ်" ဟု ပြောသည်။

ဓာတ်ပုံပညာရှင် ကိုလှိုင်မင်းအောင်ကလည်း "မမျှော်လင့်ဘဲ ခရီးစဉ်က ရာသီဥတု အလွန်ဆိုးရွားခဲ့တာကြောင့် တောင်ခြေက ဇီယာဒန်းရွာကနေ ပုံမှန်လေးရက်အစား ခြောက်ရက်ကြာသွားခဲ့ရတယ်။ ဒါပေမယ့် သဘာဝရှုခင်းတွေကို ခဲရာခဲဆစ်ရိုက်ကူးနိုင်ခဲ့တဲ့ ပီတိကနေ ယုံကြည်မှုတွေ၊ အတွေ့အကြုံကောင်းတွေနဲ့ စိတ်ဓာတ်ခွန်အားတွေ ရရှိလာခဲ့ပါတယ်"ဟု ပြောသည်။

အခမ်းအနားတွင် တောင်တက်အဖွဲ့ဝင် ဓာတ်ပုံဆရာများက ၎င်းတို့သွားရောက်ခဲ့သည့် ခရီးစဉ်၌ ကြုံတွေ့ရသည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ၊ ဓာတ်ပုံရိုက်ကူးမှု အတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကိုလည်း ပြန်လည်ဖြေကြားခဲ့ကာ Nikon Camera Company မှ တာဝန်ရှိသူများက တောင်တက်အဖွဲ့ဝင် ဓာတ်ပုံဆရာများအား အမှတ်တရ ဆုတံဆိပ်များ ပေးအပ်ခဲ့သည်။

သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-လှမိုး

မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများဝင်ရောက်မှုနှိုင်းယှဉ်ချက်

စဉ်	လအမည်	၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်			၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်		
		ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း	ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း
၁	အောက်တိုဘာ	၄၆၆၉၃	၂၁၂၅၃	၆၇၉၄၆	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂
၂	နိုဝင်ဘာ	၆၃၅၂၉	၂၁၈၂၈	၈၅၃၅၇	၇၇၄၉၈	၂၁၄၈၂	၉၈၉၈၀
၃	ဒီဇင်ဘာ	၆၃၅၂၂	၁၉၆၁၉	၈၃၁၄၁	၈၂၄၇၄	၁၉၅၃၈	၁၀၂၀၁၂
၄	ဇန်နဝါရီ	၆၁၁၂၃	၂၀၄၈၅	၈၁၆၀၈	၉၃၁၂၅	၁၈၆၈၉	၁၁၁၈၁၄
၅	ဖေဖော်ဝါရီ	၅၇၄၅၀	၁၈၅၈၁	၇၆၀၃၁	၁၀၀၁၄၅	၂၃၉၄၉	၁၂၄၀၉၄
၆	မတ်	၅၁၄၆၁	၂၅၆၅၀	၇၇၁၁၁	၉၅၉၃၂	၂၃၆၉၃	၁၁၉၆၂၅
	စုစုပေါင်း	၃၄၃၇၇၈	၁၂၇၄၁၆	၄၇၁၁၉၄	၅၀၁၈၂၀	၁၂၈၃၅၆	၆၃၀၁၇၇

တောမဲ့မြေသား၊ ရေတိုက်စား၏

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

စဉ်	အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ	၂၀၁၈ ခုနှစ်၊ မတ်လ		၂၀၁၉ ခုနှစ်၊ မတ်လ		မှတ်ချက်
		ကမ္ဘာလှည့်	လုပ်ငန်း	ကမ္ဘာလှည့်	လုပ်ငန်း	
၁	ရန်ကုန်လေဆိပ်/ရေဆိပ်	၃၉၂၃၂	၁၉၈၇၁	၅၈၇၇၂	၁၆၅၄၁	
၂	မန္တလေးလေဆိပ်	၇၄၇၆	၄၇၀၄	၂၅၀၅၈	၄၃၉၄	
၃	နေပြည်တော်လေဆိပ်	၄၈	၃၁၈	၁၆၆၅	၃၈၇	
၄	မြိတ်လေဆိပ်	၁၁၆	၁၄	၀	၀	
၅	တာချီလိတ်	၅၃၇	၁၉၇	၇၅၄၇	၁၆၁	
၆	မြဝတီ	၁၄၉၆	၄၁၄	၁၅၉၈	၂၀၀၀	
၇	ကော့သောင်း	၂၄၁၃	၁၁၁	၉၃၅	၇၁	
၈	ထီးခီး	၅၆	၂၁	၆၆	၂၀	
၉	တမူး	၈၇	၀	၂၃၈	၁၈	
၁၀	ရိခေါဒါရ်	၀	၀	၅၃	၁	
	စုစုပေါင်း	**၅၁၄၆၁**	**၂၅၆၅၀**	**၉၅၉၃၂**	**၂၃၆၉၃**	

ရန်ကုန်မြို့၌ သင်္ကြန်ဧည့်ခံမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၂၉ ခု ခွင့်ပြုထား

ရန်ကုန် ဧပြီ ၉

၁၃၈၀ ခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ ဧည့်ခံဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်အကြီးအလတ် ၂၉ ခုကို ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မဏ္ဍပ်အကြီးအားဖြင့် ပြည်လမ်းတွင် ခြောက်ခုရှိမည်ဖြစ်သည်။ မြမာလာမဏ္ဍပ်၊ ရန်ကုန်သင်္ကြန်မဏ္ဍပ်၊ ပိတောက်ဝါမဏ္ဍပ်၊ အတာမိုးမဏ္ဍပ်၊ ရွှေပိတောက်မဏ္ဍပ်၊ စမ်းချောင်းမဏ္ဍပ်တို့ဖြစ်သည်။

ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့တွင် မြို့တော်ဗဟိုမဏ္ဍပ်၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းပေါ်တွင် ၁၉ လမ်း မိသားစုမဏ္ဍပ်၊ စမ်းချောင်းမြို့နယ် အ.ထ.က(၂)ရှေ့တွင် စမ်းချောင်းမဏ္ဍပ်၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းတွင် Forever Thingyan မဏ္ဍပ်၊ သာကေတမြို့နယ် ရောဝတီလမ်းနှင့် မင်းနန္ဒာလမ်းထောင့်တွင် မြို့နယ်မဏ္ဍပ်၊ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်တက္ကသိုလ်ကားပါကင်ရှေ့တွင် နွေပိတောက်မဏ္ဍပ်၊ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းတွင် နှစ်သစ်ကူးဂီတပွဲတော်မဏ္ဍပ်၊ ဒဂုံမြို့သစ်တောင်ပိုင်း ပြည်ထောင်စု လမ်းသွယ်ထိပ်တွင် ဗဟိုမဏ္ဍပ်တို့ရှိကြမည် ဖြစ်သည်။

အနော်ရထာလမ်းနှင့် ၁၉ လမ်းထောင့်ရှိ သင်္ကြန်မဏ္ဍပ်တည်ဆောက်နေမှုကို တွေ့ရစဉ်။

အလတ်စား မဏ္ဍပ်များအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးစီးကျင်းပသော မဏ္ဍပ်များရှိမည်ဖြစ်သည်။ ကြည့်မြင်တိုင်မြို့နယ် (ကမ်းနားလမ်း၊ ယခင်သီရိမင်္ဂလာဈေးဟောင်းရှေ့)၊ အင်းစိန်မြို့နယ် (လှိုင်မြစ်ကမ်း)၊ ဗိုလ်တထောင်မြို့နယ် (မဟာဗန္ဓုလလမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်)၊ မင်္ဂလာဒုံမြို့နယ်(ရန်ကုန်ပြည်လမ်းဘေး)၊ အလုံမြို့နယ်(အောက်ကြည့်မြင်တိုင်လမ်း အ.ထ.က (၅) အလုံရှေ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (အထက်ပန်းဆိုးတန်းလမ်း)၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ပဲခူးမြစ်ကမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ် (ရေကျော်ဈေးရှေ့)၊ မြောက်ဥက္ကလာပမြို့နယ် (သုဓမ္မာလမ်းမကြီး ဥက္ကလာသီရိပန်းခြံရှေ့)တို့တွင် ရှိကြမည်ဖြစ်သည်။

ထို့အပြင် စက်မှု(၁)လမ်းတွင် ဆီဒိုးနားမဏ္ဍပ်၊ တာမွေမြို့နယ် ဆရာစံလမ်းမတွင် ရိုးရိုးလေးမိသားစုမဏ္ဍပ်၊ သိမ်ဖြူလမ်းတွင် ပျော်ပျော်ရွှင်ရွှင်ရေကစားမဏ္ဍပ်၊ ပြည်လမ်းတွင် တန်ခူးရေမဏ္ဍပ်၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းတွင် စကိုင်းစတားဟိုတယ် မိသားစုမဏ္ဍပ်၊ လှိုင်မြို့နယ် ပါရမီလမ်းတွင် ရွှေပိတောက်ဖူးမဏ္ဍပ်တို့ရှိကြမည်ဖြစ်ပြီး ယမန်နှစ်က ခွင့်ပြုပေးထားသော မဏ္ဍပ်ပေါင်းမှာ ၁၁၈ ခုအထိရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ပြည်သူလူထု သင်္ကြန်ရေ အပက်ခံနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်အဖြစ် နေရာငါးခုတွင် စီစဉ်ထားကြောင်း သိရသည်။

ယင်းနေရာများမှာ ကန်တော်ကြီး၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဦးဥတ္တမပန်းခြံ၊ အင်းလျားလမ်း (တက္ကသိုလ်ရိပ်သာလမ်းမီးပွိုင့် အင်းလျားကန်ပေါင်ဘေး) နှင့် မြကျွန်းသာတို့တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘော်ဂါသွေး

မုံရွာသင်္ကြန်တွင် အလှပြကား ၂၅ စီးနှင့် သံချပ်အဖွဲ့ ၁၁ ဖွဲ့ပါဝင်ယှဉ်ပြိုင်မည်

မုံရွာ ဧပြီ ၉

မုံရွာမြို့တွင် ကျင်းပမည့် ၁၃၈၀ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်အလှပြယာဉ် ၂၅ စီးနှင့် သံချပ်အဖွဲ့ ၁၁ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြရန် စာရင်းပေးသွင်းထားကြောင်း သင်္ကြန်အလှပြယာဉ်နှင့် သံချပ်ပြိုင်ပွဲ ဗဟိုအကဲဖြတ် ခုံသမာဓိအဖွဲ့မှ သိရသည်။

ယမန်နှစ်က သင်္ကြန်အလှပြယာဉ်တစ်စီးကို တွေ့ရစဉ်။

"အလှပြယာဉ်တွေကို စစ်ဆေးအကဲဖြတ်တာကို ဗဟိုမဏ္ဍပ်မှာလုပ်မှာဖြစ်တယ်။ သံချပ်ပြိုင်ပွဲ စစ်ဆေးအကဲဖြတ်တာကို လူမှုရေးမဏ္ဍပ်မှာလုပ်မှာပါ။ ပြိုင်ပွဲဝင် သံချပ်စာသားများကို ဧပြီ ၈ ရက်မှာ အကဲဖြတ်အဖွဲ့ကို အပြီးပေးရမှာပါ။ သံချပ်စာသားတွေမှာ လူမျိုးရေး၊ ဘာသာရေး၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဆူပူအုံကြွမှုတွေဖြစ်စေမယ့် အသုံးအနှုန်းတွေပါရင် အမှတ်ပေးမှာမဟုတ်ပါဘူး။ အများနဲ့ဆိုင်တဲ့ ပြင်ဆင်စရာ၊ အပြုသဘောဆောင်တဲ့ ထောက်ပြမှုတွေကို စပ်ဆိုတာတွေကို အမှတ်ပေးသွားမှာပါ" ဟု သင်္ကြန်အလှပြယာဉ်နှင့် သံချပ်ပြိုင်ပွဲ ဗဟိုအကဲဖြတ် ခုံသမာဓိအဖွဲ့ဝင် ဒေါ်ယဉ်ဆွေဝင်း (တိုင်းဒေသကြီးပြန်/ဆက် ဦးစီးမှူး)က ပြောသည်။

အလှပြယာဉ်ပြိုင်ပွဲနှင့် သံချပ်ပြိုင်ပွဲတို့တွင် ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆု နှစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

မန္တလေးမြို့ ကျုံးအနောက်ဘက်ခြမ်း၌ ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်

မန္တလေး ဧပြီ ၉

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော် ကျင်းပရန် ကျုံးအနောက်ဘက်ခြမ်း တစ်လျှောက်၌ ပေ ၁၀၀အကျယ်ရှိ ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျုံးအနောက်ဘက်ခြမ်းတွင် ဆောက်လုပ်မည့် မဏ္ဍပ်နေရာများအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ လေလံစနစ်ဖြင့် နေရာချထားပေးခဲ့ခြင်းဖြစ်ပြီး လေလံအောင်မြင်သူများအား မတ် ၂၃ ရက်မှ စတင်ဆောက်လုပ်ခွင့်ပြုခဲ့ကာ သင်္ကြန်အပြီး ဧပြီ ၂၃ ရက်တွင် ၎င်းမဏ္ဍပ်များအား အပြီးပြန်လည်ဖျက်သိမ်းပေးရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဦးကျော်ဆန်းမြင့်က ပြောသည်။

" ကျုံးအနောက်ဘက်ခြမ်းမှာ ဆောက်လုပ်နေကြတဲ့ ရေကစားမဏ္ဍပ်ကြီးတွေအနေနဲ့ကတော့ သတ်မှတ်ထားတဲ့ လေလံစည်းကမ်းအတိုင်း လိုက်နာပြီး ဆောက်လုပ်ကြဖို့ လိုပါတယ်။ လိုက်လံစစ်ဆေးလို့ သတ်မှတ်စည်းကမ်းအတိုင်း ညီညွတ်မှုမရှိရင် ပြန်လည်ပြင်ဆင်ဆောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ကျုံးတောင်ဘက်ခြမ်းမှာ ကျင်းပမယ့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုထူးခြားတဲ့ အစီအစဉ်တွေ၊ ပြင်ဆင်မှုတွေနဲ့ ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ယခင်နှစ်များက ကျင်းပခဲ့သည့် လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်ပွဲတော်များအပြင် ထူးခြားစွာထည့်သွင်းထားသည့် အညာသင်္ကြန်ပွဲတော် အစီအစဉ်လည်း ပါဝင်မည်ဖြစ်ပြီး အဆိုပါပွဲတော်ကို ကျုံးအရှေ့ဘက်ခြမ်း ၂၅ လမ်းနှင့် ၂၆ လမ်းကြားတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ သင်္ကြန်အကျနေ့နှင့် အကြတ်နေ့တို့တွင် နိုင်ငံတကာ သံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း တက်ရောက်ပါဝင်ဆင်နွှဲ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သတိပေးနှိုးဆော်ချက်

၁။ ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်အား ၁၃-၄-၂၀၁၉ ရက်နေ့မှ ၁၆-၄-၂၀၁၉ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ သင်္ကြန်ကာလအတွင်း အောက်ဖော်ပြပါနေရာများ၌ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ လမ်းပိတ်/လွှဲနှင့် တစ်လမ်းမောင်းလမ်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) အင်းလျားလမ်းအား တက္ကသိုလ်ရိပ်သာလမ်းမှ ပြည်လမ်းအထိလည်းကောင်း၊

(ခ) မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဘက်မှ ဆူးလေဘုရားလမ်းဘက်သို့ အဝင်တစ်လမ်းမောင်းအဖြစ်လည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း၊

(ဃ) မဟာဗန္ဓုလပန်းခြံလမ်းအား မဟာဗန္ဓုလလမ်းမှ ဘဏ်ရိပ်သာလမ်းအထိလည်းကောင်း လမ်းပိတ်/လွှဲ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားသင့်တော်သည့် လမ်းများမှ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သင်္ကြန်ကာလအတွင်း မီးရထားများ ပြေးဆွဲမှုရပ်နားထားမည်

ခင်ဦး

ပုံမှန်ပြေးဆွဲနေသော မြန်မာ့မီးရထားများသည် သင်္ကြန်ကာလအတွင်း ပြေးဆွဲမှုရပ်နားထားမည်ဖြစ်ကြောင်း ခင်ဦးမြို့ဘူတာရုံမှ သိရသည်။

ဧပြီလ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက် (သင်္ကြန်အကျ၊ အကြတ်၊ အတက်) နေ့တို့တွင် အမှတ် (၃၃)အဆန်၊ (၃၄)အစုန် မန္တလေး-မြစ်ကြီးနား လေအိတ်အထူးရထား၊ အမှတ် (၃၇) အဆန်၊ (၃၈) အစုန် မန္တလေး-မြစ်ကြီးနား မြစ်ဆုံအထူးအမြန်ရထား၊ အမှတ် (၅၇) အဆန်၊ (၅၈) အစုန် မန္တလေး-မြစ်ကြီးနား မန္တလာအထူးအမြန်ရထား၊ အမှတ် (၅၃)အဆန်၊ (၅၄) အစုန် ကောလင်း-မန္တလေး (RBE) အမြန်ရထား၊ အမှတ် (၂၁၅) အဆန်၊ (၂၁၆) အစုန် ခင်ဦး-မန္တလေး (RBE) ရထားတို့ ပြေးဆွဲမှုရပ်နားထားပြီး ဧပြီလ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်တို့တွင် တင်းတိန်ရုံ-ရွှေဘို (RBE) လော်ကယ်ရထားတို့ ပြေးဆွဲမှုရပ်နားထားမည်ဖြစ်ကြောင်း ခင်ဦးမြို့ ဘူတာမှ ဒုတိယရုံပိုင် ဦးမင်းခိုင်၏ ပြောကြားချက်အရ သိရသည်။

စိုးဝေအောင်(ခင်ဦး)

မင်းဘူး

မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော ရထားခရီးစဉ်ကို ဧပြီလ ၁၃ ရက် (သင်္ကြန်အကြိုနေ့) အထိ ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သုံးရက်ရပ်နားမည်ဖြစ်ကြောင်း မင်းဘူးဘူတာရုံမှ သိရသည်။

" ကျွန်တော်တို့ ပုံမှန် မင်းဘူး-သရက်ရထားခရီးစဉ်ကို သင်္ကြန်အကြိုနေ့ထိ ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ သင်္ကြန်ကာလဖြစ်တဲ့ ဧပြီ ၁၄ ရက် (သင်္ကြန် အကျနေ့) မှ ဧပြီ ၁၆ ရက် (အကြတ်နေ့) အထိ သုံးရက်ကြာရပ်နား သွားမှာဖြစ်ပြီး ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ ပုံမှန်ပြန်လည် ပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ မင်းဘူး-သရက် ရထားခရီးစဉ်ကို သရက်မြို့ဘူတာမှ နေ့စဉ် နံနက် ၄ နာရီ ၄၅ မိနစ်မှ စတင်ထွက်ခွာပြီး မင်းဘူးဘူတာရုံသို့ နံနက် ၁၀ နာရီခွဲ ရောက်ရှိပါတယ်။ မင်းဘူးမြို့ဘူတာရုံမှ နေ့လယ် ၁ နာရီခွဲအချိန်မှာ ပြန်လည်ထွက်ခွာပြီး သရက်မြို့ဘူတာရုံသို့ ည ၇ နာရီခန့်တွင် ရောက်ရှိပါတယ်" ဟု မင်းဘူး ဘူတာရုံပိုင် ဦးကျော်ကျော်ဦးထံမှ သိရသည်။

အဆိုပါ မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၃၁ ခု ရှိပြီး နေ့စဉ် ခရီးသည်ပျမ်းမျှ စုစုပေါင်း ၄၀ ခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

ကျော်စိုးဝင်း(မင်းဘူး)

မလှိုင်မြို့နယ်၌ သင်္ကြန်ကာလအတွင်း ဆူညံအိပ်ဇောများမရှိစေရန် စစ်ဆေးအရေးယူ

မလှိုင် ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း ဆူညံအိပ်ဇောမရှိစေရန် ပိတ်ဆို့ရှာဖွေ စစ်ဆေးအရေးယူခြင်းကို ဧပြီ ၉ ရက်က ရပ်ကွက်ကြီး(၁) နယ်မြေရှိ မြို့မဘောလုံးအားကစားကွင်းရှေ့တွင် ဆောင်ရွက်ခဲ့ကြသည်။

စစ်ဆေးအရေးယူခြင်းကို မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ဒုရဲအုပ် ဆန်းမြိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ မြို့နယ်ယာဉ်ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မဟာသင်္ကြန်ကာလ ဆူညံအိပ်ဇောမရှိစေရေး ပိတ်ဆို့ရှာဖွေစစ်ဆေးရာတွင် ယာဉ်စည်းကမ်းနှင့် မကိုက်ညီသူ ၁၃ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါ စည်းကမ်းမလိုက်နာသူများအား မလှိုင်မြို့မရဲစခန်းက မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

ရန်ကုန်၌ နွေရာသီအခြေခံ ဝူရှူးအားကစားသင်တန်းသား ၅၀၀ကျော် သင်တန်းဆင်း

ရန်ကုန် မေ ၉

ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားမောင်မယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် နွေရာသီအခြေခံ ဝူရှူးအားကစားသင်တန်း အခြေခံအားကစားနည်း ရှစ်မျိုးဖြင့် ၁၅ မြို့နယ်ရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၀ ကျော်တို့၏သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာဝူရှူး အားကစားခန်းမ၌ ကျင်းပသည်။

ဝူရှူးသင်တန်းသား သင်တန်းသူများ သရုပ်ပြသကြစဉ်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေး၊ တပ်မတော် ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်စိုးဦးနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက မြို့နယ်အလိုက်တက်ရောက်လာသော သင်တန်းသား သင်တန်းသူများအား လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် နွေရာသီအခြေခံ ဝူရှူး သင်တန်းသား သင်တန်းသူများနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ် လူငယ်အားကစားသမားများ၏ အခြေခံဝူရှူးသရုပ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ နွေရာသီ အခြေခံဝူရှူးသင်တန်းကို မတ် ၁ ရက်မှ မေ ၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်သင်တန်းကို မေ ၂၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး

❍ *ကျောဖုံးမှ*

အခင်းအကျင်းအတိုင်း ယှဉ်ပြိုင်ခဲ့ပြီး အိန္ဒိယအသင်းကလည်း အနိုင်ရမှ နောက်တစ်ဆင့် တက်ခွင့်ရှိမည်ဖြစ်သောကြောင့် အားကုန်ထုတ်ကစားခဲ့သည်။ ပွဲအစတွင် အိန္ဒိယအသင်း၏ ရှန်းကန်မှုများကို တွေ့မြင်ခဲ့ရပြီး မြန်မာအသင်း ခံစစ်အားနည်းချက်များကို အခွင့်ကောင်းယူကာ တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲအစ ၉ မိနစ်တွင် အိန္ဒိယအသင်း ဂိုးစရခဲ့ပြီး ဆန်ဟီရာက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်း တိုက်စစ်မြှင့်လာပြီး ၁၇ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက ခေါင်းတိုက်ပြီး ချေပဂိုးသွင်းယူခဲ့သည်။ ဂိုးရသွားသောကြောင့် မြန်မာအသင်း ကစားပုံပြန်ကောင်းလာပြီး ၂၂ မိနစ်တွင် ရရှိသည့်ပယ်နယ်တီကို ခင်မိုးဝေကန်သွင်းရာ အိန္ဒိယဂိုးသမား ကာကွယ်နိုင်သော်လည်း ဝင်းသိင်္ဂီထွန်းက ထပ်ဆင့်ခေါင်းတိုက်သွင်းခဲ့သောကြောင့် မြန်မာအသင်း ဒုတိယဂိုးရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် တစ်ကျော့ပြန်ဦးဆောင်ခွင့်ရသော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ၃၁ မိနစ်တွင် ချေပဂိုးပြန်ပေးလိုက်ရကာ ဆန်ဂျူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း အိန္ဒိယအသင်းက ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ရာ မြန်မာအသင်း အခက်တွေ့ခဲ့ရပြီး ၆၄ မိနစ်တွင် တတိယဂိုးထပ်ပေးခဲ့ရသည်။ ယင်းဂိုးကို ဒီဗီက အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးထပ်ပေးလိုက်ရသောကြောင့် မြန်မာအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၄ မိနစ်တွင် တိုက်စစ်မှူးဝင်းသိင်္ဂီထွန်းက သူမ၏ ဟက်ထရစ်နှင့် မြန်မာအသင်း နောက်တစ်ဆင့်တက်စေမည့် ချေပဂိုးအဖြစ် သွင်းယူခဲ့သည်။

ဗထူးကွင်း၌ ကစားသည့်ပွဲတွင် နီပေါအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (က) ပွဲစဉ်များအပြီးတွင် မြန်မာနှင့် အိန္ဒိယအသင်းက ခုနစ်မှတ်စီ၊ နီပေါအသင်းက သုံးမှတ်ရပြီး အင်ဒိုနီးရှားအသင်းမှာ သုံးပွဲစလုံးရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိန္ဒိယနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာကြောင့် အုပ်စုပထမရကာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ရောဝတီဘဏ်က ဂုဏ်ပြုဆုကြေးငွေကျပ် သိန်း ၂၀၀ ချီးမြှင့်ပေးခဲ့ပြီး ယင်းဆုကြေးငွေကို ရောဝတီဘဏ် အထက်မြန်မာပြည်တာဝန်ခံ ဦးဇော်မျိုးဝေက လာရောက်ချီးမြှင့်ခဲ့သည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ချယ်လ်ဆီး အဆင့် ၃ နေရာသို့ တက်လှမ်းလာ

မေ ၉ ရက်နံနက်ပိုင်းက ပရီမီယာလိဂ်ပွဲစဉ် ၃၃ အဖြစ် ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက ဟာဇက်၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ထိုပွဲ အနိုင်ရရှိခဲ့ခြင်းကြောင့် ၃၃ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၆၆ မှတ်ရရှိပြီး အဆင့် ၃ နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

မန်ယူအသင်း ရိုက်စ်အား ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်

မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ရိုက်စ် (၂၀နှစ်) အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကာရိုးလ် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ဖွယ်ရှိ

ဝက်စ်ဟမ်းအသင်းသည် ရာသီအကုန်၌ အန်ဒီ ကာရိုးလ် (၃၀နှစ်) အား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည် မဟုတ်ကြောင်း ဒေးလီးမေး(လ်)တွင် ဖော်ပြထားသည်။ သည်တိုင်းမ်၏ ဖော်ပြချက်တွင်မူ ကာရိုးလ်သည် ဝက်စ်ဟမ်းအသင်း၌ စာချုပ်သက်တမ်းကုန်ဆုံးပါက မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ဖော်ပြထားသည်။

အေကော်စတာ မန်ယူအသင်းက စောင့်ကြည့်ခြင်းခံရသည့်အတွက် ပျော်ရွှင်

ဒီစီယူနိုက်တက်အသင်းမှ အာဂျင်တီးနားကွင်းလယ်ကစားသမား အေကော်စတာ (၂၄နှစ်) သည် မန်ယူအသင်းက စောင့်ကြည့်ခြင်းခံရသည့်အတွက် ပျော်ရွှင်မိသည်ဟု ဂိုးဒေါ့ကွန်းတွင် ဖော်ပြထားသည်။

သော်ဂန် ဟာဇက် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိ

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား သော်ဂန် ဟာဇက် (၂၆နှစ်) သည် ပေါင် ၃၄ ဒသမ ၅ သန်းဖြင့် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် မိုချန်ဂလာဘတ်အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း ဂျာမန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

မန်ယူနှင့် ဘာစီလိုနာ ၂၀၁၁ ခုနှစ် ဗိုလ်လုပွဲနောက်ပိုင်း ပထမဆုံးအကြိမ် တွေ့ဆုံ

ယနေ့ညတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မန်ယူနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မှတ်တမ်းများအရ မန်ယူနှင့် ဘာစီလိုနာအသင်းတို့သည် ချန်ပီယံလိဂ်၌ ၂၀၁၁ ခုနှစ် ဗိုလ်လုပွဲနောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခြင်း ဖြစ်သည်။

အောင်ဇော်

မိုးသက်လေပြင်းတိုက်ခတ်၍ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ပျက်စီး

ကနီ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ဆင်အိုကျေးရွာအုပ်စု ထောက်ကြံ့ကုန်းကျေးရွာတွင် မေ ၈ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဦးလူသွယ်၏နေအိမ် လက်ခံတိုင်ကို မိုးကြိုးပစ်ရာမှ သမက်ဖြစ်သူ မောင်ချမ်းဦး အသက် (၂၅)နှစ်အား မိုးကြိုးစက်ကွင်းမိသွား၍ သတိလစ်သွားသဖြင့် ကနီးဆေးရုံသို့ ဆေးကုသမှုခံယူနိုင်ရေး ပို့ဆောင်ထားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် နတ်ရဲတောင်အုပ်စု ချောင်းနားကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် လေးလုံးနှင့် မီးဖိုချောင် တစ်လုံး အမိုးများလန်သွားကြောင်း သိရသည်။

ခင်ဝင်းကြည်(ပြန်/ဆက်)

တန့်ဆည်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် မေ ၈ရက် ည ၁၂ နာရီက တိုက်ခတ်သော လေပြင်းကြောင့် သစ်ပင်များပြိုလဲခြင်းနှင့် လူနေအိမ်များ ပျက်စီးမှုရှိကြောင်း သိရသည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု သုံးအုပ်စုအတွင်းရှိ လူနေအိမ် ၂၇ လုံး သွပ်မိုးများလန်ခြင်း၊ ခေါင်များပျက်စီးခြင်းနှင့် ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း ၁၁ ခန်း ပျက်စီးမှုရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။

ငြိမ်းမင်းထွန်း(တန့်ဆည်)

ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ မေ ၈ ရက် ည ၇နာရီခန့် ရုတ်တရက် လေပြင်းများ တိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်မီးတိုင်များ ကျိုးပဲ့ပျက်စီးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော ကျေးရွာအုပ်စုများသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာများက လိုအပ်သည်များကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရ သေဆုံးမှု မရှိဘဲ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသိရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စာရင်းများ ကောက်ခံလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျွန်းလှ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မေ ၈ ရက် ညနေ ၆နာရီခွဲက လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ်နှင့် အဆောက်အအုံအချို့ အမိုးလန် ပျက်စီးသွားကြောင်း သိရသည်။

ထိုသို့ လေပြင်းတိုက်ခတ်၍ သစ်ချိအုပ်စု မကျီးကုန်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ အိမ်ခြေကျေးရွာအုပ်စု အိမ်ခြေကျေးရွာတွင် စာသင်ကျောင်း

ကောလင်းမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့်နေအိမ် တွေ့ရစဉ်။

တစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ကိုင်းဝန်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ အင်းလျားရှည်ကျေးရွာတွင် လူနေအိမ်တစ်လုံး၊ ပညာရေးဝန်ထမ်း အိမ်ရာနေအိမ်တစ်လုံး၊ ရွာကုန်းကျေးရွာတွင် လူနေအိမ် ၂၂ လုံးနှင့် သုသာန်အမိုးများ လန်သွားပြီး စုစုပေါင်းသွပ် ၂၈၈ ချပ်၊ သက်ငယ် ၁၃၀၀ ပျက်စီးသွားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာများသို့ သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

ပေါက်ခေါင်း

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မေ ၈ ရက် ည ၇ နာရီခွဲခန့်က မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေး အဆောက်အအုံများ အမိုးလန် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

အဆိုပါ မိုးသက်လေပြင်းကျရောက်မှုကြောင့် ပေါက်ခေါင်းမြို့နယ် သစ်ပုတ်ကျေးရွာအုပ်စုတွင် နေအိမ် ၃၀ နှင့် စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပြီး ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် နေအိမ်တစ်လုံး ပြိုလဲကြောင်း၊ လေသာ တောင်ကြီးကျေးရွာအုပ်စုတွင် နေအိမ် ၄၄ လုံးနှင့် စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပြီး နေအိမ်တစ်လုံး ပြိုလဲကာ ခရစ်ယာန်ကျောင်း တစ်ကျောင်း အမိုးလန်ကြောင်း သိရသည်။ မြောက်ရွေလောင်းကျေးရွာအုပ်စုတွင် နေအိမ် လေးလုံးနှင့် ထန်းတပင်ကျေးရွာအုပ်စုတွင် နေအိမ် ခုနစ်လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး လေပြင်းတိုက်မှုတွင် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဒုတိယအကြိမ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်အတွက် ပြုလုပ်ထားသည့် ဈေးဆိုင်ခန်းအချို့ မေ ၈ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း ချင်းတွင်းသင်္ကြန် သတင်းပြန်ကြားရေးတာဝန်ခံ ကိုဘုန်းနိုင်ဖြိုးထံမှ သိရသည်။

ဒုတိယအကြိမ် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် ရောင်းချမည့် ဈေးဆိုင်ခန်း အရေအတွက်မှာ စုစုပေါင်း ၄၀၀ ကျော်ရှိပြီး ယင်းထဲမှ မေ ၈ ရက် ညနေက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ဈေးဆိုင်ခန်း ၅၀ ခန့် ပြိုကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

" ဆိုင်ခန်းတွေ လဲတာတော့ တော်တော်များတယ်။ မျောတိုင်တွေနဲ့ အခိုင်အမာ ဆောက်တဲ့ဟာတွေက တော့ မလဲပါဘူး။ လဲတာ ဆိုင်တွေက တစ်ထပ်တဲတွေ လဲတာ။ တဲတစ်ခု လဲတာနဲ့ အကုန်လုံး လဲသွားတာ။ သဲပန်းပုတွေတော့ ထိခိုက်ပျက်စီးမှု မရှိပါဘူး"ဟု ၎င်းက ပြောသည်။

ကိုမင်း(အင်းတော်)

ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မေ ၈ ရက် ည ၁၁ နာရီခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းအချို့နှင့် ဘုန်းတော်ကြီးကျောင်းအချို့ အမိုးလန် ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသက်လေပြင်းကြောင့် သောက္ကန်ကျေးရွာအုပ်စုတွင် လူနေအိမ် သုံးလုံး၊ ညောင်ကုန်းကျေးရွာအုပ်စုတွင် လူနေအိမ် တစ်လုံး၊ အောက်တဲကျေးရွာအုပ်စုတွင် လူနေအိမ် လေးလုံး၊ ဝက်တိုး (မြောက်) ကျေးရွာအုပ်စုတွင် လူနေအိမ် ၁၀ လုံး၊ ညောင်ပင်ကြီးကျေးရွာအုပ်စုတွင် လူနေအိမ် နှစ်လုံး၊ ကြိုးကြာကျေးရွာအုပ်စုတွင် လူနေအိမ် ရှစ်လုံး၊ မိဿလင်ကုန်းကျေးရွာ အုပ်စုတွင် လူနေအိမ် လေးလုံး၊ ကိုးထောင်ဘို့ကျေးရွာအုပ်စုတွင် လူနေအိမ် အလုံး ၁၁၀၊ စာသင်ကျောင်း သုံးကျောင်း၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ရာ သွပ်အချပ်ရေ စုစုပေါင်း ၄၃၉၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကလောၚ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် နှစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

ကလော မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကလောမြို့နယ် အင်းပြင်ကျေးရွာအနီး မိုင်တိုင်အမှတ် (၇၄/၁)နှင့် (၇၄/၂)ကြားတွင် မေ ၉ ရက် နံနက် ၅ နာရီခွဲခန့်က မော်တော်ယာဉ်နှစ်စီး အရှိန်လွန်မောင်းနှင်၍ မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားပြီး နှစ်ဦး သေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေညောင်မြို့နေ ယာဉ်မောင်း ကျော်ဇေယျာဝင်း မောင်းနှင်သည့် ယာဉ်အမှတ် 8J/------- လိုက်ထရပ်ယာဉ်သည် ကလောမြို့မှ အောင်ပန်းမြို့ဘက်သို့ မောင်းနှင်လာစဉ် အင်းပြင်ကျေးရွာအနီး ပြည်ထောင်စုလမ်းမ မိုင်တိုင်အမှတ် (၇၄/၁)နှင့် (၇၄/၂)ကြားသို့ အရောက်တွင် တစ်ဖက်ယာဉ်ကြောမှ တာချီလိတ်မြို့နေ ယာဉ်မောင်း စိုင်းအောင် မောင်းနှင်သည့် 5G/----- Daihisu Huet ယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခြင်းကြောင့် လိုက်ထရပ်ယာဉ်ပေါ် ပါရှိသည့် ရွှေညောင်မြို့နေ ဒေါ်ရီရီဝင်း (၃၉ နှစ်)နှင့် Daihisu Huet ယာဉ်ပေါ်ပါရှိသူ ကျောက်တံခါးမြို့နေသူ ဦးပန်းအောင် (၆၇ နှစ်)တို့ နှစ်ဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ယာဉ်မောင်း ကျော်ဇေယျာဝင်းအား ကလောမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိမှုကို တွေ့ရစဉ်။

ဥတ္တရသီရိမြို့နယ် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် မေ ၉

နေပြည်တော် ဥတ္တရသီရိမြို့နယ် ပန်းတင်ကျေးရွာအနီးရှိ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၂၁၉/၅)အနီးတွင် ယနေ့ နံနက် ၁၀ နာရီက ရှေ့မှမောင်းနှင်လာသော ယာဉ်ကို နောက်ယာဉ်မှ ဝင်တိုက်မှုဖြစ်ပွားပြီး ယာဉ်ပေါ်လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်ဘက်သို့ အောင်မြေသာစံမြို့နယ်နေ ယာဉ်မောင်း ဦးဝင်းမင်းထွေး (၃၇ နှစ်) မောင်းနှင်လာသော ဟိုက်ဂျက် ယာဉ်ကို အလားတူနောက်မှ မောင်းနှင်လာသော သထုံမြို့နေ ဦးဇင်ကိုကိုအောင် (၂၅ နှစ်)မောင်းနှင်သည့် ဟွန်ဒါဖစ်ယာဉ်က နောက်မှဝင်တိုက်မိသဖြင့် ယာဉ်မောင်း ဦးဝင်းမင်းထွေးနှင့် ယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးဇင်ကိုကိုအောင်ကို တာဝန်ရှိသူများက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)

ရပ်တန့်ထားသည့်ယာဉ်ကို နောက်မှယာဉ်ဝင်တိုက်မိ ယာဉ်မောင်းသေဆုံး၍ ခရီးသည်ကိုးဦးဒဏ်ရာရရှိ

ဖြူး မေ ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီမြို့မ(၁)ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းတွင် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ခရီးသည်များ တင်ဆောင်လာသော ခရီးသည်တင်ယာဉ်က ရပ်တန့်ထားသည့် ၁၈ ဘီး ကုန်တင်ယာဉ်ကို အရှိန်လွန်၍ ဝင်တိုက်မိခဲ့ရာ ယာဉ်မောင်းသေဆုံးသွားပြီး ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသားရှစ်ဦး၊ အမျိုးသမီးတစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇေယျဝတီနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မြင့်ဟန်၊ တာဝန်မှူး ဒုရဲအုပ် အောင်တင်ဦးနှင့်အဖွဲ့ သွားရောက် စစ်ဆေးခဲ့ရာ ဇေယျဝတီမြို့မ(၁)ရပ်ကွက် မိုင်တိုင် ၁ ၄၅/၂ နှင့် ၃ အကြားတွင် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ကိုဟိန်း (၃၅ နှစ်) တောင်ငူမြို့နေသူ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ် BGO 7M/------ ဟိုက်အေ့စ်သည် အခင်းဖြစ်နေရာအရောက် ရှေ့တွင်ရပ်တန့်ထားသော ၁၈ ဘီးကုန်တင်ယာဉ်၏နောက်ပိုင်းကို အရှိန်လွန်ဝင်ရောက်တိုက်မိခဲ့ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ကိုဟိန်း (၃၅ နှစ်)သည် ယာဉ်ရှေ့ခန်းအတွင်းညှပ်၍ ဒဏ်ရာများဖြင့် သေဆုံးသွားပြီး ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသော အမျိုးသား ရှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့မှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ “ပညာရေးဝန်ကြီးဌာန”
၉း၁၅ - မွေးမြူရေးရာအဖြာဖြာ “စီးပွားဖြစ်ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး”
၉း၄၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီကျော်ကျော်ဗို)
၁၀း၃၀ - “သက်ရှိလောကတည်မြဲဖို့ ရေတိမ်ဒေသထိန်းသိမ်းစို့”
၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၁း၃၅ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး “လက်တွေ့အသုံးချဆေးနည်းတိုများ” (အပိုင်း-၂၁)
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၉၆)

ညပိုင်း

၁၆း၃၅ - “မြန်မာ့လူဦးရေနှင့် ကမ္ဘာ့လူဦးရေဆိုင်ရာ အစီရင်ခံစာ ၂၀၁၉”
၁၇း၁၅ - “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၁၀၀)
၁၇း၂၅ - "STAR AWARDS 2018"
၁၇း၃၅ - MRTV Travelogue
၁၈း၃၀ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “အရိပ်လို”
၁၉း၄၀ - ငြိမ်းချမ်းဂီတအတာသင်္ကြန်နွဲပျော်ကြ(၁)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ တစ်နှစ်တာ “နယ်စပ်ရေးရာဝန်ကြီးဌာန”
- “နီးလျက်နှင့်ဝေးခဲ့ရသော”
- နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၂၄)

တောင်ကြီး၊ ပင်လောင်း၊ နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့နယ် တောင်ကြီး-ဇလဲသွားလမ်း ပလီလင်းကျေးရွာအနီးတွင် မအေးချိ မောင်းနှင်ပြီး မမိဥ(ခ)မမိအွမ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မမိဥ(ခ)မမိအွမ်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေပိုင်းတွင် ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် မင်းဘူးကျေးရွာအုပ်စု ပင်ထုံကျေးရွာအနီး၊ ပင်ထုံကျေးရွာ-ရေခေါက်ကျေးရွာသွား ကားလမ်းပေါ်တွင် အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆိုင်ကယ်ရပ်တန့်ပြီး ထွက်ပြေးတိမ်းရှောင်သွား၍ ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၅ ကီလိုကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် အိုက်ကောင်း(ခ)ဆိုင်မိန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၁၄၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅ ပြားနှင့် ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

အိုက်ကောင်း(ခ)ဆိုင်မိန်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သထုံမြို့၌ ရေတွင်းဆယ်ရာမှ အောက်ဆီဂျင်ပြတ်ကာ အမျိုးသားနှစ်ဦး သေဆုံး

သထုံ မေ ၉

မွန်ပြည်နယ် သထုံမြို့တွင် မေ ၈ ရက် နံနက်ပိုင်းက ပုဂ္ဂလိကဆေးရုံရှိ ရေတွင်းကို ဆင်းဆယ်သည့် အမျိုးသားနှစ်ဦး အောက်စီဂျင်ပြတ်ပြီး အသက်ရှုကျပ်ကာ သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့ သိမ်ကုန်းရပ်ကွက် ပန်းစံပယ်ဖြူဆေးရုံဝင်းအတွင်းရှိ အနက် ၃၅ ပေ၊ အကျယ် ၆ ပေရှိ ရေတွင်းကို ပြန်လည်တူးဖော်ရန် ဆေးရုံလုပ်သားများ ဖြစ်သည့် ပေါင်မြို့နေ ဦးသိန်းလွင်(၅၂ နှစ်)၊ ဇင်းကျိုက်မြို့နေ မောင်ပု(ခ)နိုင်ဦး (၃၀ နှစ်)နှင့် ပေါင်မြို့နယ်နေသူများပါ ငါးဦးက ဆင်းဆယ်စဉ် ဦးသိန်းလွင်မှာ ရေတွင်းအတွင်း အနက်ပေ ၃၀ ခန့်အရောက်၌ အောက်သို့ပြုတ်ကျသွားခဲ့ကြောင်း၊ ထို့နောက် မောင်ပု(ခ)နိုင်ဦးက ဦးသိန်းလွင်ကို ကြိုးဖြင့်ဆင်းပြီး ဆယ်ယူရန် ကြိုးစားစဉ် အနက်ပေ ၃၀ ခန့်အရောက်၌ အောက်ဆီဂျင်ပြတ်လာသဖြင့် အော်ဟစ်ရာ ရေတွင်းပေါ်ရှိသူများက ကြိုးဖြင့်ဆွဲတင်ခဲ့ပြီး ရေတွင်းပေါ်အရောက်တွင် သေဆုံးသွားကာ ဦးသိန်းလွင်မှာလည်း သေဆုံးခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများမှ တရားမဝင်ကုန်စည်များ စစ်ဆေး

နေပြည်တော် မေ ၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၆ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၉၈၃ သန်း စုစုပေါင်းတားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅၈၃ သန်းတန်ဖိုးရှိ Phone Tampered Glass များ၊ ပိုးသတ်ဆေး၊ စားသောက်ကုန်နှင့် လူသုံးကုန်များအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဝိုင်းမော်မြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

နေပြည်တော် မေ ၉

မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင် ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် နံနက်ပိုင်းက ဝိုင်းမော်မြို့နယ် တာကျားဟော့ကျေးရွာအနီး၌ အမြင့် နှစ်ပေ၊ သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၅၆ ဧကခန့်ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

လားရှိုး၌ မီးလောင်မှုဖြစ်ပွား

လားရှိုး မေ ၉

လားရှိုးမြို့ရပ်ကွက်(၂) နယ်မြေ(၂)၌ ယနေ့ နံနက် ၁၀ နာရီက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့ ရပ်ကွက်(၂) နယ်မြေ(၂) သိန္နီလမ်းနေ ဦးခင်မောင်မြင့် (၃၇ နှစ်)နေအိမ်တွင် ဝိုင်ယာကြိုးအဟောင်းများပေါက်ပြီး မီးပွားများထွက်၍ အနီးရှိပစ္စည်းများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာနေရာသို့ လားရှိုးမြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ နယ်မြေခံတပ်မတော်သားများက မီးငြိမ်းသတ်ယာဉ်ခုနစ်စီးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုမရှိကြောင်း သိရပြီး ပေ ၂၀ ပတ်လည်ရှိ နှစ်ထပ်အဆောက်အအုံ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဟန်ဌေး(ပြန်/ဆက်)

မောင်တောမြို့ အမှတ်(၅) ရပ်ကွက်တွင် အမှိုက်ပုံ မီးလောင်မှုဖြစ်ပွား

မောင်တော မေ ၉

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၅)ရပ်ကွက်တွင် ယနေ့ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က စည်ပင်သာယာအမှိုက်ပုံ မီးလောင်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ ဦးအောင်လွင်ဌေး သတင်းပေးမှုအရ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်ဖြင့် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

မြောက်ကိုရီးယားနှင့် တရုတ် ဆက်သွယ်ထားသည့် တံတားသစ်ဖွင့်လှစ်

ပြုံယမ်း မေ ၉

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ အကြား မြစ်တစ်စင်းပေါ်တွင် ဆောက်လုပ်ထားသည့် တံတားသစ်တစ်စင်း ဖွင့်လှစ်ခဲ့ရာ အပြည်ပြည်ဆိုင်ရာမှ စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်နေစဉ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာလျက်ရှိသည်။

အဆိုပါတံတားသည် မြောက်ကိုရီးယားမြောက်ပိုင်းမြို့မန်ဖိုနှင့် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျန်းလင်ပြည်နယ်ရှိ ဂျီယန်မြို့တို့ကို ဆက်သွယ်ပေးထားသည့် တံတားဖြစ်သည်။ အဆိုပါတံတားကို မေ ၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ တံတားတည်ဆောက်ရေးလုပ်ငန်းမှာ ၂၀၁၁ ခုနှစ်တွင် စတင်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်မှစတင်ကာ နှစ်နိုင်ငံစလုံးကို ဆက်သွယ်ပေးနိုင်ခဲ့သည်။ သို့သော် မြောက်ကိုရီးယားဘက်မှ နျူကလီးယား ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားခဲ့ပြီး တံတားကို တရားဝင်ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် လွန်ခဲ့သော ၁၃ လအတွင်း တရုတ်နိုင်ငံသို့ လေးကြိမ်သွားရောက်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လာပြီးနောက် မေ ၈ ရက်က တံတားဖွင့်ပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တံတားဖွင့်ပွဲ ပြုလုပ်ပြီးနောက် မြောက်ကိုရီးယားသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးကို တိုးချဲ့ပြုလုပ်လိုပြီး ခရီးသွားများကို ဆွဲဆောင်ကာ နိုင်ငံခြားငွေရှာဖွေလိုသည်။ တရုတ်နိုင်ငံဘက်ကလည်း ပိတ်ဆို့ထားမှုများမှ လွတ်မြောက်ရာလမ်းစပေးသည်ဟူသော အပြည်ပြည်ဆိုင်ရာမှ ဝေဖန်ချက်ကို ရှောင်ရှားနေစဉ် တံတားဖွင့်လှစ်လိုက်ခြင်းအားဖြင့် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေလိုသည်။ မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးထားသည့် နယ်စပ်ဖြတ်ကျော် တံတားတစ်စင်းလည်း မူလကတည်းက ရှိနှင့်ပြီးဖြစ်ရာ အဆိုပါတံတားသည် မြောက်ကိုရီးယား အနောက်မြောက်ပိုင်းမြို့စင်နွိုင်ဂျူနှင့် တရုတ်နိုင်ငံ ဒန်ဒေါင်းမြို့တို့ကို ဆက်သွယ်ထားသည်။ အဆိုပါတံတားသည် တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့် တံတားတစ်စင်းလည်း ဖြစ်သည်။

အင်န်အိတ်ချ်ကေ

တရုတ်နိုင်ငံ ဒန်ဒေါင်းနှင့် မြောက်ကိုရီးယားနိုင်ငံ စင်နွိုင်ဂျူ မြို့တို့ကို ဆက်သွယ်ထားသည့် တံတားကို တွေ့ရစဉ်။

ဝန်ကြီးချုပ် နေတန်ယာဟု၏ နောက်တစ်ကြိမ်ရာထူးသက်တမ်းအတွက် အဆုံးအဖြတ်ပေးမည့် အစ္စရေးရွေးကောက်ပွဲစတင်

ဂျေရုဆလင် မေ ၉

အစ္စရေးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို မေ ၉ ရက်တွင် စတင်နေပြီဖြစ်ရာ ဝန်ကြီးချုပ် နေတန်ယာဟု၏ နောက်တစ်ကြိမ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်ခွင့် ရ မရကို အဆုံးအဖြတ်ပေးမည့် ပွဲလည်း ဖြစ်သည်။

ဝန်ကြီးချုပ် နေတန်ယာဟုကို ခြစားမှုဖြင့် စွပ်စွဲထားမှုလည်းရှိရာ ၎င်းနေရာတွင် ယခုပါဝင်ယှဉ်ပြိုင်နေသည့် စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ ဘန်နီဂန့်စ်ကို အစား ထိုး မထိုး အဆုံးအဖြတ်ပေးမည့် ပွဲလည်း ဖြစ်သည်။ အစောပိုင်းကာလ စစ်တမ်းကောက်ယူမှုများအရ ဝန်ကြီးချုပ် နေတန်ယာဟုက အလေးသာလျက်ရှိသည်။ နောက်ဆုံးရလဒ်များမှာ ဗုဒ္ဓဟူးနေ့ အစောပိုင်းမတိုင်မီ ထွက်ပေါ်လာမည် မဟုတ်ပေ။ နေတန်ယာဟု၏ အဓိကပြိုင်ဘက်ဖြစ်သူ ဘန်နီဂန့်စ်က ၎င်း၏ဇာတိမြို့ ရိုစ့်ဟေရင်မြို့ မဲထည့်အပြီး ပြည်သူများအတွက် လမ်းကြောင်းသစ်ပေါ်တွင် ရပ်ရသည့်အတွက် ဝမ်းသာမိကြောင်း ပြောခဲ့သည်။ မိမိတို့အားလုံး ဒီမိုကရေစီကို လေးစားရမည်ဟုလည်း ၎င်းက ဆက်ပြောသည်။ နေတန်ယာဟုကလည်း ဂျေရုဆလင်မြို့တွင် မဲပေးခဲ့ပြီး ပြည်သူများကို ကောင်းကောင်းရွေးချယ်မှုပြုကြရန် တိုက်တွန်းခဲ့သည်။ ဒီမိုကရေစီ၏အနှစ်သာရအတိုင်း မဲပေးခြင်းဖြစ်ကြောင်း ယင်းအတွက်လည်း ကျေးဇူးတင်ကြောင်း ၎င်းက ပြောခဲ့သည်။

အကျင့်ပျက်ခြစားမှု စွပ်စွဲချက်နှင့် ပတ်သက်ပြီး နေတန်ယာဟုက ၎င်းမှာ အပြစ်ကင်းကြောင်း၊ နိုင်ငံရေးအတွက် အသုံးချခြင်းခံရကြောင်း၊ ရွေးကောက်ပွဲတွင် အသာစီးရရန် ရည်ရွယ်ချက်ဖြင့် ယခုလိုစွပ်စွဲမှုများ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ဝန်ကြီးချုပ် နေတန်ယာဟု မဲဆွယ်နေသည်ကို တွေ့ရစဉ်။

ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ပြန်ပို့သည့်မူဝါဒကို အမေရိကန်တရားရုံးက ရပ်ဆိုင်း

ဝါရှင်တန် မေ ၉

အမေရိကန်သို့ ခိုလှုံခွင့်တောင်းခံသူများအား ဆုံးဖြတ်ချက်စောင့်ဆိုင်းနေစဉ် မက္ကဆီကိုသို့ ပို့ဆောင်သည့်အစီအစဉ်ကို အမေရိကန်တရားရုံးက ရပ်ဆိုင်းထားကြောင်း သိရသည်။

ဆန်ဖရန်စစ္စကိုရှိ တရားရုံးမှ မေ ၈ ရက်တွင် ယခုလို အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဒုက္ခသည်များကို လုံခြုံမှုနှင့် လွတ်လပ်မှုအတွက် အပြည့်အဝအာမခံချက်မပေးနိုင်သည့် တိုင်းပြည်များသို့ ပြန်လည်မပို့ဆောင်ရဟု တရားဝင်ဝတ္တရားရှိသည့်အတွက် ရွှေ့ပြောင်းအခြေချနေထိုင်သူများမူဝါဒကို တားဆီးလိုက်ခြင်းဖြစ်ကြောင်း တရားသူကြီးက ပြောသည်။

အဆိုပါအမိန့်သည် လာမည့် သောကြာနေ့မှစကာ အာဏာသက်ရောက်မည်ဟု ယူဆရသည်။ ဇန်နဝါရီလမှစတင်ကာ ခိုလှုံခွင့်တောင်းခံသူများအား စိစစ်နေစဉ်အတွင်း အမေရိကန်မြေပေါ်တွင် ခြေချခွင့်မပြုဘဲ မက္ကဆီကိုသို့ ပြန်ပို့သည့် မူဝါဒကို ကျင့်သုံးခဲ့သည်။ အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်၌ ရောက်ရှိနေသော ဗဟိုအမေရိကမှ ဒုက္ခသည်များ နိုင်ငံအတွင်း လိမ့်ဝင်လာခြင်းကို လျှော့ချရန်အတွက် ရည်ရွယ်ပြီး ထိုသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ခိုလှုံခွင့်တောင်းခံသူအများစုက တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ပြီး ၎င်းတို့အမှုအတွက် ကြားနာခြင်းမပြုရသေးမီ ပျောက်ကွယ်သွားကြသည်။ အရပ်ဘက်အဖွဲ့အစည်းများကမူ အစိုးရ၏မူဝါဒများသည် အန္တရာယ်များလွန်းသည်ဟု ပြောကြပြီး ယင်းအစီအစဉ် ပျက်ပြယ်သွားစေရန် တောင်းဆိုကြသည်။ **အင်န်အိတ်ချ်ကေ**

သတင်းထောက် ခါရှောဂီသေဆုံးမှုနှင့် ပတ်သက်သည့် ဆော်ဒီနိုင်ငံသား ၁၆ ဦးကို အမေရိကန်သို့ဝင်ခွင့်ပိတ်ပင်

ဝါရှင်တန် မေ ၉

ဆော်ဒီအစိုးရအပေါ် ဝေဖန်ရေးသားသည့် သတင်းစာသမားတစ်ဦးဖြစ်သည့် ဂျမားလ်ခါရှောဂီ သေဆုံးမှုတွင် ပါဝင်ပတ်သက်နေသည့် ဆော်ဒီနိုင်ငံသား ၁၆ ဦးကို မေ ၈ ရက်နေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်လိုက်ကြောင်း သိရသည်။

သတင်းထောက် ခါရှောဂီသည် အောက်တိုဘာ ၂ ရက်က အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း၌ ရီယာ့ဒ်မှစေလွှတ်လိုက်သည့် အေးဂျင့် ၁၅ ဦးပါ အဖွဲ့တစ်ဖွဲ့၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ဆော်ဒီနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ စံသတ်မှတ်မှုကို နိုင်ငံတကာက ဝေဖန်မှုများ ပေါ်ထွက်လာစေခဲ့သည်။ ထို့ပြင် သတင်းထောက် ခါရှော့ဂီအသတ်ခံရမှုတွင် ဆော်ဒီအာရေဗျ၏ ဩဇာအာဏာကြီးမားသည့် အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန် ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲမှုများလည်း ရှိခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ခံရသူ ၁၅ ဦးတို့၏ အမည်များကို ဖော်ပြခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ပအစိုးရ၏ အရာရှိများ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာ သတင်းအချက်အလက်များ ရရှိထားပြီး အဆိုပါပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုဝင်များ အမေရိကန်သို့ ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံ

ဝါရှင်တန် မေ ၉

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် တနင်္လာနေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အေကေအဗ္ဗဒူ မိုမက်နှင့် ဝါရှင်တန်၌ တွေ့ဆုံခဲ့ပြီး စီးပွားရေး၊ လုံခြုံရေးနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်းသိရသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံနှင့် ဖြစ်ပွားလျက်ရှိသည့် နေရပ်စွန့်ခွာလာသူများအရေး အဖြေရှာရန်လည်း ဆွေးနွေးခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာလာသူများကို ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် အခြေအနေများကို ဖန်တီးပေးရန် အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။ နေရပ်စွန့်ခွာလာသူများကို လက်ခံထားသည့်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို အထောက်အပံ့ပေးရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် မည်သို့မည်ပုံ အလုပ်လုပ်မည်ကို မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာသူ တစ်သန်းခန့်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လက်ခံထားသည့်အတွက်လည်း ဘင်္ဂလားဒေ့ရှ်၏ ရက်ရောမှုကို ချီးကျူးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မော်ဂန်အော်တေးဂတ်စ်က ပြောသည်။ ထို့ပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ကောင်းမွန်သောအုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာမှု၊ ဒီမိုကရေစီ၏တန်ဖိုး စသည်တို့၏ အရေးပါပုံကို အလေးပေးပြောကြားခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသတွင် ဘင်္ဂလားဒေ့ရှ်သည် အရေးပါသည့် မိတ်ဖက်ဖြစ်လာကြောင်း ပြောခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို။

ယူနိုက်တက်နယူးစ်အော့ဗ် ဘင်္ဂလားဒေ့ရှ်

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ရာဘတ်မြို့တွင် ကျင်းပ

ရာဘတ် မေ ၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO) က ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကို မော်ရိုကိုနိုင်ငံမြို့တော် ရာဘတ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ ကျန်းမာရေးဂရုစိုက်မှုသည်သာပဓာန-တစ်ကမ္ဘာလုံးလွှမ်းခြုံနိုင်သည့် ကျန်းမာရေးလမ်းကြောင်းဆီသို့ ဟူသော ခေါင်းစဉ်အောက်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟန်နွမ် ဂတ်ဘရီးစ်နှင့် မော်ရိုကိုဝန်ကြီးချုပ် ဆာဒတ် အီဒင်အယ် အော့သ်မန်နီတို့က ဦးစီးကျင်းပခဲ့ခြင်း ဖြစ်သည်။ တက်ရောက်လာကြသူများကို အမှာစကားပြောကြားရာတွင် မော်ရိုကိုဘုရင်က ကျန်းမာရေးကိုဦးစားပေးခြင်းသည် အရေးကြီးပြီး တစ်ကမ္ဘာလုံးကျန်းမာရေးကို လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ ကျန်းမာရေးစနစ်များအတွက်သာ စိန်ခေါ်မှုရှိသည်မဟုတ် ကျန်းမာရေးအာမခံချက်အစီအစဉ်အတွက် ရန်ပုံငွေရရှိရန်လည်း အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

စင်ကာပူဝန်ကြီးချုပ် မလေးရှားသို့ရောက်ရှိ

ကွာလာလမ်ပူ ဧပြီ ၉

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် မလေးရှားသို့ ဧပြီ ၈ ရက်နေ့တွင် အလုပ်သဘော အလည်အပတ်ခရီး ထွက်လာခဲ့သည်။ နှစ်စဉ် မလေးရှားနှင့် စင်ကာပူတို့တွင် တစ်လှည့်စီကျင်းပမြဲဖြစ်သည့် (၉) ကြိမ်မြောက် မလေးရှား-စင်ကာပူ ခေါင်းဆောင်ကြီးများ သီးသန့်အစည်းအဝေးပွဲသို့ တက်ရောက်ရန် လာရောက်ခဲ့ခြင်း ဖြစ်သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် တွေ့ဆုံခြင်းလည်းဖြစ်သည်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ သီးသန့်တွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံအရေးကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးတက်မှုများကို လေ့လာမှုများနှင့် နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ဖြစ်ထွန်းစေရေး ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းသစ်များကို ရှာဖွေသွားရန် ဆွေးနွေးသွားမည်ဟု ယူဆရသည်။

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုမှာ ခန့်မှန်းခြေအားဖြင့် ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၂ ဘီလီယံခန့်ရှိကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သည် ပိုမိုရင်းနှီးစွာ ဆက်ဆံလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

လစ်ဗျား၌ ဖြစ်ပွားနေသည့် တိုက်ပွဲများ အမြန်ဆုံးရပ်ရန် ကုလသမဂ္ဂအကြီးအကဲ တိုက်တွန်း

ထရီပိုလီ ဧပြီ ၉

ခါလီဖာဟက်ဖ်တာ ဦးဆောင်သည့် တပ်ဖွဲ့က ထရီပိုလီမြို့၏ တစ်ခုတည်းသော လေဆိပ်ကို လေကြောင်းတိုက်ခိုက်မှု တစ်ခု လုပ်ဆောင်ခဲ့ပြီးနောက်တွင် လစ်ဗျား၌ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ပေးရန် ကုလသမဂ္ဂ အကြီးအကဲ အန်တိုနီယို ဂူတာရက်စ်က မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

ဟက်ဖ်တာ ဦးဆောင်သည့် စစ်တပ်က ပြီးခဲ့သည့် ရက်သတ္တပတ်က မျှော်လင့်မထားသည့် ထိုးစစ်ဆင်တိုက်ခိုက်မှု တစ်ခု ပြုလုပ်ခဲ့ချိန်မှစတင်ကာ လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ၌ ဖြစ်ပွားသည့် တိုက်ပွဲများမှ ပြည်သူထောင်ချီ ထွက်ပြေးခဲ့ကြရကြောင်း ကုလသမဂ္ဂအဖွဲ့ကြီးက ပြောကြားခဲ့သည်။ တိုက်ပွဲများအတွင်း လူအများအပြား သေဆုံးခဲ့သည်။

တင်းမာမှုအခြေအနေများ လျော့ကျစေရန်နှင့် ပဋိပက္ခများ ထပ်ဖြစ်မလာစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေမှု အားလုံးကို အမြန်ဆုံးရပ်တန့်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တိုက်တွန်းလိုက်ကြောင်း ကုလသမဂ္ဂအဖွဲ့က ဧပြီ ၈ ရက် နှောင်းပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ **အေအက်ဖ်ပီ**

လူဝင်မှုကြီးကြပ်ရေး တင်းကျပ်နေချိန် အမေရိကန်မှာ နောက်ထပ်နိုင်ငံခြားလုပ်သားတွေ လက်ခံဦးမှာလား

ခြူးစန္ဒီနွေး

ရွှေ့ပြောင်းလုပ်သားတွေ ဝင်ရောက်ရာလမ်းကြောင်းဖြစ်တဲ့ မက္ကဆီကိုနဲ့ ထိစပ်နေတဲ့နယ်စပ်ကို အမေရိကန်သမ္မတ ထရမ့်က ပိတ်ပစ်ဖို့ နည်းလမ်းတွေရှာဖွေနေတဲ့အချိန် ဗဟိုအစိုးရကတော့ အိမ်သန့်ရှင်းရေး၊ မြေယာပြုပြင်ရေးလုပ်ငန်းနဲ့ အခြားသောနယ်ပယ်တွေမှာ လုပ်ကိုင်နိုင်မယ့် ယာယီအလုပ်အတွက် နိုင်ငံခြားသားအလုပ်သမားတွေကို ဗီဇာထုတ်ပေးချင်ပါတယ်။

မြေယာပြုပြင်ရေး နိုင်ငံခြားသားလုပ်သားတစ်ဦးကို တွေ့ရစဉ်။

အရေအတွက်ကန့်သတ်

အမိမြေလုံခြုံရေးနဲ့ အလုပ်သမားဌာနကတော့ H-2B ဗီဇာပေါင်း သုံးသောင်းခန့်ကို ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကစပြီး ထုတ်ပေးဖို့ စီစဉ်ခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့် လွှတ်တော်ကတော့ ဗီဇာထုတ်ပေးမှုအရေအတွက်ကို ကန့်သတ်ခဲ့ပါတယ်။ H-2B ဗီဇာဆိုတာ စိုက်ပျိုးရေးမဟုတ်တဲ့ အခြားယာယီလုပ်ငန်းတွေမှာ လုပ်ကိုင်ဖို့ နိုင်ငံခြားကနေ အလုပ်သမားတွေကို အမေရိကန်နိုင်ငံအတွင်း ငှားရမ်းလုပ်ကိုင်စေတာပါ။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ၊ မြေယာပြုပြင်ရေးကုမ္ပဏီတွေနဲ့ အခြားသောကုမ္ပဏီတွေမှာ လုပ်ကိုင်နိုင်မယ်ဆိုရင် ရွှေ့ပြောင်းလုပ်သားတွေအတွက် ဗီဇာရှိမှသာ တရားဝင်လုပ်ကိုင်ခွင့်ရမှာဖြစ်ပါတယ်။

ကျိုးကြောင်းမညီညွတ်

ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာတော့ ထုတ်ပေးခဲ့တဲ့ ဗီဇာရဲ့ ၇၅ ရာခိုင်နှုန်းခန့်ဟာ မက္ကဆီကိုကလာတဲ့ အလုပ်သမားတွေရရှိခဲ့တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ ဖော်ပြလျက်ရှိပါတယ်။ ဂွါတီမာလာနဲ့ အခြားသောတောင်အမေရိကနိုင်ငံသားတွေအတွက်လည်း ဗီဇာထုတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ဗီဇာထုတ်ပေးတဲ့နေရာမှာ ထိန်းချုပ်မှုတွေကို ဖယ်ရှားပေးဖို့ စီးပွားရေးလုပ်ငန်းတွေဟာ ပုံမှန်အားဖြင့် လွှတ်တော်အမတ်တွေကို တွန်းအားပေးကြပါတယ်။ အလုပ်လက်မဲ့ပမာဏဟာလည်း ကျဆင်းနေပြီး ပြည်တွင်းလုပ်သားတွေလည်း ပိုပြီးရှားပါးလာတဲ့အတွက် အခုလို တောင်းဆိုမှု ဖြစ်ပေါ်လာရတာပါ။ အစိုးရရဲ့ လှုပ်ရှားမှုတစ်ရပ်ဖြစ်တဲ့ H-2B အစီအစဉ်ကို တိုးချဲ့ဖို့ စီစဉ်တာဟာ တောင်ပိုင်းနယ်စပ်ကို ပိတ်ပစ်မယ်ဆိုတဲ့ ထရမ့်ရဲ့ပြောစကားနဲ့ ကျိုးကြောင်းမညီညွတ်ဘူး ဖြစ်နေပါတယ်။

ကွဲလွဲမှုတွေရှိ

အမေရိကန်သမ္မတ ထရမ့်ဟာ ဂျူး ရီပတ်ဘလီကန်ညွန့်ပေါင်းအဖွဲ့မှာ မိန့်ခွန်းပြောကြားခဲ့စဉ်က "ကျွန်တော်တို့တိုင်းပြည်မှာ လူတွေနဲ့ ပြည့်နေပြီလို့ ပြောခဲ့ပါတယ်။ ဒီထက်ပိုပြီးလည်း ကိုင်တွယ်ပေးလို့ မရတော့ဘူး။ ရွှေ့ပြောင်းလုပ်သားတွေ ထပ်ဝင်လာလို့မရတော့ဘူး၊ တောင်းပန်ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။ လူဝင်မှုကြီးကြပ်ရေးသုတေသီတစ်ဦးဖြစ်သူ အဲလက် နော်ရက်စ်ကတော့ အစိုးရရဲ့အဆိုပြုချက်အတွင်းမှာ ကွဲလွဲမှုတွေ အများကြီးရှိနေပါတယ်လို့ ပြောပါတယ်။ ပထမအချက်ကတော့ စီးပွားရေးဟာ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် လူတွေ ပိုပြီးလိုအပ်ပါတယ်လို့ ထရမ့်က ပြောခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံမှာ လူတွေနဲ့ပြည့်နေပြီ၊ ဒါကြောင့် နေရပ်ကိုပြန်သွားလို့ ထရမ့်က ပြောခဲ့တာပါ။ ဒီနှစ်ချက်ဟာ ကွဲပြားနေပါတယ်။ ၂၀ ရာစုက စတင်ခဲ့တဲ့ H-2B ဗီဇာအစီအစဉ်ဟာ အချိန်ပိုင်းလုပ်ငန်းတွေမှာ နိုင်ငံခြားသားလုပ်သားတွေကို အသုံးပြုတာနဲ့ ပတ်သက်ပြီး အငြင်းပွားစရာ တောက်လျှောက်ဖြစ်ပွားခဲ့ပါတယ်။

ခေါင်းပုံဖြတ်ခံရ

သမဂ္ဂတွေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဆန့်ကျင်သူတွေက H-2B အစီအစဉ်နဲ့ နိုင်ငံခြားသားလုပ်သားတွေ ငှားရမ်းတာကို ကန့်ကွက်ကြတယ်။ အမေရိကန်တွေအတွက် အလုပ်နေရာ မရှိတော့ဘူးဆိုပြီး ငြင်းခုံကြတယ်။ ရှေ့နေအုပ်စုကလည်း နိုင်ငံခြားသားအလုပ်သမားတွေဟာ မကြာခဏဆိုသလို ခေါင်းပုံဖြတ်ခံရတယ်လို့ ပြောကြပြန်ပါတယ်။ ပြီးတော့ အလုပ်ရှင်တွေ ပြောကြတာကတော့ ဗီဇာထုတ်ပေးမှုကို ကန့်သတ်ထားတဲ့အတွက်ကြောင့် အထောက်အထားမဲ့လုပ်သားတွေကို ငှားရမ်းရတာဖြစ်တယ်လို့ ပြောပါတယ်။ အမိမြေလုံခြုံရေးမှ ပြောရေးဆိုခွင့်ရှိသူ အန်ဒရာပါလာမိုက H-2B ဗီဇာအစီအစဉ်နောက်ကွယ်က အချက်တွေနဲ့ ပတ်သက်ပြီး မေးခွန်းမေးမြန်းခဲ့ရာမှာတော့ မေးခွန်းအားလုံးကို ဖြေကြားခဲ့ခြင်း မရှိပါဘူး။

အကျိုးအမြတ်များ

မစ္စတာ နော်ရက်စ်ကတော့ သူဟာ H-2B အစီအစဉ်ကို သဘောကျတယ်လို့ ပြောပါတယ်။ H-2B ဗီဇာကြောင့်ရတဲ့ စီးပွားရေးအကျိုးအမြတ်ဟာ တကယ်ပဲကြီးမားပါတယ်လို့ ပြောပါတယ်။ အလုပ်သမားတွေအတွက်လည်း အကျိုးအမြတ်တွေ ဖြစ်ထွန်းစေတယ်လို့ သူက ဆက်ပြောပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အမေရိကန်အလုပ်သမားတွေဟာ ဒီအလုပ်တွေမှာ စိတ်ဝင်စားမှုမရှိဘူးဆိုတာကို ပြသဖို့လိုတယ်။ ပြီးတော့ ဗီဇာကို ကန့်သတ်ထားတာလည်း အဓိပ္ပာယ်မရှိဘူးဆိုတာ ပြသရာရောက်မှာလို့ သူက ဆက်ပြောပါတယ်။ တကယ်လို့များ ဒီလုပ်ငန်းတွေမှာ အမေရိကန်လုပ်သားတွေကို ငှားရမ်းဖို့ကြိုးစားရာမှာ အမေရိကန်တွေက စိတ်ဝင်စားမှုမရှိဘူးဆိုရင် ဗီဇာမှာ ကန့်သတ်မှုတွေရှိတော့မှာ မဟုတ်ဘူးလို့ မစ္စတာ နော်ရက်စ်က ပြောပါတယ်။

အထောက်အထားမဲ့တွေ လျော့လာမယ်

မက္ကဆီကန်အလုပ်သမားတွေကို H-2B ဗီဇာ ထုတ်ပေးမယ်ဆိုရင် တရားမဝင် အလုပ်လုပ်ကိုင်မှုတွေ လျော့ပါးသွားလိမ့်မယ်လို့ သူက ဆက်ပြောပါတယ်။ ဗီဇာအစီအစဉ်ကို တိုးချဲ့ပြီး ကန့်သတ်မှုတွေကို ဖယ်ရှားနိုင်မယ်ဆိုရင် ဗဟိုအမေရိကကနေ ဝင်ရောက်လာမယ့် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို လျှော့ချနိုင်လိမ့်မယ်လို့လည်း ပြောပါတယ်။ လွန်ခဲ့တဲ့လအတွင်းကပဲ ပါတီနှစ်ခုစလုံးကပါဝင်တဲ့ လွှတ်တော်အမတ်တွေဟာ အမိမြေလုံခြုံရေးဌာနကို မေးမြန်းခဲ့ပါတယ်။ အလုပ်သမားရှားပါးတဲ့ စီးပွားရေးလုပ်ငန်းငယ်လေးတွေကို အထောက်အကူဖြစ်စေဖို့၊ ဗီဇာထုတ်ပေးတဲ့အရေအတွက်ကို တိုးမြှင့်ပေးဖို့ မေးမြန်းခဲ့ပါတယ်။ အထူးသဖြင့် နွေရာသီကာလ လုပ်သားတွေအတွက် ရည်ရွယ်ပြီး ပြောခဲ့တာပါ။ ယာယီအလုပ်တွေလုပ်ကိုင်ဖို့အတွက် နိုင်ငံအတွင်း အချို့နေရာတွေမှာ အလုပ်လုပ်နိုင်တဲ့အရေအတွက်နဲ့ လုပ်ငန်းလိုအပ်ချက် မျှတနေဖို့ လိုအပ်တယ်လို့ ဥပဒေပြုလွှတ်တော်အမတ် ၁၁ ဦးက လက်မှတ်ရေးထိုးထားတဲ့စာမှာ ပါရှိပါတယ်။

ကျဆင်းလာ

အမေရိကန်ရဲ့လူဝင်မှုကြီးကြပ်ရေးဥပဒေတွေ တင်းကျပ်လာတာနဲ့အမျှ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ အထောက်အထားမဲ့ ရွှေ့ပြောင်းလုပ်သားအရေအတွက်ဟာ ၁၀ ဒသမ ၇ သန်းအထိ ကျဆင်းခဲ့ပါတယ်။ အမေရိကန်မှာ ရွှေ့ပြောင်းလုပ်သားအရေအတွက်အများဆုံးကတော့ ၂၀၀၈ ခုနှစ်ဖြစ်ပြီး ၁၂ သန်းခန့်ရှိတယ်လို့ ရွှေ့ပြောင်းလုပ်သားများလေ့လာရေးဌာနရဲ့အချက်အလက်တွေအရ သိရပါတယ်။ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ လယ်သမားတွေဟာ ရွှေ့ပြောင်းလုပ်သားတွေကို ပိုပြီးငှားရမ်းလိုပါတယ်။ အမေရိကန်နိုင်ငံသားတွေထက် ရွှေ့ပြောင်းလုပ်သားတွေဟာ လုပ်အားခချိုချိုနဲ့ ငှားရမ်းလုပ်ကိုင်လို့ရတဲ့အတွက် လုပ်ငန်းရှင်တွေအကြိုက် ဖြစ်ရတာပါ။

အလုပ်သမားတင်သွင်းဖို့ မလိုအပ်

မက်ခရစ်ကိုရိန်းကတော့ ရွှေ့ပြောင်းအခြေချနေထိုင်သူများ လေ့လာရေးဗဟိုဌာနက အလုပ်အမှုဆောင်အရာရှိတစ်ဦး ဖြစ်ပါတယ်။ သူကတော့ ရွှေ့ပြောင်းအခြေချနေထိုင်မှုအပေါ် ကန့်သတ်တာကို ထောက်ခံသူလည်း ဖြစ်ပါတယ်။ သူကတော့ ဗီဇာတိုးချဲ့ရေးအစီအစဉ်ကို ဝေဖန်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်တွေဟာ ရွှေ့ပြောင်းအလုပ်သမားတွေကို ငှားရမ်းတာမျိုး မလုပ်သင့်ဘူးလို့ ပြောပါတယ်။ နောက်ပြီးတော့ အလုပ်လုပ်နိုင်တဲ့အရွယ် သန်း ၅၀ ဟာ အလုပ်သမားအင်အားမှာ ပါဝင်မှု မရှိသေးပါဘူး။ ဒါကြောင့် ပြည်ပကနေ အလုပ်သမားတွေ တင်သွင်းဖို့ မလိုအပ်သေးဘူးလို့ သူက ပြောပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကတော့ ရွှေ့ပြောင်းလုပ်သားတွေအရေး တင်းတင်းကျပ်ကျပ် ကိုင်တွယ်လို့ ဝေဖန်ခံရသူလည်း ဖြစ်ပါတယ်။ လတ်တလောမှာတော့ ဗဟိုအမေရိကက လှိမ့်ဝင်လာမယ့် ရွှေ့ပြောင်းနေထိုင်သူတွေအရေး ခေါင်းစားနေရပါတယ်။ မက္ကဆီကိုနယ်စပ်ကို ပိတ်ပစ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တဲ့ ထရမ့်ဟာ ရွှေ့ပြောင်းလုပ်သားတွေကို မကြိုဆိုတာကတော့ အမှန်ပါပဲ။ ။

ကိုးကား- နယူးယောက်တိုင်းမ်

> **"သမဂ္ဂတွေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဆန့်ကျင်သူတွေက H-2B အစီအစဉ်နဲ့ နိုင်ငံခြားသားလုပ်သားတွေ ငှားရမ်းတာကို ကန့်ကွက်ကြတယ်။ အမေရိကန်တွေအတွက် အလုပ်နေရာ မရှိတော့ဘူးဆိုပြီး ငြင်းခုံကြတယ်။ ရှေ့နေအုပ်စုကလည်း နိုင်ငံခြားသားအလုပ်သမားတွေဟာ မကြာခဏဆိုသလို ခေါင်းပုံဖြတ်ခံရတယ်လို့ ပြောကြပြန်ပါတယ်"**

ကျောင်းတော်ရာဘုရားပွဲတော်က ပထမဆုံးထည့်သွင်းကျင်းပသော မြင်းစီးပြိုင်ပွဲ

ပြိုင်ပွဲပထမနေ့က မြင်းစီးသရုပ်ပြပွဲတွင် ဝင်ရောက်သရုပ်ပြပေးခဲ့ကြသော ညောင်ဦးမြို့နယ် ထီးပုကျေးရွာမှ မိုးမြင်းစီးအသင်းသားများ။

သန်းနိုင်ဦး (ဇဗဲ)

မြန်မာနိုင်ငံတွင် မြင်းများ တန်ဖိုးကြီးမြင့်မှု၊ မွေးမြူထိန်းသိမ်း စရိတ်ကြီးမားမှုကြောင့် မြင်းမွေးမြူသူ နည်းပါးလာပါသည်။ မြင်းစီးခြင်းသည် အနုပညာဆန်၍ စီးသူနှင့် ကြည့်ရှုသူအား စိတ်ကြည်နူးစေသောကြောင့် ဖွံ့ဖြိုးတိုးတက် ချမ်းသာကြွယ်ဝသည့် နိုင်ငံများတွင် မြင်းများကို အထူးဂရုစိုက်မွေးမြူ၍ မြင်းစီးအားကစားပြိုင်ပွဲမျိုးစုံကို တခမ်းတနား ကျင်းပလျက်ရှိကြပါသည်။

မြန်မာနိုင်ငံတွင်လည်း မျိုးကောင်းမျိုးသန့်မြင်းများ၊ မြင်းစီးအားကစားသမားကောင်းများ ပေါ်ထွက်လာစေချင်ပါသည်။ ထိုသို့ ပေါ်ထွက်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကျောင်းတော်ရာ ဘုရားပွဲတော်၌ ပထမဆုံးအကြိမ်အဖြစ် မြင်းစီးပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့ပြီး အသားကျပြိုင်ပွဲနှင့် ဒုန်းစီးပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့မှုကို မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။ (မြင်းစီးပြိုင်ပွဲကို ဧပြီ ၁ ရက်မှ ၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်ဟု သိရသည်။)

ကျန်းမာရေးစောင့်ရှောက်မှုပေးရန်လိုအပ်သော ပြိုင်ပွဲဝင်မြင်းကို ပြိုင်ပွဲမစမီ ကျန်းမာရေး စစ်ဆေးပေးနေစဉ်။

ပွဲကျောင်းပညာရှင် ဒေါက်တာ ကျော်ကျော်ညွန့်က မြန်မာ့ယဉ်ကျေးမှု ပွဲကျောင်းလက်ရေးပညာကို သရုပ်ပြတင်ဆက်ခဲ့စဉ်။

ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသော မြင်းစီးအားကစားသမားများ။

အသားကျပြိုင်ပွဲနှင့် အငယ်တန်းဒုန်းစီးပြိုင်ပွဲများ ယှဉ်ပြိုင်နေကြစဉ်။

ပြိုင်ပွဲ ပထမနေ့က အကြိတ်အနယ် ယှဉ်ပြိုင်နေကြသော မြင်းစီးအားကစားသမားများ။

ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး)၏ မိတ်ဆုံစားပွဲ ကျင်းပ

မန္တလေး မေ ၉

မန္တလေးတိုင်းဒေသကြီး ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး)၏ တစ်နှစ်ပြည့် မိတ်ဆုံစားပွဲကို ယမန်နေ့က မန္တလေးမြို့ လမ်း ၆၀ ၊ ၂၃×၂၄လမ်းကြားရှိ Sky Villa Hotel ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး) ဥက္ကဋ္ဌ ဦးသိန်းတန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ငြိမ်းချမ်းရေးမုဒိတာ စကားပြောကြားရာ တိုင်းဒေသကြီး ငြိမ်းချမ်းရေးအဖွဲ့၏ ဘာသာပေါင်းစုံ ချစ်ကြည်ရေးလုပ်ဆောင်မှုများ၊ ငြိမ်းချမ်းရေးလုပ်ဆောင်မှုများနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာရှိပါကြောင်းနှင့် အေးချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေး လုပ်ဆောင်မှုများကို ချီးကျူးစကားပြောကြားသည်။

ဘာသာကြီး ငါးဘာသာဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဘဟာအီဘာသာမှ ခေါင်းဆောင်များက ဘာသာတရားအဆုံးအမနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးစကားပြောကြားပြီး မိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ခင်ခင်ဝင်း(ပညာရေး)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တောင်ငူမြို့နယ်ဒေသခံပြည်သူများ တွေ့ဆုံ

တောင်ငူ မေ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တောင်ငူမြို့နယ် ဒိုးသောင်ကျေးရွာအုပ်စု ရှမ်းဝတီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ယမန်နေ့က ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပြည်သူများနှင့် တွေ့ဆုံစဉ်။

ဝန်ကြီးချုပ်က ဒေသခံ ပြည်သူများနှင့် လာရောက်တွေ့ဆုံရခြင်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်နှင့်အညီ လက်ရှိမြေပြင်တွင် ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ ဌာနဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံရာတွင် အဆင်မပြေမှုများ၊ မြေယာအငြင်းပွားမှုများစသည့် ပြည်သူတို့၏ လိုလားမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရမှ လျှောက်လှမ်းနေသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရား ပီပြင်စွာဖြစ်ပေါ်လာနိုင်ရေး၊ NCA ကဲ့သို့ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊မြို့ပြ၊ ကျေးလက်လူမှုစီးပွားဘဝများ တန်းတူဖွံ့ဖြိုးတိုးတက်လာနိုင်ရေး ဆောင်ရွက်နေမှုများကို သိရှိစေရန်၊ အေးချမ်းတည်ငြိမ်သော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရန်အတွက် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေး၏ ပင်မရေသောက်မြစ်သည် ယုံကြည်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့သည် အေးချမ်းသော ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ခုအဖြစ် တည်ဆောက်ရာတွင် မတူကွဲပြားမှုများကို လက်ခံပြီး အတူယှဉ်တွဲ နေထိုင်ကြခြင်းဖြင့် ယုံကြည်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိလူမျိုး၊ မိမိအသင်းအဖွဲ့၊ မိမိဘာသာ စသည့် အတ္တစွဲဖြင့် ဆောင်ရွက်နေမည်ဆိုပါက ရေရှည်တည်ငြိမ်အေးချမ်းရန် မဖြစ်နိုင်ကြောင်း၊ အတ္တနှင့်ပရမ္မတစွာဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးများ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

တက်ရောက်လာသည့် ဒေသခံပြည်သူများက သိမ်းဆည်းမြေယာကိစ္စ၊ စစ်တောင်းမြစ်ကမ်းပြိုကာကွယ်ရေးနှင့် စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး၊ ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးရန်၊ နိုင်ငံသားမှတ်ပုံတင်ကတ်ပြုလုပ်ရာတွင် လူမျိုးဘာသာ အမည်မှန်များ ပြင်ဆင်ပြောင်းလဲပေးရန်၊ နှစ်ရှည်လုပ်ကိုင်ခဲ့သည့် မြေယာများအား မြေယာပိုင်ဆိုင်မှုထုတ်ပေးနိုင်ရေးတို့ကို တင်ပြခဲ့ရာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဌာနဆိုင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့သည်။

ဟိန်းထက်(ပဲခူး)

အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်း

ဘားအံ မေ ၉

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်နိုင်ရေး မြေနေရာအခြေအနေကို ကြည့်ရှုခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်အတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ကရင်ပြည်နယ်အတွင်းရေးမှူး ဦးကျော်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ရောက်ရှိခဲ့ကြသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူ-သံတောင်-သံတောင်ကြီး လမ်းပေါ်ရှိ ပျားစခန်းကျေးရွာမှ သံတောင်မြို့သို့သွားလမ်းအပိုင်း ယခင်ကတ္တရာခင်း ၁၂ ပေ တောင်တက်လမ်းအား ၂၄ ပေအကျယ် အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းနှင့် ပျားစခန်းကျေးရွာမှစတင်ပြီး နိုင်လွန်ကွန်ကရစ် တစ်မိုင်စတင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး သံတောင်မြို့ ပသိခန်းမ၌ ကိုယ်ဝန်ဆောင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် သံတောင်ကြီးမြို့နယ်အတွင်း ကိုယ်ဝန်ဆောင် ၁၂၉၃ ဦး၊ အသက်နှစ်နှစ်အောက် ကလေးငယ် ၅၈၀ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၄၃၃၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ခရစ်ထွန်းတို့က ပေးအပ်ခဲ့ကြသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်က အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ငွေပေးအပ်စဉ်။

အဆိုပါအဖွဲ့သည် သံတောင်ကြီးမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဆောက်လုပ်မည်ဖြစ်ရာ တောပြာကြီးကျေးရွာသို့ ရောက်ရှိပြီး နှစ်ခြင်းအသင်းတော်ခန်းမ၌ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး အကြံပြုတင်ပြမှုများကို ဆွေးနွေးညှိနှိုင်းကာ တောပြာကြီးကျေးရွာရှိ မြေနေရာနှင့် တောင်ငူ-သံတောင်-သံတောင်ကြီးသွား လမ်းမပေါ်ရှိ၂၃ မိုင် ၆ ဖာလုံရှိ ကားလမ်းဘေးမြေနေရာ နှစ်နေရာတို့ကို အသင့်တော်ဆုံး တစ်နေရာအား အတည်ပြုရွေးချယ်သွားနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၅၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၇၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၅၉၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၄၀/၉၈၅ ကျပ်	၁၀၀၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၅၀/၉၉၅ ကျပ်	၁၀၁၅/၁၀၂၀ ကျပ်
အောက်တိန်း ၉၂	၇၉၀/၈၅၀ ကျပ်	၈၈၅/၉၀၅ ကျပ်
အောက်တိန်း ၉၅	၈၇၀/၉၂၀ ကျပ်	၉၆၅/၉၈၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၀၅ · ၄
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၈ · ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၂ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၇၃ · ၇
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၅၂ · ၃
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၆ · ၄
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ · ၃၈
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၆၇၆
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၂ · ၀၅
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၇ · ၇၁
ထိုင်း	တစ်ဘတ်	ကျပ် ၄၇ · ၃၁၀

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လက်ကွယ်ဗုဒ္ဓဟူး ရုပ်ရှင်တွင် ထိုင်းနိုင်ငံမှ အနုပညာရှင်နှင့် အတတ်ပညာရှင်များပါ ပါဝင်မည်

လက်ကွယ်ဗုဒ္ဓဟူးဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို Little Potato Production မှ တင်ဆက်ရိုက်ကူးမည်ဖြစ်ပြီး ထိုဇာတ်ကားကို ဇာတ်လမ်း ဒေဝတာ၊ ဇာတ်ညွှန်း လွင်မင်းအံ့က ရေးသား၍ ဒါရိုက်တာ အကယ်ဒမီ ညြရသက ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ သည်းထိတ်ရင်ဖို အမျိုးအစားဖြစ်သည့် အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ မိုးမိုးမြင့်အောင်၊ သံသာမိုးထက်တို့နှင့်အတူ ထိုင်းနိုင်ငံမှ အနုပညာရှင်များဖြစ်သည့် Mr. Sutee Sri Sri၊ Ms. Chanid aporn Jaengkhan၊ Mr. Wallop Thae-arathong နှင့် Ms. Jirada Moran တို့ ပါဝင်မည်ဖြစ်ကာ ရုပ်ရှင်နှင့်ပတ်သက်၍ ပါဝင်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

ဒါရိုက်တာ ညြရသ

ဒီကားကြီးမှာ အဓိကကတော့ ဇာတ်နဲ့လိုက်ဖက်မယ့် သူတွေကို သေချာရွေးချယ်ပြီး ဖန်တီးရိုက်ကူးမှာပါ၊ ပြီးတော့ ဇာတ်လမ်းရဲ့ လိုအပ်ချက်အရ ထိုင်းသရုပ်ဆောင်တွေကို ဒီကားမှာ ခေါ်သုံးရမှာပါ။ အရင်က ဂျပန်ဒါရိုက်တာတစ်ယောက် ရိုက်လက်စ ဇာတ်ကားလေးကို ပြန်လည်ရိုက်ကူးကြတာပါ၊ မမိုးက အရင်က ရိုက်ဖူးတော့ အခု သူ့ကိုပဲ ပြန်ပြီးထည့်သုံးရတာပါ။

ထပ်ဆင့်အကယ်ဒမီ မိုးမိုးမြင့်အောင်

အရင်က ဒီကားလေးကို ဂျပန်ဒါရိုက်တာနဲ့ အစ်မ ရိုက်ဖို့ ပြင်ဆင်ခဲ့ပါသေးတယ်၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်ခဲ့တာပေ့ါနော်၊ အစ်မက ဒီကားမှာ ပြေတီဦးရဲ့မိခင်အဖြစ်နဲ့ ပါဝင်မှာပါ၊ အရင်က ဂျပန်မင်းသမီးလေးနဲ့ သရုပ်ဆောင်ရတာဆိုတော့ စိတ်ဝင်စားမှုအလွန်ကောင်းခဲ့တဲ့ ဇာတ်ကားလေးတစ်ကားပေ့ါ၊ အခုလည်း ကိုယ်ပိုင်ဟန်နဲ့ ဖန်တီးရိုက်ကူးမယ်၊ ပြီးတော့ ထိုင်းက အနုပညာရှင်တွေလည်း ပါမယ်ဆိုတော့ ဘာပြောပြော စိတ်ဝင်စားဖို့ကောင်းပါတယ်၊ အရင်က မရိုက်ခဲ့ရပဲ အခုပြန်ရိုက်မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

ပြေတီဦး

ဒီကားလေးမှာ ကျွန်တော်က ရဲမိုးဆိုတဲ့ လူတစ်ယောက် နေရာကနေ သရုပ်ဆောင်ရမှာပါ၊ သူက ငယ်ငယ်ကတည်းက ဘဝမှာ အဆင်မပြေမှုတွေနဲ့ ဖြတ်သန်းခဲ့ရတာဆိုတော့ မကျေနပ်ချက်လေးတွေ သူ့မှာရှိတယ်၊ အဲဒီလိုကာရိုက်တာလေး ကနေ ရိုက်ရမှာပါ၊ ကျွန်တော့်အနေနဲ့ အရင်ကရော အခုရော ပြည်ပကသရုပ်ဆောင်တွေနဲ့ ခဏခဏတော့ ရိုက်ဖြစ်တယ်၊ အခုရိုက်မှာလည်း ထိုင်းကသရုပ်ဆောင်တွေနဲ့ဆိုတော့ အဆင်ပြေမှာပါ၊ ကျွန်တော်က ပရိသတ်ကိုပေးချင်တဲ့ရသလေး ရောက်အောင် အစွမ်းရှိသလောက် ကြိုးစားမှာပါ၊ အခု ထိုင်းတွေနဲ့ ရိုက်တဲ့အခါ သူတို့ဆီက ထပ်ပြီး ပညာတွေရမယ်လို့လည်း ထင်ပါတယ်။

ကိုလင်း

စရိုက် ရုပ်ရှင်တွင် သရုပ်ဆောင်ထားသည့် ကျော်ထက်အောင်

မကြာသေးမီက ထွက်ရှိခဲ့သည့် ချူဆီ ရုပ်ရှင်ဇာတ်ကားတွင် ခေါင်းဆောင်မင်းသား အဖြစ် သရုပ်ဆောင်ခဲ့သည့် ကျော်ထက်အောင်ကို မေလကုန်ပိုင်းတွင် ရုံတင်တော့မည့် စရိုက် ရုပ်ရှင်ဇာတ်ကားတွင်လည်း သရုပ်ဆောင် လူမင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်တို့နှင့် တွဲဖက်၍ စပါယ်ယာတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

စရိုက် ရုပ်ရှင်ဇာတ်ကားသည် အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေး၏ တတိယမြောက်ဇာတ်ကားဖြစ်ပြီး ကာတွန်း မိုက်မိုက်(ပြည်)၏ ဇာတ်လမ်းကို မိုးနီလွင်က ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ ညြရသက ရိုက်ကူးထားခြင်းဖြစ်သည်။

"ကျွန်တော်က ဒီကားထဲမှာ ကွမ်းတွေသိပ်စားပြီး ကားစပယ်ယာတစ်ယောက် ကာရိုက်တာမျိုး လုပ်ထားတာပါ၊ အပြင်က နေထိုင်မှုပုံစံမျိုးနဲ့တော့ ဆီနဲ့ ရေပေ့ါဗျာ၊ ဒါပေမယ့် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီးလုပ်ထားပါတယ်၊ အပြင်မှာ သူတို့ ဘယ်လို ပြောဆိုနေထိုင်၊ စားသောက်တတ်လဲ ဆိုတာကအစ ဇာတ်ကား မရိုက်ခင်ကတည်းက သေချာလေ့လာပြီး ဇာတ်နဲ့လိုက်ဖက်အောင် အကောင်းဆုံးသရုပ်ဆောင်ထားပါတယ်၊ ကွမ်းဆိုလည်း ကျွန်တော်တစ်ခါမှ မစားဖူးတော့ စပြီး စားခါစဆို မူးတောင်မူးတယ်၊ ကားဂိတ်တွေသွား စပယ်ယာတွေကို သေချာကြည့်ပြီး သရုပ်ဆောင်ထားပါတယ်"ဟု ကျော်ထက်အောင်က ပြောသည်။

လက်ရှိ ဇာတ်ကားများရုံတင်သည့်စနစ်နှင့် သရုပ်ဆောင်သစ်များအတွက် အခွင့်အလမ်းများနှင့် ပတ်သက်၍လည်း ကျော်ထက်အောင်က "ကျွန်တော့်ကားတွေက ရုံတင်ဖို့ ကျန်တာတွေ ကျန်သေးတယ်၊ အခု စရိုက် ကားကြီးကတော့ ရုံတင်တော့မှာ ဆိုတော့ ကျွန်တော် သိပ်ဝမ်းသာတယ်၊ ကျွန်တော့်အနေနဲ့ပြောရရင် ဇာတ်ကားတွေက ရုံတင်ရက် နောက်ကျရတာပေ့ါ၊ ဒါကတော့ အခုလက်ရှိ ရုံတင်စနစ်ကြောင့် နောက်ကျနေတာပါ၊ ကျွန်တော်ဆို ဒီလောကမှာ ကျင်လည်နေတာ ၁၀ စုနှစ် တစ်စုတော့ ရှိပါပြီ၊ ဒါပေမယ့် ပရိသတ်နဲ့တွေ့တာ နည်းပါတယ်၊ နည်းတယ်ဆိုတာ သရုပ်ဆောင်ပိုင်းမှာ ပြောတာပါ၊ ကျွန်တော်တင်မဟုတ်ပါဘူး၊ နောက်ထပ် အသစ်တွေကိုလည်း ရှေ့ကို မြန်မြန်ရောက်စေချင်ပါတယ်၊ ကားကောင်းရင် ကောင်းသလိုမျိုး နေရာလေးတစ်ခု ရစေချင်တာပါ"ဟု ဆက်ပြောသည်။

Myanmar Idol သီချင်းဆိုပြိုင်ပွဲကြီး၏ စီစဉ်တင်ဆက်သူအဖြစ် လူသိများကျော်ကြားခဲ့ပြီးနောက် သရုပ်ဆောင်ဘက်သို့ ကူးပြောင်းလာခဲ့သည့် ကျော်ထက်အောင် အနေဖြင့် နေခြည်မှာရွှေရည်လောင်း ဇာတ်ကားတွင် ကျောင်းဆရာလေး တစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ပြီး ချူဆီဇာတ်ကားတွင် ကေတီဗွီဆိုင် မန်နေဂျာ တစ်ဦးနေရာမှ ခေါင်းဆောင် သရုပ်ဆောင်ခဲ့ကာ မေလကုန်တွင် ရုံတင်မည့် စရိုက်ရုပ်ရှင်ဇာတ်ကားတွင်မူ ကာရိုက်တာသစ်တစ်ခုဖြစ်သည့် စပယ်ယာတစ်ယောက်အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

ကိုလင်း

ရုပ်ရှင်ကားကြီးများ ရိုက်ကူးရေးအတွက် ကြိုးစားရဦးမည်ဖြစ်ကြောင်း ချူးလေးပြောကြား

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ ကိုဇော်(အရဏ်ဦး) ရိုက်ကူးသည့် ကဝေသေလို့ ခြောက်တဲ့တစ္ဆေ ရုပ်ရှင်ကားကြီးတွင် သရုပ်ဆောင် မြင့်မြတ်၊ သက်မွန်မြင့်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချူးလေးက ဇာတ်လမ်းတွဲရိုက်ကူးမှုနှင့် ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးမှု ကွာခြားချက်များကို ယခုလို ပြောကြားသည်။

"အခုဇာတ်ကားက ချူးလေးရဲ့ ခြေလှမ်းသစ်လေးပေ့ါနော်၊ ကိုယ်လေးစားအားကျရတဲ့ စီနီယာတွေ ကိုမြင့်မြတ်တို့၊ ချစ်သက်တို့နဲ့အတူတူ သရုပ်ဆောင်ရတဲ့ အတွက်လည်း ရင်ခုန်နေပါတယ်၊ ချူးလေးကို သတိတရနဲ့ ကားရိုက်ချိတ်ပေးတဲ့ ဦးငယ်လေးတို့၊ ချူးလေးကို ယုံယုံကြည်ကြည်နဲ့ လက်တွဲခေါ်ပေးတဲ့ ဆရာဦးဇော်နဲ့ အန်တီသီတာတို့ကိုလည်း ကျေးဇူးတင်ရပါတယ်။ ချူးလေးတို့က ဇာတ်လမ်းတွဲနဲ့ ပရိသတ်သိလာတာဆိုတော့ ရုပ်ရှင်ကားကြီးတွေနဲ့လည်း ပရိသတ်ရင်ထဲကို တိုးဝင်ချင်ပါတယ်။ အဲဒီအတွက် အများကြီး ကြိုးစားရပါဦးမယ်၊ ကမ်းလှမ်းလာတဲ့အပေါ် မူတည်ပြီး အလုပ်တွေကို ကြိုးစားလုပ်သွားမှာပါ"ဟု ပြောသည်။

ဇာတ်လမ်းတွဲရိုက်ကူးခြင်းနှင့် ရုပ်ရှင်ကားကြီး ရိုက်ကူးခြင်းတွင် သရုပ်ဆောင်ရသည့် ကွာခြားမှုများနှင့်ပတ်သက်၍လည်း "ဇာတ်လမ်းတွဲရိုက်ရတာကတော့ သရုပ်ဆောင်အားလုံး အပြိုင်ဇာတ်ရုပ်တွေနဲ့ အလုပ်လုပ်ရတယ်ဆိုပေမယ့် ချူးလေးကတော့ အပြိုင်လုပ်နေရတယ်လို့ သဘောမထားဘူး၊ ကိုယ်လုပ်ရမယ့် ကာရိုက်တာအပေါ်မှာပဲ စိတ်နှစ်ပြီးလုပ်တယ်၊ တခြားစိတ်တွေ မထားဘူး၊ ကိုယ်ရထားတဲ့ ကာရိုက်တာကို ပီပြင်အောင်လုပ်ပြမယ်ဆိုရင် ဒီဇာတ်လမ်းတွဲက ရုပ်လုံးကြွလာမှာပဲလေ။ အဲဒီအချိန်မှာ ဒီဇာတ်ကို ဘယ်သူကပိုင်နိုင်တယ်၊ ဘယ်သူက ကာရိုက်တာ ပီပြင်တယ်ဆိုတာ အဖြေထွက်လာမှာပါ၊ အဲဒီအတွက် ချူးလေးကတော့ ကိုယ်ကျရာဇာတ်ရုပ်မှာပဲ စိတ်နှစ်ပြီး သရုပ်ဆောင်တယ်၊ ဗဟုသုတတွေ အသိပညာတွေ အစရှိတဲ့ ပညာပေးကောင်းတွေပေးနိုင်ပြီး ချူးလေးတို့လည်း ပရိသတ်ကို သေသေချာချာလုပ်ပြနိုင်မယ့် ဇာတ်လမ်းတွဲမျိုးကို ထပ်ပြီးတော့ ရိုက်ချင်သေးတယ်ဟု ပြောသည်။

ကိုလင်း

ရုပ်ရှင်အစည်းအရုံးဝင်များအတွက် မေတ္တာသင်္ဂဟအဖွဲ့က ဆန်အိတ်နှင့် အလှူငွေများ လှူဒါန်း

ရုပ်ရှင်အစည်းအရုံးဝင် အလ္ဍာအသီးသီးမှ ရုပ်ရှင်လောကသားများအတွက် ဆန်အိတ် ၁၀၀ နှင့် အလှူငွေ ကျပ်သိန်း ၃၀ တို့ကို မေတ္တာသင်္ဂဟအဖွဲ့(ရန်ကုန်နှင့် မန္တလေး)တို့က ဧပြီ ၈ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်ဝင်းအတွင်းရှိ မဂ္ဂင်ဓာတုစေတီတော်နှင့် ညြဝါဒပါတိမောက် ရှေးဟောင်းသိမ် ပြုပြင်မွမ်းမံ လှူဒါန်းမှုကို မေတ္တာသင်္ဂဟအဖွဲ့(ရန်ကုန်နှင့် မန္တလေး)တို့က အလှူငွေ ကျပ်သိန်း ၁၀၀ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ပြီးနောက် ရေစက်ချလှူဒါန်းပွဲကို ဧပြီ ၈ ရက်က ဗိုလ်တထောင်ဘုရား၌ ကျင်းပခဲ့ပြီး အဆိုပါလှူဒါန်းပွဲအပြီးတွင် အလ္ဍာအသီးသီးမှ ရုပ်ရှင်လောကသားများအတွက် ဆန်အိတ်များနှင့် အလှူငွေများကို မေတ္တာသင်္ဂဟအသင်းဝင်များက ဆက်လက်၍ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အလ္ဍာအသီးသီးမှ ရုပ်ရှင်လောကသားများအတွက် အလှူငွေများ ပေးအပ်စဉ်

ဓာတ်ပုံ အေးဇော်မိုး(စက်မှု)

မေတ္တာသင်္ဂဟအဖွဲ့ မိသားစုဝင်များအနေဖြင့် ယခုလှူဒါန်းမှုများ အပါအဝင် ရှစ်နှစ်တာကာလအတွင်း နေရာပေါင်း ၆၉ နေရာ၌ အလှူငွေ ကျပ် ၂၉၃၈ သိန်း ဖိုးခန့်ကို လှူဒါန်းပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရှီလာ

ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၈)

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီရင်ခံစာ

ဦးဟန်ညွန့် (ဥပဒေ)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြစ်သည်။ ဥပဒေပြင်ဆင်ချက် လေးကြိမ်ပြင်သည်။

ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေမှာ ဥပဒေ အမှတ် ၃၂/၂၀၁၄(၂၃-၇-၂၀၁၄)ဖြစ်သည်။

ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမှာ ဥပဒေအမှတ် ၃၃/၂၀၁၆ (၂၉-၇-၂၀၁၆)ဖြစ်သည်။

တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမှာ ဥပဒေအမှတ် (၁၈/၂၀၁၇) (၃၁-၇-၂၀၁၇) ဖြစ်သည်။

စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေမှာ ဥပဒေ အမှတ် (၂၀/၂၀၁၈) (၂၁-၆-၂၀၁၈)ဖြစ်သည်။

ဘာ့ကြောင့်ပြင်သလဲ

စတုတ္ထပြင်ဆင်ချက်တွင် ပုဒ်မများအစားထိုးခြင်း ၂၆ ခု၊ ဖြည့်စွက်ပြင်ဆင်ခြင်း ကိုးခုပါဝင်သည်။ အဓိကသိသာချက်မှာ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျယ်ကျယ်ပြန့်ပြန့်ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းဆုံးရှုံးမှုများကို အရေးယူနိုင်ဖို့ မီးမောင်းထိုးပြခြင်းဖြစ်သည်။ ပုဂ္ဂလိကအဖွဲ့အစည်းများအပေါ် ကျင့်ဝတ်ချမှတ်ကျင့်သုံးစေရေးအမိန့်ထုတ်ပြန်နိုင်ဖို့၊ ပြည်သူအများစိတ်ဝင်စားသောကျော်စောသတင်းဖြင့်ပင် အရေးယူနိုင်ဖို့လည်း ဖြည့်စွက်ပြဋ္ဌာန်းသည်။

နှစ်ပတ်လည်အစီရင်ခံစာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်၊ ထွက်ပေါ် လာပါပြီ။ ဘာ့ကြောင့် တင်ပြထုတ်ပြန်ပါသလဲ။ ကြေညာပါသလဲ။

နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခြင်းအပြင် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်းဟု စတုတ္ထအကြိမ်ပြင်ဆင်သော ဥပဒေပုဒ်မ ၁၆(ဇ)က ဖော်ပြသည်။ အဆိုပါ ဖော်ပြပြဋ္ဌာန်းချက်နှင့်အညီ အစီရင်ခံစာကြေညာခြင်းပါ။ ပြည်သူသို့ အစီရင်ခံခြင်းပါ။

အစီရင်ခံစာမှာ ဘာတွေပါ

၂၀၁၈ အတွင်း မဟာဗျူဟာစီမံကိန်းလုပ်ငန်း စီမံချက်၊ မဟာဗျူဟာရည်မှန်းချက် သုံးခု၊ လုပ်ငန်းဧရိယာငါးခု၊ လုပ်ငန်းစဉ် ၁၇ ခု၊ ပန်းတိုင် ၄၈ ခု အကြောင်းများပါသည်။

အသိပညာပေးမှုများအကြောင်း၊ တားဆီးကာကွယ်ရေးလုပ်ငန်းများအကြောင်း၊ အရေးယူဆောင်ရွက်မှုများအကြောင်း၊ ကျင့်ဝတ်အကြောင်း (မပါမဖြစ်အရေးကြီး)၊ ဥပဒေပြင်ဆင်ခြင်းအကြောင်း၊ စနစ်တကျကိုင်တွယ်သော တိုင်စာများအကြောင်း၊ သတင်းထုတ်ပြန်မှု၊ သတင်းဆောင်းပါးများ၊ သတင်းစာရှင်းလင်းပွဲများအကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပုံ၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပုံများအကြောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးများမှာ အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပပုံ၊ အဂတိလိုက်စားမှု စစ်တမ်းကောက်ယူပုံများ၊ သုံးသပ်ခြင်းအပိုင်းများ စသည် စသည်...။

ဖတ်စရာ၊ မှတ်စရာ၊ သိစရာ၊ လေ့လာစရာ၊ ဝေဖန်စရာ၊ သုံးသပ်စရာတွေ စုံလင်သည်။ ဘယ်ကဏ္ဍ၊ ဘယ်အပိုင်းကို ထောက်ပြသင့်ပါသလဲ။ အကြံပြုသင့်ပါသလဲ။ အပြစ်တင်သင့်ပါသလဲ။ ဝိုင်းလုပ်၊ ဝိုင်းကူညီ၊ စေတနာဝေဖြာသင့်ပါသလဲ။ အကဲဖြတ်ကြစေချင်သည်။

မာတိကာ

မာတိကာတွင် အခန်း ငါးခန်းပါသည်။ နိဒါန်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာနှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၏ အစီရင်ခံတင်ပြချက်ပါရှိသည်။ အခန်း(၁)တွင် ကော်မရှင်ဖွဲ့စည်းခြင်း၊ ရည်မှန်းချက်တာဝန်နှင့် ဆောင်ရွက်ချက်များ၊ အခန်း (၂)တွင် အသိပညာပေးရေးလုပ်ငန်းများ၊ အခန်း(၃)တွင် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အခန်း(၄)တွင် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ အခန်း(၅)တွင် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ခြင်းတို့ ပါဝင်သည်။

မဟာဗျူဟာ စီမံချက်

မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)လုပ်ငန်း ဧရိယာငါးခုမှာ-

လုပ်ငန်းဧရိယာ(၁)။ အဂတိလိုက်စားမှုတားဆီး ကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း လုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေသည့် အခြေခံကောင်းများ တည်ဆောက်ခြင်း

လုပ်ငန်းဧရိယာ(၂)။ ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

လုပ်ငန်းဧရိယာ(၃)။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပြည်တွင်းနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း

လုပ်ငန်းဧရိယာ(၄)။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာအကာအကွယ်ပေးခြင်း

လုပ်ငန်းဧရိယာ(၅)။ အဂတိလိုက်စားမှုကင်းရှင်းသော စီးပွားရေးနယ်ပယ်ဖြစ်ပေါ်စေခြင်းတို့ ဖြစ်သည်။

လုပ်ငန်းတာဝန် (၇)ရပ်

(၁) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင်ဖွံ့ဖြိုး တိုးတက်ရေး၊
(၂) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊
(၃) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အသိပညာပေးရေးနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊
(၄) ဝန်ထမ်းများစွမ်းရည်မြှင့်မားရေး၊
(၅) အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရေး၊
(၆) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ပညာပေးရေး အစီအစဉ်များ၊ ဝန်ထမ်းစွမ်းရည်မြှင့်မားရေး အစီအစဉ်များအတွက် ပြည်တွင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊
(၇) အမြဲမပြတ်စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေးတို့ ဖြစ်သည်။

ကော်မရှင်ကျင့်ဝတ်

ကော်မရှင်၏ ခါးဝတ်ပုဆိုးပမာ မြဲမြံစွဲကိုင်အပ်သော လက်နက်သည် ကျင့်ဝတ်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့်စိတ်ထား၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားတို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရမည်။ ကျင့်ဝတ်နှင့်မညီသော ပြုမူဆောင်ရွက်ချက်များ မလုပ်ရ။ ကြိုတင်ကာကွယ်ရမည်။ လိုက်နာကျင့်သုံးဖို့ အခြေခံမှု (၆) ချက်ရှိသည်-

(၁) ဖြောင့်မတ်တည်ကြည်မှု
(၂) လွတ်လပ်စွာရပ်တည်နိုင်မှု
(၃) တာဝန်ယူမှု
(၄) ပွင့်လင်းမြင်သာမှု
(၅) မျှတမှု
(၆) အားလုံးပါဝင်နိုင်မှုတို့ ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစည်းအဝေးများ၊ နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာရေးထိုးမှုများ၊ ညီလာခံများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

အသိပညာပေးရေးလုပ်ငန်းများ

စုံစမ်းစစ်ဆေးရေးလက်စွဲ ရေးဆွဲနိုင်ရေး၊ မှုခင်းဆိုင်ရာ စာရင်းအင်းများ စုံစမ်းဖော်ထုတ်၍ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးများ ပူးပေါင်း၍ တာဝန်ရှိသူများ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ အသိပညာပေးစာစောင်များ၊ ဖြန့်ဝေခြင်း၊ ပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ အထိမ်းအမှတ်နေ့များ ကျင်းပခြင်း၊ ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များဝေငှခြင်းများ ဖြန့်ဝေပေးခဲ့ပါသည်။

ဖော်ပြမှု

ကော်မရှင်ဝက်ဘ်ဆိုက် (www.accm.gov.mm) ကို ဖွင့်လှစ်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာ (Acc Myanmar Facebook Page) ကို ဖွင့်လှစ်ထားရှိခြင်း၊ နိုင်ငံပိုင်သတင်းစာများ၊ ပြင်ပစာနယ်ဇင်းများတွင် သတင်းဆောင်းပါးများ ဖော်ပြခြင်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ တင်ဒါလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ဖြန့်ဝေခြင်း၊ ကိုယ်ကျင့်တရား အလေးထားမှုဆိုင်ရာ အဂတိတိုက်ဖျက်ရေး ပညာပေးဗဟုသုတများ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲများ

ကော်မရှင်၏ ဆောင်ရွက်ချက်များ၊ စုံစမ်းစစ်ဆေးမှုကိစ္စရပ်များအကြောင်းကို အများပြည်သူသို့ အစီရင်ခံသည့် သတင်းစာရှင်းလင်းပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ လျှို့ဝှက်အပ်သော စုံစမ်းစစ်ဆေးမှုများကို (အချိန်မတိုင်မီ) သတင်းမပေါက်ကြားစေရေး သတိမူဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ပြန်ရမည့် သတင်းထုတ်ပြန်မှုများကို အချိန်မီ အသိပေး ထုတ်ပြန်လျက်ရှိပါသည်။ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ်များကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

တားဆီးကာကွယ်ရေး

ကြိုတင်တားဆီးကာကွယ်ရေးသည် အရေးကြီးလှပါသည်။ ပညာပေးဆွေးနွေးခြင်းသည်လည်း ပဓာနကျလှပါသည်။ "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ဟု ကျွန်တော်တို့ ကြွေးကြော်ခဲ့ပါသည်။ ပညာရှင်များ၊ သုတေသီများနှင့် ပြည်သူများ ပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဟောပြောမှု၊ ဆွေးနွေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါသည်။ ပို့ချခဲ့ကြပါသည်။

ဝန်ထမ်းများ၏အသံ

ဝန်ထမ်းများ၏ အသံက ဘာလဲ။ ပို့ချမှုသက်သက် မဟုတ်ပါ။ သင်ကြားခြင်းသက်သက်မဟုတ်ပါ။ သင်ယူခြင်း၊ ထပ်ဆင့်သင်ယူခြင်း၊ ဝန်ထမ်းများ၏ ပြန်လည်တင်ပြချက်ခံယူခြင်း၊ အကြံဉာဏ်ကောင်းများ စုဆောင်းခြင်း၊ c.p.u (corruption prevention Unit) များ၏ အခန်းကဏ္ဍ၊ ရှေ့ဆက်ရမည့်ခရီးများကို ရွေးချယ်ကြရပါသည်။ ဝန်ထမ်းများ၏ အသံကို လေးစားစွာ နားထောင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးတာဝန်ကျေပွန်ရပါလိမ့်မည်။ ရှေ့ဆက်ရမည့်ခရီး မနီးသေးပါ။

တိုင်ကြားစာ

၂၀၁၈ ခုနှစ်အတွင်း တိုင်ကြားစာ စုစုပေါင်း ၁၀၅၄၃ စောင် ရရှိခဲ့သည်။ များလှသည်။ နှစ်အလိုက် နှိုင်းယှဉ်ကြည့်ရာ ၂၀၁၄-၉၆၈၊ ၂၀၁၅-၉၈၃။ ၂၀၁၆-၇၁၀၊ ၂၀၁၇-၂၀၁၄ ဖြစ်သည်။ တိုင်းဒေသကြီးအလိုက် ပထမ - ရန်ကုန်တိုင်းဒေသကြီး (၂၄၅၂)။ ဒုတိယ - မန္တလေးတိုင်းဒေသကြီး (၁၈၇၇)။ တတိယ - ဧရာဝတီတိုင်းဒေသကြီး (၁၂၃၁) ဖြစ်သည်။

အမျိုးအစား

- အဂတိအကြောင်း (၄၆)
- စီမံခန့်ခွဲရေး/ အုပ်ချုပ်ရေးအကြောင်း (၁၈၈၃)
- လယ်ယာမြေအကြောင်း (၁၉၁၇)
- တရားစီရင်ရေးအကြောင်း (၁၆၉၀)
- ပုဂ္ဂိုလ်ရေး (၄၂၉၇)
- တိုင်စာရုပ်သိမ်း (၁၉)
- ပစ်စာ(၃၀)
- အထွေထွေ (၆၉၁) ဖြစ်သည်။

အထွေထွေဆိုတာ ဘာလဲ

တိုင်စာမှာ လက်မှတ်မထိုး။ လိပ်စာမပါ။ မှတ်ပုံတင်နံပါတ် မဖော်ပြ။ ဖော်ပြသည့် ဖုန်းနံပါတ်ဆက်၍ မရ။ မှတ်ပုံတင်နံပါတ် မမှန်၊ အတု။ လိပ်စာသွားရှာလျှင် မရှိသော လိပ်စာ။ အချို့ အတုအယောင်။ အချို့လုံးကြိတ်၊ အတည်မပြုနိုင်။ ပစ်စာဖြစ်နေပါသည်။ ပစ်စာဖြစ်နေသော်လည်း အချက်အလက်၊ သတင်းမှန်ဖြစ်လျှင် (အရေးယူသင့်က) သုံးသပ်စဉ်းစားရပေသည်။ တိုင်စာတစ်စောင်ချင်းအလိုက် ပြန်ကြားရပေသည်။ တိုင်စာအရည်အသွေးမညီလျှင်မှ မဆောင်ရွက်နိုင်ပေ။ ပြည်သူများ သိသင့်ပေသည်။

လက်ခံတွေ့ဆုံဆွေးနွေး

မကျေလည်မှု၊ မပြေလည်မှု၊ မရှင်းလင်းမှုများ (ရှိခဲ့လျှင်) တိုင်ကြားသူများအား နေပြည်တော်၊ ကော်မရှင်ရုံးသို့ ဖိတ်ခေါ်၊ လက်ခံတွေ့ဆုံ၊ ရှင်းလင်းတင်ပြ၊ ဆွေးနွေးပေးပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ၇၂ ဦး တွေ့ခဲ့သည်။

လူထုသဘောထား

လူထုသဘောထား ဘာလဲ။ လူထုက မည်သို့မြင်သလဲ။ ဘယ်လိုနားလည်သလဲ။ ကော်မရှင်၏ ဆောင်ရွက်မှုများ၏ အားသာချက်၊ အားနည်းချက်က ဘာလဲ။ အမြင့်ဆုံးဌာနတွေသည် ဘယ်ဌာနတွေလဲ။ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ကြရဲ့လား။ ပွင့်လင်းမြင်သာမှု ရှိသလား။

(၁) လုပ်ထုံးလုပ်နည်းတွေ ရှုပ်ထွေးသည်။
(၂) အတည်ပြုချက်အဆင့်ဆင့် ရယူနေရသည်။
(၃) တင်ဒါအကြောင်း နားလည်ကျွမ်းကျင်သူ ပါဝင်ဖို့ လိုအပ်သည်။ အဂတိကင်းဖို့ပါ။
(၄) တင်ဒါလုပ်ငန်းအပေါ် စောင့်ကြည့် အကဲဖြတ်နိုင်သော တတိယအဖွဲ့အစည်း လိုသည်။
(၅) လေလံကိစ္စ ပွင့်လင်းမြင်သာမှုမရှိ စသည့်တင်ပြချက် စစ်တမ်းရရှိသည်။
(၆) ပြည်ထောင်စုဝန်ကြီးဌာန(အချို့)တွင် ရာထူး အာဏာကို ကိုယ်ကျိုးစီးပွားအတွက် သုံးနေဆဲ။
(၇) အုပ်ချုပ်ရေးထောက်ပံ့မှု၊ ပံ့ပိုးမှုအားနည်းသည်။
(၈) အဂတိလိုက်စားသူ၊ ကျူးလွန်သူကို အပြစ် ထိထိ ရောက်ရောက်မပေးလို့၊ ပြစ်ဒဏ်လျှော့လိုသလား။
(၉) လုပ်ထုံးလုပ်နည်းတွေက ရှုပ်ထွေးလှဟု ဖော်ပြသည်။

ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက်

ကော်မရှင်ဥက္ကဋ္ဌ၏ အစီရင်ခံတင်ပြချက်တွင် "အဂတိလိုက်စားမှုအခြေအနေမှာ လျော့ကျသင့်သလောက် လျော့ကျခြင်း မရှိသေးဘဲ ယခင်အတိုင်းပဲ ရှိနေသည်ဟု အများစုက ရှုမြင်ကြပါသည်။ × ×× ပြည်သူများ ပါဝင်လျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အပြည့်အဝ အောင်မြင်မည်ဟု မျှော်လင့်ထားကြသည်ကို တွေ့ရှိရသည်မှာ အားရစရာ ကောင်းပါသည်" ဟု အစီရင်ခံစာ စာမျက်နှာ (၈) တွင် ဖော်ပြထားပါသည်။ ကော်မရှင်သည် နိုင်ငံတစ်ဝန်း၌ အဂတိလိုက်စားမှုကို လုံးဝသည်းခံ ခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ပြည်သူနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပါ ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြည်သူသို့ အစီရင်ခံပါသည်။

စေတနာ

(၈၁) မျက်နှာပါ၊ နောက်ဆက်တွဲ(၁၀) နှင့် ၂၀၁၈ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည် လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ရှုပြီး တွေးခေါ် သုံးသပ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

"ကော်မရှင်သည် နိုင်ငံတစ်ဝန်း၌ အဂတိလိုက်စားမှုကို လုံးဝသည်းခံ ခွင့်လွှတ်ခြင်း မပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ပြည်သူနှင့်အတူ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း"



ပြည်တွင်းဖြစ်ကို ဦးစားပေးရွေးချယ်

ဇော်သူရိန်ထွန်း

နေ့စဉ်သုံးနိုင်ငံခြားဖြစ်များ

မနက်အိပ်ရာထပြီး မျက်နှာသစ်လိုက်သည့်အခါတွင် လက်ထဲတွင်ကိုင်ထားသော သွားတိုက်တံသည် နိုင်ငံခြားဖြစ်၊ သွားတိုက်ဆေးသည်လည်း နိုင်ငံခြားဖြစ်၊ ယုတ်စွအဆုံး မျက်နှာကိုသုတ်သည့် တဘက်သည်ပင် နိုင်ငံခြားဖြစ်ကိုသာ သုံးစွဲနေရသည့်အဖြစ်ကို ကျွန်တော်တို့ရောက်ရှိနေခြင်းသည် ကျွန်တော်တို့နိုင်ငံအတွက် ကောင်းမွန်သော လက္ခဏာမဟုတ်ပါ။

နိစ္စဓူဝ ကျွန်တော်တို့သုံးစွဲနေသောပစ္စည်းများ အားလုံးနီးပါးသည် နိုင်ငံခြားဖြစ်တွေ ဖြစ်နေသည်။ ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ၊ အဝတ်အစား၊ ဖိနပ်၊ အလှပြင်ပစ္စည်း၊ ခေါင်းလိမ်းဆီ၊ ကျောပိုးအိတ်၊ ပိုက်ဆံအိတ် အစရှိသည့် တစ်ကိုယ်ရေသုံးပစ္စည်းများကအစ နိုင်ငံခြားမှ တင်ပို့လာသောပစ္စည်းများ ဖြစ်နေကြပြီ။ ကိုယ့်နိုင်ငံတွင် မထုတ်နိုင်သေးသည့် စက်ယန္တရားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ နိုင်ငံခြားဖြစ်များဖြစ်နေသည်ကတော့ ရာစုနှစ်များစွာ ရှိခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်တို့တွေ နိုင်ငံခြားဖြစ်ကို ဘာကြောင့်သုံးစွဲနေကြပါသနည်းဟု မေးခွန်းထုတ်ကြည့်မိသည်။ အကြောင်းရင်းနှစ်ချက်ကို တွေ့ပါသည်။ ပြည်တွင်းမှ မထုတ်နိုင်သောကြောင့် နိုင်ငံခြားဖြစ်ကို ဝယ်ယူသုံးစွဲနေရခြင်းနှင့် ပြည်တွင်းတွင် ထုတ်လုပ်နိုင်သော်လည်း အရည်အသွေးပိုကောင်းသည့် နိုင်ငံခြားဖြစ်ကို ရွေးချယ်ဝယ်ယူနေသောကြောင့်ဖြစ်သည်။ အချို့ကုန်ပစ္စည်းများသည် ကိုယ့်နိုင်ငံတွင် ထုတ်လုပ်နေလျက်ရှိသည်။ သို့သော် ကျွန်တော်တို့ပြည်သူများက နိုင်ငံခြားဖြစ်ကို အထင်ကြီးကြသည်။ နိုင်ငံခြားဖြစ်ကိုမှ ကောင်းသည်ထင်ကြသည်။ နိုင်ငံခြားဖြစ်တွေ သုံးစွဲနိုင်ခြင်းကို ဂုဏ်ယူနေကြသည်။ ဒါဘယ်နိုင်ငံထုတ်လေဆိုပြီး ကြွားဝါချင်ကြသည်။ တကယ်တော့ ကျွန်တော်တို့သည် ဂုဏ်မယူသင့်သည်ကို ဂုဏ်ယူနေကြပြီး မကြွားဝါသင့်သည်ကို ကြွားဝါနေကြသည်ကို မေ့လျော့နေကြပြီ။

ပြည်တွင်းဖြစ်ကို အားပေးပါ

စာရေးသူငယ်စဉ်က ပြည်တွင်းဖြစ်ကိုအားပေးပါဟူသော ဆောင်ပုဒ်ကိုတွေ့တိုင်း မဲ့ပြုံး ပြုံးမိသည်။ အဘယ်ကြောင့်ဆိုသော် ထိုဆောင်ပုဒ်ကို တွေ့တိုင်း ပြည်တွင်းဖြစ်က ဘာရှိလို့လဲ၊ ပြည်တွင်းဖြစ်တွေက ဘာကောင်းလို့လဲ၊ ဒါသက်သက် ငါတို့ကို အရည်အသွေးနိမ့်ပစ္စည်းတွေ ဝယ်သုံးခိုင်းနေတာဟူသော အတွေးဝင်လာသောကြောင့်ဖြစ်သည်။ အမှန်တော့ အဆိုပါဆောင်ပုဒ်သည် နိုင်ငံသားတိုင်းလိုက်နာသင့်သော အလွန်အရေးကြီးသည့် ဆောင်ပုဒ်တစ်ခုဖြစ်မှန်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

ကျွန်တော်တို့နိုင်ငံသည် နှစ်စဉ်နှစ်တိုင်း ဝင်ငွေထက် ထွက်ငွေကသာ ပိုများနေသောနိုင်ငံတစ်ခုဖြစ်မှန်း အတော်များများ သိရှိပြီးဖြစ်ကြပါသည်။ ကယ်ဆယ်ရန်နည်းလမ်းမှာမူ နိုင်ငံခြားဝင်ငွေကို ပိုမိုရအောင် ရှာဖွေခြင်းနှင့် နိုင်ငံခြားထွက်ငွေများကို တတ်နိုင်သမျှမထွက်အောင် ထိန်းချုပ်ခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံခြားဖြစ်ပစ္စည်းများကို တတ်နိုင်သမျှမသုံးဘဲ ပြည်တွင်းဖြစ်ပစ္စည်းများကို အစားထိုးသုံးစွဲခြင်းပင်ဖြစ်ပါသည်။ ဥပမာပေးရလျှင် ပြည်သူများအနေဖြင့် နိုင်ငံခြားဖြစ်ဆပ်ပြာတစ်ခုကို နှစ်သက်စွာ သုံးစွဲနေကြသည်ဆိုပါစို့။ ကုမ္ပဏီတစ်ခုသည် အဆိုပါ ဆပ်ပြာများကို နိုင်ငံခြားမှ မှာယူတင်သွင်းပြီး ပြည်တွင်းသို့ ရောင်းချလျက် ရှိနေသည်ဆိုပါစို့။ အဆိုပါဖြစ်စဉ်တွင် ဆပ်ပြာများကို နိုင်ငံခြားမှ မှာယူတင်သွင်းတိုင်း အဆိုပါကုမ္ပဏီသည် ဆပ်ပြာထုတ်လုပ်ရောင်းချသည့် နိုင်ငံ၏ ကုမ္ပဏီထံသို့ နိုင်ငံခြားငွေ ဒေါ်လာဖြင့် ပေးဆောင်ရပါတော့သည်။ ပေးဆောင်ရသည့် ဒေါ်လာပမာဏ ပိုများလေလေ ပြည်တွင်းတွင် ဒေါ်လာလိုအပ်ချက် ပိုမိုမြင့်မားလာလေလေ ဖြစ်ပါသည်။ နိုင်ငံခြားငွေ လိုအပ်ချက်မြင့်မားတိုင်း ကိုယ့်နိုင်ငံ၏ငွေကြေးတန်ဖိုး ကျဆင်းမှုဖြစ်လေလေ ဖြစ်သည်။ အကယ်၍သာ ပြည်သူများအနေဖြင့် နိုင်ငံခြားဖြစ်ဆပ်ပြာကိုမသုံးဘဲ ပြည်တွင်းဖြစ် ဆပ်ပြာကိုသာ သုံးစွဲမည်ဆိုပါက နိုင်ငံခြားဖြစ်ဆပ်ပြာ မှာယူရန်အတွက် သုံးစွဲနေရသည့်ဒေါ်လာများ သုံးစွဲစရာမလိုတော့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်ဖြစ်ပေါ်နှုန်းကို အထိုက်အလျောက်အားဖြင့် လျှော့ချနိုင်လိမ့်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်တွင်းဖြစ်ကို သုံးစွဲသည့်အတွက် အခြားအကျိုးကျေးဇူးများစွာလည်း ကျန်ရှိပါသေးသည်။

အားကောင်းလာမည့် အလုပ်အကိုင်အခွင့်အလမ်းများ

ပြည်တွင်းဖြစ်ထုတ်ကုန်ကို အားပေးခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းကို အားပေးရာရောက်ပါသည်။ တစ်လောကပင် သတင်းတစ်ပုဒ်ကို သတိထားမိသည်။ ပြည်တွင်းထုတ်မီးပုံးများထက် တရုတ်မီးပုံးများကို ဝယ်ယူအားပေးမှုများနေခြင်းကြောင့် ပြည်တွင်းမှ မီးပုံးထုတ်လုပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသွားသည့် စိတ်မကောင်းဖွယ်ရာသတင်းကို ဖတ်မိလိုက်သည်။ စာရေးသူ အဆိုပါသတင်းကို ဖတ်ပြီးနောက် စာရေးသူ၏ သမီးလေးက မီးပုံးဝယ်သည့်အခါ ပြည်တွင်းထုတ်မီးပုံးကိုသာ ဝယ်ယူစေခဲ့ပါသည်။

> “ပြည်တွင်းဖြစ်ထုတ်ကုန်ကို အားပေးခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းကို အားပေးရာရောက်ပါသည်။ တစ်လောကပင် သတင်းတစ်ပုဒ်ကို သတိထားမိသည်။ ပြည်တွင်းထုတ်မီးပုံးများထက် တရုတ်မီးပုံးများကို ဝယ်ယူအားပေးမှုများနေခြင်းကြောင့် ပြည်တွင်းမှ မီးပုံးထုတ်လုပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသွားသည့် စိတ်မကောင်းဖွယ်ရာသတင်းကို ဖတ်မိလိုက်သည်။ စာရေးသူ အဆိုပါ သတင်းကိုဖတ်ပြီးနောက် စာရေးသူ၏ သမီးလေးက မီးပုံးဝယ်သည့် အခါ ပြည်တွင်းထုတ်မီးပုံးကိုသာ ဝယ်ယူစေခဲ့ပါသည်”

ပြည်တွင်းထုတ်ကိုအားပေးခြင်းသည် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချရန် သွယ်ဝိုက်သောနည်းလမ်းဖြင့် ကူညီရာရောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် စားသုံးသူတစ်ယောက်၏ လက်ဝယ်သို့ နိုင်ငံခြားဖြစ်ပစ္စည်းတစ်ခု ရောက်ရှိလာရန်အတွက် လေယာဉ်၊ သင်္ဘောအဆင့်ဆင့်ဖြတ်သန်းပြီးမှ ရောက်ရှိလာခြင်းဖြစ်သောကြောင့်ဖြစ်သည်။ ပြည်တွင်းဖြစ်ကို အားပေးခြင်းသည် အဆိုပါ ယာဉ်သင်္ဘောအဆင့်ဆင့်၏ လောင်စာဆီသုံးစွဲမှုကို လျှော့ကျစေနိုင်သောကြောင့် ဖြစ်သည်။

ပြည်တွင်းဖြစ် စားသောက်ကုန်များသည် နိုင်ငံခြားမှတင်သွင်းလာသည့် စားသောက်ကုန်များထက် ပိုမိုလတ်ဆတ်သည်။ ထို့အပြင် ပြည်တွင်းဖြစ်စားသောက်ကုန်များသည် မိမိတို့နိုင်ငံ၏ မြေယာပေါ်တွင် စိုက်ပျိုးပြီး ရရှိလာသောထုတ်ကုန်များဖြစ်သည့်အတွက် နိုင်ငံ၏မြေယာများ အကျိုးရှိရှိသုံးစွဲမှုကို အားပေးကူညီရာလည်း ရောက်ပါသည်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်

မြန်မာဆိုရိုးစကားပုံတစ်ခုရှိပါသည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဟူသည့် စကားပုံဖြစ်သည်။ အကျိုးအမြတ် ရရှိလာမည့်အကြောင်းတစ်စုံတစ်ရာပေါ်လာပါက အခြားသူစိမ်းများထက် ကိုယ့်အချင်းချင်းကို ပေးဝေပေးသင့်သည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။ ပြည်တွင်းဖြစ်ထုတ်ကုန်ကို အားပေးခြင်းသည် အဆိုပါထုတ်ကုန်ကို ထုတ်လုပ်သည့်လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်ဖြစ်စေသကဲ့သို့ အဆိုပါလုပ်ငန်းရှင်များသည်လည်း ရရှိလာသောအကျိုးအမြတ်များဖြင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို အားပေးကူညီနိုင်လိမ့်မည်ဖြစ်သည်။ နိုင်ငံခြားထုတ်ကုန်များကို ဝယ်ယူသုံးစွဲခြင်းသည် တိုင်းတစ်ပါးသားများကိုသာ အကျိုးကျေးဇူးဖြစ်ပေါ်သွားပါလိမ့်မည်။ ဤနေရာတွင် စာရေးသူ အလွန်သဘောကျမိသည့် ဖြစ်ရပ်လေးတစ်ခုကို ဖော်ပြချင်ပါသည်။

စာရေးသူတို့ရပ်ကွက်ထဲသို့ တရုတ်နိုင်ငံသားများ အလုပ်လာလုပ်ကြပါသည်။ အဆိုပါ တရုတ်များသည် စတိုးဆိုင်တွင် ဆေးလိပ်လာဝယ်သည်ကို စာရေးသူတွေ့မြင်သည်။ သူတို့သည် ကျွန်တော်တို့ ပြည်တွင်းထုတ်ဆေးလိပ်ကို မဝယ်ယူပါ။ တရုတ်နိုင်ငံထုတ် ဆေးလိပ်ရှိလားဟုသာ တွင်တွင်မေးလေ့ရှိသည်။ နောက်ရက်များတွင် စတိုးဆိုင်ပိုင်ရှင်သည် အဆိုပါ တရုတ်နိုင်ငံသားများမေးသည့် ဆေးလိပ်ကို တကူးတကဆိုင်မှာတင် ရောင်းချရပါတော့သည်။ ဩော် သူများနိုင်ငံ၊ သူများမြေပေါ်ရောက်သည့်တိုင်အောင် ကိုယ့်နိုင်ငံထုတ်ပစ္စည်းကိုဝယ်ယူအားပေးလိုသည့် မျိုးချစ်စိတ်ကို စာရေးသူအလွန်သဘောကျမိခဲ့ပါသည်။

ကုစားရမည့် ကုန်ပစ္စည်းအရည်အသွေး

သို့သော်လည်း အစွန်းမရောက်ဖို့တော့ လိုပါသည်။ ပြည်တွင်းဖြစ်ကိုသာ အားပေးစေချင်သည့်အတွက် နိုင်ငံခြားဖြစ်ထုတ်ကုန်များကို ပိတ်ပင်ခဲ့သည့် ခေတ်ကာလဆိုးကြီးကို ပြန်သွားဖို့မဟုတ်ပါ။ ပြည်သူများအနေဖြင့် ပြည်တွင်းဖြစ်ကို တတ်နိုင်သမျှ သုံးစွဲရန်နှင့် အစိုးရအနေဖြင့်လည်း နိုင်ငံခြားဖြစ် သွင်းကုန်အစားထိုးလုပ်ငန်းများကို အားပေးကူညီဖို့ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင် မထုတ်လုပ်နိုင်သောကြောင့် ဝယ်ယူသုံးစွဲရခြင်းမျိုးကတော့ မတတ်သာလို့ ဝယ်ယူသုံးစွဲရခြင်းဖြစ်ပြီး မိမိတို့နိုင်ငံတွင် အဆိုပါထုတ်ကုန် ရှိပါလျက်နှင့် အရည်အသွေးမှာလည်း သိပ်မကွာပါလျက်နှင့် နိုင်ငံခြားဖြစ်ထုတ်ကုန်ကို ဝယ်ယူသုံးစွဲနေသည်ကတော့ နိုင်ငံခြားငွေများကို ဖြုန်းတီးနေခြင်းပင် ဖြစ်ပါသည်။

စာရေးသူ ဂျပန်နိုင်ငံ အလည်ရောက်စဉ်က သူတို့နိုင်ငံတွင် သူတို့နိုင်ငံထုတ်ပစ္စည်းများထက် နိုင်ငံခြားဖြစ်ပစ္စည်းတွေက ပို၍ဈေးကြီးသည်ကို တွေ့ရှိရပါသည်။ အကြောင်းရင်းမှာ ပြည်တွင်းဖြစ်ကို အားပေးစေလိုသည့်သဘောဟု နားလည်မိပါသည်။ ကျွန်တော်တို့ဆီတွင် ကိုယ့်နိုင်ငံထုတ်ကုန်ပစ္စည်းသည် အိမ်နီးချင်းနိုင်ငံများ၏ ကုန်ပစ္စည်းများထက်ပို၍ ဈေးကြီးပြီး အရည်အသွေးမမီဖြစ်နေသည့် အခြေအနေကို ကုစားဖို့ လိုအပ်နေပြီဖြစ်ပါသည်။ မြန်မာပြည် အလယ်ပိုင်းတွင် ရက်လုပ်သော ခြုံစောင်တစ်ထည်သည် မိုင်ပေါင်းထောင်ချီ အကွာမှ ရောက်ရှိလာသော ခြုံစောင်ထက်ပို၍ ဈေးကြီးနေသည်။ စားသုံးသူ၏သဘောမှာလည်း အရည်အသွေးတူပါက ပို၍ဈေးချိုသည်ကို ရွေးချယ်လေ့ရှိသောကြောင့် ပြည်တွင်းဖြစ်လုပ်ငန်းတွေ တဖြည်းဖြည်းပျောက် ကွယ်လာသည်ဟုလည်း သုံးသပ်နိုင်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် နေ့စဉ်အသက်ရှင်လှုပ်ရှားနေစဉ်ကာလအတွင်း ပစ္စည်းတစ်ခုခု ဝယ်ယူသုံးစွဲရန်လိုအပ်လာပါက ပြည်တွင်းဖြစ်ကို ဦးစားပေးရွေးချယ်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးအခြေအနေကို တစ်ဖက်တစ်လမ်းမှ ကူညီပေးရာရောက်ပါသည်။ ပြည်တွင်းဖြစ်ကို အားပေးပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ဗဟို MSME အေဂျင်စီနှင့် ချင်းပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံညှိနှိုင်းစည်းဝေး

ဟားခါး မေ ၉

ဗဟို MSME အေဂျင်စီနှင့် ချင်းပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ဗဟိုအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင် စီးပွားရေးပညာရှင် ဦးကျော်ဝဏ္ဏတို့က အမှာစကားပြောကြားကြသည်။

တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပနေစဉ်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရာလ်ကျုံးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကံမမြို့နယ် ကျွန်းကလေးကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိ

ကံမ မေ ၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျွန်းကလေးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေ၏ အတိုးရငွေကျပ်သိန်း ၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၁၆ ဒသမ ၂၄၉၅၀ ဖြင့် ကျေးရွာတွင်း ၅၈၇၆ ပေ ၄၀၀ ဗို့အားလိုင်း မီးကြိုးသွယ်တန်းခြင်းနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီရယူပြီး ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာလူထုတို့ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့၍ ၂၄ နာရီ မီးလင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကံမမြို့နယ် ကျွန်းကလေးကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ သုံးနှစ်ကျော်ကာလတွင် လည်ပတ်ရန်ပုံငွေကျပ် ၄၄၈ ဒသမ ၀၉၉ သိန်း၊ အတိုးရငွေကျပ် ၁၃၁ ဒသမ ၀၄၃ သိန်းကျော် ရရှိပြီဖြစ်သည်။

မြစိမ်းရောင်အသင်းဝင်ဦးရေ ၁၄၅ ဦးရှိပြီး မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောသည်။

မြကျော်ဇင်သန်း(ကံမ)

သင်္ကြန်ယိမ်းအဖွဲ့ အကတိုက်နေမှုကို တွေ့ရစဉ်။

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲတွင် အောင်မြင်ပါစေမြန်မာပြည် သီချင်းသီဆို၍ ငြိမ်းချမ်းရေးချိုးငှက်ပုံပါ အပြာရောင်ဘောလုံးတစ်ထောင် လွှတ်တင်မည်

မန္တလေး ဧပြီ ၉

ယခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ကို နံနက် ၇ နာရီ ၃၅ မိနစ်အချိန်တွင် ကျောင်းသူ ၅၀၀ နှင့်အတူ ယိမ်းအကအဖွဲ့များ စုပေါင်း၍ မန်းတောင်ရိပ်ခိုသီချင်းနှင့် အောင်မြင်ပါစေမြန်မာပြည်သီချင်းများ သီဆိုကပြကာ ငြိမ်းချမ်းရေးချိုးငှက်ပုံပါ အပြာရောင်ဘောလုံးတစ်ထောင် လွှတ်တင်၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကြိုနေ့တွင် နံနက် ၅ နာရီခွဲအချိန်၌ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲနှင့်အတူ ဆွမ်း၊ သပိတ်များ လောင်းလှူသွားမည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဒေင်ကုမ္ပဏီမှ ပြုပြင်မွမ်းမံလှူဒါန်းထားသည့် ကျုံးအရှေ့ဘက် လျှောက်လမ်းနေရာအား ဖွင့်ပွဲကျင်းပ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ အဆိုပါ ဖွင့်ပွဲအပြီး၌ နံနက် ၇ နာရီ ၃၅ မိနစ်အချိန်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန်ရဲ့ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ကျောင်းသူ ၅၀၀ နဲ့အတူ မန္တလေးစည်ပင်ယိမ်းအဖွဲ့၊ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ယိမ်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနယိမ်းအဖွဲ့၊ တိုင်းရင်းသားလူမျိုး ၁၈ ဖွဲ့က စုစုပေါင်း ၈၀ ပါဝင်တဲ့ အကအဖွဲ့တွေ ပူးပေါင်းသီဆိုကပြပြီး ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်"ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

ထို့ပြင် ယင်းအကြိုနေ့မှာပင် မနော်ရမ္မကွင်းတွင် တိုးချဲ့ကျင်းပသည့် တိုင်းရင်းသား သွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ကျုံးအရှေ့ဘက်ခြမ်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရေကစားမဏ္ဍပ်ကိုလည်း ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့ ၁၈ ဖွဲ့နှင့် သံချပ်အဖွဲ့ ၁၂ ဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့များမှ မဟာအောင်မြေမြို့နယ် မနော်ရမ္မကွင်းရှိ တိုင်းရင်းသားသွေးချင်းများ၏ စုပေါင်းမဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကြိုနေ့မှ အကြတ်နေ့အထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အတက်နေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)
ဓာတ်ပုံ- အောင်ဖြိုးကျော်

ကြာအင်းဆိပ်ကြီးမြို့နယ် ဝါးဘိုးကုန်းကျေးရွာ၌ ဂဝံမြေသားလမ်းဖွင့်

ကြာအင်းဆိပ်ကြီး ဧပြီ ၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာတွင်း ဂဝံမြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကြခတ်ချောင်းကျေးရွာအုပ်စု ဝါးဘိုးကုန်းကျေးရွာတွင် ကျင်းပသည်။

ဝါးဘိုးကုန်းကျေးရွာ ဂဝံမြေသားလမ်း ဖွင့်ပွဲကျင်းပစဉ်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို လူထုဗဟိုပြုစီမံကိန်းမှ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မြင့်၊ ကြခတ်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျင်ဆန်းတို့က ဂဝံမြေသားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဝါးဘိုးကုန်းကျေးရွာတွင် ဂဝံမြေသားလမ်းကို လူထုဗဟိုပြုစီမံကိန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ သိန်းဖြင့် လမ်းအရှည် ပေ ၄၀၀၀၊ အကျယ် ပေ ၂၀၊ အမြင့် တစ်ပေဖြစ်ပြီး အဆိုပါလမ်းပြီးစီးမှုကြောင့် ဒေသခံ ကျေးလက်ပြည်သူများ အဆင်ပြေစွာ သွားလာကူးသန်းနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မင်းဘူး-သရက် ရထားခရီးစဉ် ခေတ္တရပ်နားမည်

မင်းဘူး ဧပြီ ၉

မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော ရထားခရီးစဉ်ကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) အထိ ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း သုံးရက်ရပ်နားမည်ဖြစ်ကြောင်း မင်းဘူးဘူတာရုံမှ သိရသည်။

"ကျွန်တော်တို့ ပုံမှန် မင်းဘူး-သရက်ရထားခရီးစဉ်ကို သင်္ကြန်အကြိုနေ့အထိ ပြေးဆွဲသွားမှာ ဖြစ်တယ်။ ဧပြီ ၁၄ ရက်မှ ၁၆ ရက် အထိ သုံးရက်ကြာရပ်နားသွားမှာဖြစ်ပြီး ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) မှစ၍ ပုံမှန်ပြန်လည်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်"ဟု မင်းဘူးဘူတာရုံပိုင် ဦးကျော်ကျော်ဦးက ပြောသည်။

အဆိုပါ မင်းဘူး-သရက် ရထားလမ်းပိုင်းတွင် ဘူတာပေါင်း ၃၁ ခုရှိပြီး နေ့စဉ် ခရီးသည်ပျမ်းမျှ စုစုပေါင်း ၄၀ ခန့် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

ကျော်စိုးဝင်း(မင်းဘူး)

အုတ်ဖိုမြို့တွင် မဟာသင်္ကြန်ကာလ ယာဉ်တိုက်/တိမ်းမှောက်မှု လျော့နည်းကျဆင်းရေး အသိပညာပေးဆောင်ရွက်

အုတ်ဖို ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ရွာမရပ်ကွက်အထက်တန်းကျောင်းရှေ့တွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်/ တိမ်းမှောက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဧပြီလပထမပတ်က ကျင်းပသည်။

လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်၊ မြို့မစခန်းမှူး ဒုရဲမှူး လှိုင်ဝင်းနှင့် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြီး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သိန်းတိုး(ဇီးကုန်း)

လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာနေပြည်သူများထံ ပေးအပ်

လှည်းကူး ဧပြီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းကို ဧပြီ ၇ ရက်က ဖောင်ကြီးအရှေ့ကျေးရွာ၌ ကျင်းပသည်။

လက်ဝယ်အရောက်ပေးအပ်

ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ် ၁၅၀ ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းတန်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ ဦးစီးမှူးရုံး ဦးစီးမှူး ဦးသိန်းနွဲ့နှင့် တာဝန်ရှိသူတို့က ကျေးရွာနေပြည်သူ ၁၅၀ တို့ထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်လင်း(လှည်းကူး)

ကျောက်ပန်းတောင်းမြို့နယ်ထွက်ဖရဲသီးများ ဈေးနှုန်းတွက်ခြေမကိုက် ဖြစ်နေ

ကျောက်ပန်းတောင်း ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ထွက်ကုန်ဖြစ်သည့် ဖရဲသီးများ စတင် ဆွတ်ခူးချိန်ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ဖရဲစိုက်တောင်သူများ အရှုံးနှင့် ရင်ဆိုင်နေရကြောင်း ဂျပန်ဖရဲ(ခေါ်)၂.၁.၁ တံဆိပ်စိုက် ဖရဲစိုက်တောင်သူများထံမှ သိရသည်။

အဆိုပါ ဖရဲစိုက်တောင်သူများသည် နိုဝင်ဘာလတွင် ပျိုးစေ့များကို တစ်စေ့ချင်း ထည့်ကာ စတင်ပျိုးထောင်ကြပြီး ၁၈ ရက်မှ ရက် ၂၀ သားပင်ပေါက်ရောက်လျှင် ဖရဲစိုက်ပျိုးမည့် ယာခင်းအတွင်း ရွှေ့ပြောင်းစိုက်ပေးရကြောင်းနှင့် စတင်စိုက်ပျိုးချိန်မှစတင်ကာ စိုက်ခင်းကို ဂရုစိုက်ပေးနေရကြောင်း၊ ဖရဲညွန့်များ ထွက်လျှင် သုံးညွန့်သာ ချန်ထားပြီးချန်ထားသည့် အညွန့်ကလွဲ၍ ထွက်လာသည့် အညွန့်များခူးပစ်ရကြောင်း သိရသည်။

ဖရဲတစ်ပင်တွင် ဖရဲသီးသုံးလုံးသာချန်ထားပြီး သီးလာသည့် ဖရဲသီးများ ခူးဆွတ်ပေးရကြောင်း၊ သို့မှသာ ရောင်းတန်းဝင်ဈေးကွက်ဝင် ဖရဲသီးဖြစ်လာမည် ဖြစ်ကြောင်း ဖရဲစိုက်တောင်သူ ဦးမောင်ဇော်က ပြောသည်။ ဖရဲများစိုက်ပြီး ရက်ပေါင်း ၆၅ ရက်ရှိလျှင် ခူးဆွတ်ချိန်ရောက်ရှိကြောင်းသိရပြီး မြို့နယ်အတွင်း စိုက်သည့် ဖရဲမျိုးများကို တစ်မျိုးတည်းသာစိုက်ပျိုးကြပြီး ဂျပန်ဖရဲ(ခေါ်)၂.၁.၁ မျိုးဟုခေါ်ဆိုကြောင်း၊ အခြားဒေသများတွင် ဒုံးကျည်သီးဖရဲဟု ခေါ်သေးကြောင်း သိရသည်။

အခြားဒေသများတွင် ဖရဲမျိုးကို အလုံးကြီးသည့် ၅.၁.၁ အမှတ်တံဆိပ်ဖရဲမျိုးများသာစိုက်ပျိုးကြပြီး ဂျပန်ဖရဲမျိုးများနှင့်ယှဉ်လျှင် ဂျပန်ဖရဲအရသာကပိုသာကြောင်းနှင့် ဖရဲသီးစိတ်ရောင်းချရာတွင် ဂျပန်ဖရဲသီးကို အကြိုက်များကြောင်း ကျောက်ပန်းတောင်းမြို့မှ ဖရဲသီးရောင်းချသူတစ်ဦးက ပြောသည်။ ပြီးခဲ့တဲ့နှစ်က ကျောက်ပန်းတောင်းမြို့နယ်ထွက် ဖရဲသီးများ ဈေးကောင်းရသော်လည်း ယခုနှစ်တွင် ဈေးမရကြောင်း၊ ခေါင်သီး တစ်လုံး ငွေကျပ် ၈၀၀ သာရောင်းချရပြီး ခေါင်သီးမဟုတ်သည့် အသီးများမှာ ငွေကျပ် ၄၅၀ သာရကြောင်း၊ ယခုနှစ် ဖရဲစိုက်တောင်သူများ ဈေးနှုန်းမရခြင်းကြောင့် တွက်ခြေမကိုက်ခြင်း၊ အရှုံးပေါ်ခြင်းများဖြစ်နေကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်းမြို့နယ်မှ ဂျပန်ဖရဲသီးများ။

နေပြည်တော်တွင် တိုင်းအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းအဆင့်ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်အတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုက်နယ်ဆေးရုံများမှ တာဝန်ခံဆရာဝန်များ တက်ရောက်ကြသည်။

နေပြည်တော်ကောင်စီဝင်က ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "အရည်အသွေးပြည့် ကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး"နှင့်အညီ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း နှင့် လူ့အဖွဲ့အစည်းတိုင်းက အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးအခက်အခဲမရှိဘဲ လက်လှမ်းမီရရှိနိုင်စေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရည်ရွယ်ချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်သဝဏ်လွှာကို နေပြည်တော်ကုသရေးဦးစီးဌာနမှ ဒုတိယကုသရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ဖတ်ကြားသည်။

စံပြမြို့နယ်ဆေးရုံဆု၊ စံပြတိုက်နယ်ဆေးရုံဆုနှင့် စံပြမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသည့် လုပ်ငန်းဆောင်ရွက်ခဲ့မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကို

တိုင်းအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ကျင်းပစဉ်။

ကနေဒါနိုင်ငံသားနှစ်ဦးမှ ကော်ဖီပင်စိုက်ပျိုးနည်းစနစ် တောင်သူများအား လာရောက်သင်ကြားပေး

မင်းတုန်း မေ ၉

သရက်ခရိုင် မင်းတုန်းမြို့နယ် ငကုန်းကျေးရွာရှိ ကော်ဖီစိုက်တောင်သူများအား ယမန်နေ့က ခရေဇ်မ်ကုမ္ပဏီ အကြံပေးပညာရှင် ကနေဒါနိုင်ငံသားနှစ်ဦးဖြစ်သော Mr. David John နှင့် Ms. Louise Matha တို့က ကော်ဖီစိုက်ပျိုးမည့်မြေများကို မြေဆီနှင့် မြေအမျိုးအစားများ စမ်းသပ်ပေးခဲ့သည်။

ညနေပိုင်းတွင် စိုက်ပျိုးတောင်သူများအား ကော်ဖီပင်၊ ကြယ်ပဲပင်နှင့် စွန်ပလွန်ပင် စိုက်ပျိုးနည်းစနစ်များ လက်တွေ့သင်ကြားပေးခဲ့ပြီး စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆွေးနွေးပေးခဲ့သည်။

ချင်းကလေး(မင်းတုန်း)

ကော်ဖီစိုက်ပျိုးနည်းစနစ်များကို လက်တွေ့သင်ကြားပေးနေစဉ်။

ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးရုံး ရှစ်ထပ်အဆောက်အအုံပေါ်၌ မီးဘေးလုံခြုံရေး စောင့်ကြည့်ကင်မရာ တပ်ဆင်ထား

ရန်ကုန် မေ ၉

ဖွံ့ဖြိုးတိုးတက်လာသော ခေတ်နှင့်အညီ လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ မီးလောင်မှုများ မကြာခဏ ဖြစ်ပွားပေါ်ပေါက်လျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုများ ဖြစ်ပွားပေါ်ပေါက်ပါက အလျင်အမြန် ငြိမ်းသတ်နိုင်ရေးအတွက် အထပ်မြင့် အဆောက်အအုံများပေါ်၌ IP Camera များ တပ်ဆင်၍ Command And Control Centre များ ဖွင့်လှစ်ကာ မီးဘေးလုံခြုံရေးကို CCTV Camera များဖြင့် ၂၄ နာရီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ရှစ်ထပ်အဆောက်အအုံ ခေါင်မိုးပေါ်၌ တပ်ဆင်ထားသော IP ကင်မရာ

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးရုံး ရှစ်ထပ်အဆောက်အအုံပေါ်၌လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ ကြီးကြပ်ကွပ်ကဲဆောင်ရွက်မှုဖြင့် ငါးမိုင်ပတ်လည် အကွာအဝေးအထိ စောင့်ကြည့်နိုင်သော IP Camera အကြီးစားကို တပ်ဆင်ထားရှိပြီး ထိုကင်မရာဖြင့်လည်း မီးဘေးလုံခြုံရေးအတွက် ၂၄ နာရီ စောင့်ကြည့်နေပြီဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

ရန်ကုန်တောင်ပိုင်းအတွင်းမှ ပြည်သူများအနေဖြင့် မီးလောင်မှုများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားကြုံတွေ့ရပါက ခရိုင် မီးသတ်ဦးစီးမှူးရုံး၊ ဖုန်း-၀၅၆ ၂၁၀၅၈ နှင့် သန်လျင်မြို့နယ် မီးသတ်စခန်း၊ ဖုန်း - ၀၅၆ ၂၁၅၀၂ သို့လည်းကောင်း၊ အရေးပေါ်နံပါတ် ၁၉၁ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

ကျောက်မြောင်းမြို့နယ်၌ ကျောက်မှုန့်ထည့်၍ မြေပြုပြင်ခြင်း ကွင်းသရုပ်ပြ

ကျောက်မြောင်း မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် မခေါက်ကျေးရွာရှိ တောင်သူ ဦးကံထွန်း၏ ရွှေဆည်ရင် နွေစပါးမျိုးစိုက်ခင်း၌ ကျောက်မှုန့်ထည့်၍ မြေပြုပြင်ခြင်း ကွင်းသရုပ်ပြပွဲကို ကျောက်မြောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မေ ၉ ရက်က ပြုလုပ်ခဲ့သည်။ ကွင်းသရုပ်ပြပွဲတွင် ကျောက်မြောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ဝင်းက ကွင်းသရုပ်ပြပွဲ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် မျိုးစေ့များကို သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းရသကဲ့သို့ မြေယာပြုပြင်ခြင်းများကိုလည်း လေးနှစ်တစ်ကြိမ် ပြုလုပ်ရကြောင်းနှင့် မြေချဉ်လျှော့ချနိုင်ရန်...

Actually: မြေနှင့်လျှော့ — see below.

ကန့်ခတ်ပါသော ကျောက်မှုန့်ထည့်၍ ပြုပြင်ပုံများကို ဒေသခံတောင်သူများအား ပညာပေးဆွေးနွေးခဲ့ပြီး ကျောက်မှုန့်ထည့်၍ မြေပြုပြင်ပုံကို လက်တွေ့ သရုပ်ပြခဲ့သည်။ ဆက်လက်၍ တောင်သူဦးကံထွန်းက ယခုလို နွေစပါးစိုက်လယ်မြေတွင် ကျောက်မှုန့်ထည့်၍ မြေပြုပြင်ခြင်းများကို လက်တွေ့ဆောင်ရွက်ပေးသည့် အတွက် ကျေးဇူးတင်ကြောင်းနှင့် နောင်နှစ်များတွင်လည်း စံပြကွက်များ၊ စမ်းသပ်ကွက်များ၌ မြေပြုပြင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထွန်းမြင့်အောင်(ရွှေဘို)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မယ်စဲ့ မေ ၉

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် မယ်ဆည်နမ်ကျေးရွာရှိ တိုးချဲ့ရွာအတွင်း မြေသားလမ်းပေ ၂၄၀၀ ဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

အေးခဲဝက်သားနှင့် ဝက်ထွက်ပစ္စည်းများ သယ်ယူခြင်းမရှိစေရန် မိုင်းယု၌ ရှောင်တခင်စစ်ဆေး

မိုင်းယု မေ ၉

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်ခြင်း မရှိစေရေးအတွက် ပြည်ပမှ ဝက်ထွက်ပစ္စည်းများကို ပြည်တွင်းသို့ သယ်ယူလာခြင်းနှင့် ပြန်လည်ရောင်းချခြင်း မရှိစေရန် မေ ၈ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများက ကုန်တင်ယာဉ်များနှင့် မြို့ပေါ်ရှိ အသားဆိုင်များကို ရှောင်တခင် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

စစ်ဆေးရာတွင် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ ပူးပေါင်းပါဝင်၍ မိုင်းယုမြို့ပေါ်ရှိ အေးခဲအသားဆိုင်များသို့ လိုက်လံစစ်ဆေးခဲ့သလို ကုန်တင်ယာဉ်များတွင် ပြည်ပမှ ရေခဲရိုက်ဝက်သားများ၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ သယ်ယူလာခြင်း မရှိစေရေးအတွက် စစ်ဆေးခဲ့သည်။

ထို့အပြင် မိုင်းယုမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ခံ ဦးစိုင်းဆိုင်စွတ်က အာဖရိက ဝက်အပြင်းဖျားရောဂါနှင့်ပတ်သက်၍ လိုက်နာရမည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အသိပညာပေးပြောကြားပြီး အာဖရိကဝက် အပြင်းဖျားရောဂါနှင့် ပတ်သတ်သည့် အသိပညာပေး ဗီနိုင်းပိုစတာများကိုလည်း စိုက်ထူပေးခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(ပြန်/ဆက်)

တာချီလိတ်မြို့နယ် နားမွန်းကျေးရွာမှ ပြည်သူများအား လူကုန်ကူးမှုတားဆီးရေး ပညာပေး ဟောပြော

တာချီလိတ် မေ ၉

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် နားမွန်းကျေးရွာမှ ဒေသခံပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို မေ ၇ ရက်က ကျေးရွာဘုရားကျောင်း၌ ကျင်းပရာ ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးက ခရိုင်အတွင်း ကျေးရွာများတွင် လူပွဲစားများက တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟူ၍ လည်းကောင်း၊ တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် လည်းကောင်း စည်းရုံး၍ လူကုန်ကူးမှုများဖြစ်ပွားလေ့ရှိကြောင်းကို အသိပညာပေး ဟောပြောကာ ရဲအုပ်လှဘုန်းက ယခင်ကဖြစ်ပွားခဲ့ဖူးသည့် ဖြစ်စဉ်များကို ရှင်းလင်းပြောကြားသည်။

တာချီလိတ်မြို့နယ်အတွင်းမှ အမျိုးသမီးငယ်တစ်ဦးအား တရုတ်နိုင်ငံသားက လက်ထပ်ခေါ်ဆောင်သွားရန် ကြိုးစားမှုတစ်ခု ယခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ထံသို့ တာဝန်သိပြည်သူများက အချိန်မီသတင်းပေးပို့ခဲ့သဖြင့် တရုတ်နိုင်ငံသားနှစ်ဦးနှင့် တရုတ်နိုင်ငံသားများအား ချိတ်ဆက်ဆောင်ရွက်ပေးသည့် မြန်မာအမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြိုးလေး(တာချီလိတ်)

ချင်းတွင်းသင်္ကြန်ကျင်းပမည့် ကွင်းအတွင်း အပူချိန်လျှော့ချရန် ရေပန်း ၁၀၀ ကျော်တပ်ဆင်

မုံရွာ ဧပြီ ၉
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း သဲသောင်ပြင်တွင် ဒုတိယအကြိမ် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် လာရောက် ရေကစားကြသူများ အပူချိန် ခံစားရမှုကို လျှော့ချပေးနိုင်ရန်အတွက် ရေပန်းအကြီးအသေး ၁၁၀ ကျော် တပ်ဆင် ပေးသွားမည်ဖြစ်သည်။

"ရေကစားတဲ့အချိန် သောင်ပြင်မှာဆိုတော့ အပူချိန်များတဲ့အတွက် ရေကစားတဲ့သူတွေ အပူသက်သာအောင်လို့ ရေကစားဖို့ သတ်မှတ်ပေးထားတဲ့အချိန်အတွင်းမှာ ရေပန်းတွေနဲ့ အမြဲတမ်း ဖျန်းပေးထားမယ်။ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် ရေလွှာလျှောစီးတာ နှစ်ခုပါမယ်။ ရေကစားတဲ့သူတွေ အပူရှိန်လျော့အောင်လို့ ရေပန်းတွေဖျန်းပေးထားမယ်။ စားသောက်တန်းတွေမှာလည်း ရေပန်းအသေးတွေ စီစဉ်နေတယ်။ ချင်းတွင်းသင်္ကြန်ကို လာရောက်ရေကစားကြတဲ့ ပြည်သူတွေ စိတ်ချမ်းသာစေရမယ်လို့ အာမခံပါတယ်"ဟု ဖျော်ဖြေရေးမဏ္ဍပ်ရှေ့တွင် ရေပန်းများတပ်ဆင်ရေး လုပ်ငန်းကို လုပ်ဆောင်လျက်ရှိသော အောင်မြသန်းရေယာဉ်အုပ်စုမှ ဦးမျိုးဝင်းက ပြောသည်။

ဒုတိယအကြိမ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်တွင် ဖျော်ဖြေရေးမဏ္ဍပ်နေရာ၌ ခြောက်လက်မပိုက်ရေပန်းကြီး ၁၂ ခုကို အောင်မြသန်းရေယာဉ်အုပ်စုမှလည်းကောင်း၊ စားသောက်ဆိုင်တန်းများနှင့် အဝင်၊ အထွက်လမ်းများတွင် တစ်လက်မ ရေပန်းလေး ၉၀ ကျော်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီကလည်းကောင်း တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

ရေပန်းတပ်ဆင်ခြင်း ဆောင်ရွက်နေသော လုပ်ငန်းခွင်တစ်နေရာ။

ဆူးလေဘုရားလမ်းမ၌ မြန်မာ့ရိုးရာသင်္ကြန် ဝါးအလှဆင် စင်မြင့်များ တည်ဆောက်မည်

ရန်ကုန် ဧပြီ ၉
ရန်ကုန်မြို့တော် မဟာသင်္ကြန် ဗဟိုမဏ္ဍပ် အနီးရှိ ဆူးလေဘုရားလမ်းမပေါ်၌ သင်္ကြန်ပုံရိပ်ကိုဖော်ညွှန်းမည့် အလှပြ ဝါးစင်များကို မြန်မာ့ရိုးရာဝါးများဖြင့် တပ်ဆင်တည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အလှဆုံးဝါးဖြစ်သည့် ကျိုက်ထိုမြို့မှ ရရှိသည့် ဝါးပိုးမျက်ဆံကျယ်ဝါးကို အဓိကအသုံးပြုပြီး သင်္ကြန်ပုံရိပ်ကို ပေါ်လွင်စေမည့် ဝါးစင်မြင့် ၁၅ ခုကို ဆူးလေဘုရားလမ်း၏ တစ်ဖက်တစ်ချက်တွင် တည်ဆောက်နေခြင်းဖြစ်သည်။

ဆူးလေဘုရားလမ်း၌ ဝါးအလှဆင် စင်မြင့်များ တည်ဆောက်နေစဉ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အားပေးကူညီမှုခွင့်ပြုချက်ဖြင့် ကြံ့နှစ်ကောင်ဘိလပ်မြေမှ တာဝန်ယူ ဆောက်လုပ်နေသည့် အဆိုပါ စင်မြင့်များ၏ အမည်ကို သင်္ကြန်အငွေ့အသက်ပါသည့် အမည်များပေးထားပြီး ဝါးခမောက်၊ အုန်းလင်၊ ဆန်ကော၊ ပိတောက်ပန်းများကို စင်များတွင် အလှဆင် ချိတ်ဆွဲထားမည်ဖြစ်ကာ ပြည်သူများအနေဖြင့် အဆိုပါစင်မြင့်များတွင် အမှတ်တရဓာတ်ပုံရိုက်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဆူးလေစေတီ မြောက်ဘက်မုခ်အနီးမှ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံရှိ ခုံးကျော်တံတားအထိ ဆူးလေဘုရားလမ်းတစ်လျှောက် လမ်းအလယ် ပေ ၃၀၀ ကျော်တွင် ဝါးထရံ၊ ကျူဖျာများဖြင့် အလှဆင်ကာရံပြီး ပိတောက်ပန်းများဖြင့်ဝေဝေဆာဆာ ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ဆူးလေဘုရားလမ်းရှိ စတုဂံတံတားပေါ်တွင်လည်း အလှဆင်ထီးများမိုးထားပြီး အတာအိုးနှင့်ငွေဖလားပုံစံတို့ကို ပိတောက်ပန်းများဖြင့် အလှဆင်ထားရာအမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်မည် ဖြစ်သည်။

ကြံ့နှစ်ကောင်ဘိလပ်မြေမှ မားကက်တင်းမန်နေဂျာ ဒေါ်လဲ့လဲ့ဝေက သင်္ကြန်အထိမ်းအမှတ် ဝါးစင်မြင့်နှင့် အခြားအလှဆင်တည်ဆောက်မှုများအတွက် ကျပ်သိန်း ၇၀၀ ကျော် သုံးစွဲထားပြီး သင်္ကြန်အကြို ဧပြီ ၁၃ရက်မှ နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်အထိ အလှပြထားရှိမည်ဖြစ်ကြောင်း၊ လာရောက်ကြည့်ရှုလည်ပတ်ကြသူများအား အမှတ်တရလက်ဆောင်များပေးပြီး ယာယီမဏ္ဍပ်တွင် တစ်နေ့လျှင် လူဦးရေ ၅၀၀၀ ခန့်အား သင်္ကြန်အစားအစာများဖြင့် နေ့စဉ် စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

အလှဆင် ဝါးစင်မြင့်များတွင် ကျိုက်ထိုမြို့မှ ဝါးပိုးမျက်ဆံကျယ်နှင့် ကျသောင်းဝါး၊ တွံတေးမြို့မှ ဝါးပိုးကြီးနှင့် ဖောင်ကြီးမှ ဝါးနက်တို့ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ ဝါးစင်မြင့်များကို တာဝန်ယူတည်ဆောက်သည့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ဒုတိယဥက္ကဋ္ဌ မြို့ပြအင်ဂျင်နီယာ ဦးသက်တင်စိုးက "အလှဆင် ဝါးစင်မြင့်များကို ဝါးအလုံးရေ ၈၀၀ ခန့် အသုံးပြုပြီး ကျွမ်းကျင်လုပ်သား ၃၀ နဲ့ တည်ဆောက်နေပါတယ်။ ဗိသုကာပညာရပ်ကို အသုံးပြုပြီး အများပြည်သူ ဝါးအသုံးပြုမှု တွင်ကျယ်လာစေရန် အသိပညာပေးတည်ဆောက်တာဖြစ်ပါတယ်။ ဝါးစင်မြင့်ရဲ့ အမြင့်က ၁၆ ပေနဲ့ ၁၁ ပေပတ်လည် ရှိပါတယ်၊ ခိုင်ခန့် ရိုးရှင်းပြီး သင်္ကြန်အမှတ်တရတွေကို ထည့်သွင်း တည်ဆောက်ပါတယ်"ဟု ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလက ကြံ့နှစ်ကောင်ဘိလပ်မြေအနေဖြင့် ကန်တော်ကြီးနှင့် အင်းလျားကန်ပေါင်တို့တွင် လိမ္မော်ရောင်ထီး အလက်တစ်ထောင်စီဖြင့် အလှဆင်ချိတ်ဆွဲခဲ့ပြီး ဝါးစင်မြင့်များကိုမူ ယခုနှစ်မှ စတင်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

လာရှိုးမြို့၌ ကိုးကန့်ယဉ်ကျေးမှု တိုင်းရင်းသားယဉ်ကျေးမှုသင်္ကြန်ပွဲတော် ကျင်းပမည်

လာရှိုး ဧပြီ ၉
ရှမ်းပြည်နယ်(မြောက်ပိုင်း)လာရှိုးမြို့ ကိုးကန့်ယဉ်ကျေးမှုကွင်း၌ တိုင်းရင်းသားယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၈ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ အတည်ပြုခဲ့သည်ဟု သိရသည်။

လာရှိုးမြို့ရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့(၁၀)ဖွဲ့ပါဝင်လျက် တိုင်းရင်းသားပေါင်းစုံ စုပေါင်းပျော်ရွှင်စေရန် ရည်ရွယ်ကာ လာရှိုးမြို့၌ နှစ်စဉ် ဗဟိုမဏ္ဍပ် တည်ဆောက် ကျင်းပသည့်အစား ယခုနှစ်တွင် တိုင်းရင်းသားယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ လာရှိုးမြို့ရှိ ဒုတိယ/တွဲဖက် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအားလုံး၊ လာရှိုးမြို့ရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ရပ်ကွက်များကလည်း ရပ်ကွက်အလိုက် စုပေါင်းမဏ္ဍပ်များ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို လာရှိုးမြို့(၁၂) ရပ်ကွက်ရှိ ကိုးကန့်ယဉ်ကျေးမှုရုံး ကွင်းပြင်၌ ကျင်းပခြင်းသည် တိုင်းရင်းအားလုံး တစ်စုတစ်စည်းတည်း ရင်းနှီး ချစ်ကြည် ပျော်ရွှင်ချမ်းမြေ့စွာ သင်္ကြန်ရေကစား၍ နှစ်သစ်ကိုကူးပြောင်းကြမည့် အဓိပ္ပာယ်ကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း လာရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာလင်းက ပြောသည်။

ပွဲတော်ကျင်းပစဉ် ရေပက်ကစားရန်အတွက် လိုအပ်သောရေကို လာရှိုးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် မီးသတ်ဌာနတို့က အားဖြည့်ဆောင်ရွက်မည်ဖြစ်ပြီး ပွဲတော်လုံခြုံရေး၊ ရေကစားသူများအတွက် စည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအတွက် လာရှိုးမြို့နယ်ရဲတပ်ဖွဲ့က ဦးစီးဆောင်ရွက်ကာ အခမ်းအနားပြင်ဆင်မှုများ ပြီးမြောက်ရေးအတွက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ကျင်းပနေစဉ် စေတနာရှင်များ၏ လှူဒါန်းမှုဖြင့် အချိန်အလိုက် စတုဒိသာ ဒါနပြုကြရန်လည်း စီစဉ်ထားကြောင်း သိရသည်။

ဟန်ဌေး(လာရှိုး)

လေးမျက်နှာမြို့နယ်အတွင်းမှ ကျေးရွာ ခြောက်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေ

လေးမျက်နှာ ဧပြီ ၉
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက ဧပြီ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရေရရှိရေးလုပ်ငန်းများအဖြစ် မြင်းကုန်းကျေးရွာ၊ ဘောတလင်းကျေးရွာ၊ ငွေးတောက်ကွင်းကျေးရွာ၊ ထိန်ပင်လဟာကျေးရွာ၊ စပျင်ကျေးရွာနှင့် မရမ်းရိုးကျေးရွာတို့တွင် အဝီစိတွင်းနက်တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါအောင်မြင်သော ဟသံာထွန်းကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွာခြောက်ရွာမှ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်းနှင့် လေးမျက်နှာမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲရှိသည့် အခြားကျေးရွာများတွင်လည်း ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ရွှေမိုး(ပြန်/ဆက်)

ကော့သောင်းတွင် သင်္ကြန်ပွဲတော်မတိုင်မီ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်သူများပြား

ကော့သောင်း ဧပြီ ၉
မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရက်များမတိုင်မီ ယခုရက်ပိုင်းအတွင်း ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားရောက်လည်ပတ်ကြသူများပြားသဖြင့် ကော့သောင်းမြို့လူဝင်မှုကြီးကြပ်ရေး နယ်စပ်ဖြတ်သန်းဂိတ်တွင် သွားရောက်လည်ပတ်မည့်သူများ ယနေ့နံနက်က နယ်စပ်ဖြတ်သန်းမှု အခွန်ဆောင်ရန် တန်းစီစောင့်ဆိုင်းနေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ ရနောင်းမြို့တွင်လည်း မြန်မာနိုင်ငံနည်းတူ ရိုးရာသင်္ကြန်ပွဲကျင်းပလေ့ရှိပြီး မြန်မာနှင့်ထိုင်း လူမျိုးများချစ်ခင်ရင်းနှီးစွာ မြို့လုံးကျွတ် ရေကစားကြ၍ အထူးသဖြင့် လည်ပတ်အပန်းဖြေစရာ နေရာများ၊ ဈေးဆိုင်ဈေးတန်းများဖြင့် ပျော်ရွှင်ဖွယ် ဖန်တီးမှုများကြောင့် မြန်မာနိုင်ငံဘက်မှ မြို့နေပြည်သူများနှင့် ကော့သောင်းမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များ မိသားစုအလိုက် သွားရောက်လည်ပတ်ကြခြင်းဖြစ်သည်။

ကော့သောင်းမြို့လူဝင်မှုကြီးကြပ်ရေးဂိတ်တွင် ခရီးသွားမည့်သူများ တန်းစီစောင့်ဆိုင်းနေကြစဉ်။

ဒေသခံမြို့နေ ပြည်သူများသည် အများအားဖြင့် မြန်မာ့ရိုးရာသင်္ကြန် အကြိုနေ့နှင့် အကျနေ့များတွင် တစ်ဖက် ထိုင်းနိုင်ငံ သင်္ကြန်ပွဲတော်ကို သွားရောက်လည်ပတ်ဆင်နွှဲလေ့ရှိပြီး သင်္ကြန်အကြတ်နေ့နှင့် အတက်နေ့များတွင် မြန်မာနိုင်ငံဘက်တွင် ပျော်ရွှင်စွာ ရေပက်ကစား ဆင်နွှဲကြလေ့ရှိသည်။

အဆိုပါနေ့များတွင် ထိုင်းနိုင်ငံဘက်မှ နိုင်ငံခြားသားဧည့်သည်များလည်း ကော့သောင်းမြို့သင်္ကြန်ပွဲတော်သို့ အပြန်အလှန် လာရောက်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းတောင်ခြေ ပင်လယ်ကမ်းစပ်၌ စုပေါင်းသင်္ကြန် ကျင်းပမည်

ဟိုင်းကြီးကျွန်း မေ ၉

ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု ကြာကန်ကျေးရွာရှိ မော်တင်စွန်း တောင်ခြေ ပင်လယ်ကမ်းစပ်၌ မော်တင်စွန်းဒေသ ကျေးရွာသူကျေးရွာသားများ၏ စုပေါင်းသင်္ကြန်ပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ကြန်ပွဲတော်ကို ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် (ပုသိမ်) ကျင်းပရေး ဗဟိုကော်မတီက ဦးစီးကျင်းပသွားမည်ဖြစ်ပြီး မေ ၁၃ ရက် ညနေတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များရွတ်ဖတ်၍ ရခိုင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအတိုင်း နံ့သာသွေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မေ ၁၄ ရက် နံနက် ၇နာရီတွင် မြတ်မော်တင်စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပါယ်ပြီး သင်္ကြန်ပွဲတော်ကို နံနက် ၈ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မော်တင်စွန်းဒေသ ကျေးရွာသူ ကျေးရွာသားများ၏ ဆောက်လုပ်ဆဲ စုပေါင်းသင်္ကြန်မဏ္ဍပ်။

မော်တင်စွန်းဒေသ ကျေးရွာသူကျေးရွာသားများ၏ စုပေါင်းသင်္ကြန်ပွဲတော်တွင် ရခိုင်တိုင်းရင်းသား အဆိုတော်များနှင့် ဒေသခံတိုင်းရင်းသားများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း၊ ရခိုင်ရိုးရာ ဓလေ့ထုံးစံနှင့်အညီ ရေကစားခြင်းကိုလည်း သင်္ကြန်အကျနေ့မှ အတက်နေ့အထိ နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃ နာရီမှ ၆ နာရီအထိတစ်ကြိမ် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်နှင့် စစ်တုရင်ပြိုင်ပွဲကျင်းပ

ဘားအံ မေ ၉

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို မေ ၉ ရက်က ဘားအံမြို့ လှာကမြင်တိုးချဲ့ကွက်သစ်ရှိ ပြည်နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများထံ ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသား မြို့နယ်ပေါင်းစုံ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲနှင့် အမျိုးသား တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲဟုလည်းကောင်း၊ စစ်တုရင်ပြိုင်ပွဲတွင် အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား အသက်(၂၀)အောက် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ၊ အမျိုးသမီး အသက်(၂၅)နှစ်အောက် တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲဟုလည်းကောင်း အတန်းများခွဲ၍ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစတင်အောင်မြင့်က "ကျွန်တော်တို့ ကရင်ပြည်နယ်မှာ ဒီအားကစားနည်းနှစ်မျိုးဟာ လူတွေလေ့လာလိုက်စားမှု အားနည်းနေသေးလို့ ကစားသမားရှားပါးမှု အနည်းငယ်ရှိတယ်၊ ကြက်တောင်ဆိုရင် ကစားတဲ့နေရာထိုင်ခင်းကအစ၊ အလင်းရောင်ပိုင်းဆိုင်ရာ၊ လေတိုက်နှုန်းပိုင်းဆိုင်ရာတွေအပြင် ကြက်တောင်နဲ့ပတ်သက်တဲ့ အားကစားပစ္စည်းတွေကအစ ငွေကြေးကုန်ကျမှုရှိတဲ့အတွက် တခြားအားကစားနည်းတွေထက်စာရင် နည်းနည်းလေး အားနည်းနေသေးတယ်၊ စစ်တုရင်ဆိုရင်လည်း ယခင်က ကစားခဲ့တာရှိပေမယ့် အခုမှ မြို့နယ်ပေါင်းစုံပြိုင်ပွဲကို နှစ်နှစ်လောက် ကျင်းပပြီး လူပြန်မွေးရတဲ့အနေအထားမျိုးဖြစ်နေတယ်၊ ကရင်ပြည်နယ်အနေနဲ့ အခုမှ ပြန်ပြီးတော့ ပြုစုပျိုးထောင်ပြီး ကြိုးစားလုပ်နေရတဲ့ အားကစားနည်းလေးတွေ ဖြစ်ပါတယ်"ဟု ပြောသည်။

ကရင်ပြည်နယ် ကြက်တောင်လက်ရွေးစင် ရွေးချယ်မှုအနေဖြင့် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် အမျိုးသမီး တစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲတို့တွင် အဆင့် ၁ မှ ၇ အထိ ရရှိသူများအား ရွေးချယ်ပြီး စစ်တုရင်ပြိုင်ပွဲတွင်လည်း လက်ရည်မီသည့် အားကစားသမားများအား ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်စေပြီးနောက် မေလအတွင်း နေပြည်တော်၌ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲများတွင် ပြည်နယ်လက်ရွေးစင်အဖြစ် သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သရက်ခရိုင်မှ ရွာ ၂၃ ရွာတွင် ဆိုလာဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီး သုံးစွဲနိုင်တော့မည်

သရက် မေ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်း ကံမမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် အောင်လံမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၂၃ ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (NEP; ICB-2) ပိုလျှံစနစ်ဖြင့် ဆိုလာဓာတ်အားပေးစနစ် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တစ်အိမ်သုံး ဆိုလာဓာတ်အားပေး မီးလင်းရေးလုပ်ငန်းကို အမျိုးသား

ကျေးရွာတစ်ရွာအတွင်း တပ်ဆင်ပြီးစီးနေသော ဆိုလာလမ်းမီးတိုင်တစ်တိုင်။

လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project-NEP) အရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိရာ တစ်အိမ်သုံးဆိုလာပြားများကို ပြည်ပကုမ္ပဏီများက နိုင်ငံတကာအဆင့် ယှဉ်ပြိုင်တင်ဒါစနစ်(International Competitive Bidding-ICB)ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ထို့နောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆိုလာပြားများကို ကျေးရွာသို့အရောက် တပ်ဆင်ပေးသွားမည်ဖြစ်ပြီး တပ်ဆင်ပေးမည့် ဆိုလာဝပ် အမျိုးအစားမှာ ဝပ် ၆၀ နှင့် ဝပ် ၁၀၀ တို့ဖြစ်ကြောင်း၊ ဆိုလာ အမျိုးအစားနှစ်ခုလုံးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်း ထောက်ပံ့ပေးပြီး ဝပ် ၆၀ ဆိုလျှင် ပြည်သူများက ကျပ်ငါးသောင်းနှင့် ဝပ် ၁၀၀ အတွက် ကျပ်တစ်သိန်းခွဲကို အရစ်ကျစနစ်ဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သရက်ခရိုင်အတွင်း၌ ကံမမြို့နယ်တွင် တစ်ရွာ၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ရှစ်ရွာနှင့် အောင်လံမြို့နယ်တွင် ၁၄ ရွာ စုစုပေါင်း ၂၃ ရွာ၌ ဆိုလာလျှပ်စစ်ယူနစ်များကို တပ်ဆင်ပေးလျက်ရှိကာ ဝပ် ၆၀ ၈၈၇ ခုနှင့် ဝပ် ၁၀၀ ၈၃၃ ခု၊ စုစုပေါင်း ၁၇၂၀ ဖြစ်ကြောင်း၊ အဆိုပါ တစ်အိမ်သုံးဆိုလာများအပြင် ပညာရေးအဆောက်အအုံ ၁၇ ခု၊ ကျန်းမာရေးအဆောက်အအုံ ငါးခု၊ ဘာသာရေးအဆောက်အအုံ ၂၀ နှင့် လမ်းမီး ၁၂၄ ခုတို့ကိုလည်း အခမဲ့ တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများမှာ လက်ရှိအချိန်တွင် ၈၀ ရာခိုင်နှုန်းခန့် တပ်ဆင်ပြီးစီးနေပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်ဆိုင်ရာ အသိပညာတိုးပွားရေးနှင့် ရေရှည်ထိန်းသိမ်းစောင့်ရှောက်သည့် နည်းစနစ်များကိုလည်း ဌာနဝန်ထမ်းများမှ ကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေးလျက်ရှိကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးထံမှ သိရသည်။

ဆုဝေထွန်း(သရက်)

ပခုက္ကူမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

ပခုက္ကူ မေ ၉

မေ ၆ ရက် ည ၇ နာရီခန့်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ပခုက္ကူမြို့နယ် ကမ္မမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ လေဘေးသင့်အိမ်ထောင်စုများထံသို့ ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မေ ၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကမ္မမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးနေဝင်းက ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကမ္မမြို့ပေါ်ရပ်ကွက်များမှ လေဘေးသင့် အိမ်ထောင်စုများထံသို့ အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေများ၊ လူတစ်ဦးလျှင် တစ်ပတ်စာဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူးနှင့် အဖွဲ့သည် ဖောင်းကွဲအုပ်စု၊ ရေလာအုပ်စုနှင့် ရေမျက်အုပ်စုများမှ ပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများအရောက်သွားရောက်ပေးအပ်ခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ခုနစ်လုံး ပြိုလဲခြင်း၊ ၆၅ လုံး အမိုးလန်ခြင်း၊ သီလရှင်ကျောင်းတစ်ကျောင်း အမိုးလန်ခြင်းတို့ ဖြစ်ပွားခဲ့ပြီး လျှပ်စစ်ဓာတ်တိုင် ခုနစ်တိုင် လဲပြိုခဲ့ကြောင်း သိရသည်။

ကိုဇော်(ခတု)

လုပ်ငန်းခွင်ထိခိုက်၍ အမြဲတမ်းမသန်စွမ်းမှုအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် ထုတ်ပေး

ပြည်ကြီးတံခွန် မေ ၉

လုပ်ငန်းခွင်တွင်ထိခိုက်၍ ဘယ်ဘက်လက် တံတောင်ဆစ်အောက် ပြတ်တောက်သွားသူ လူမှုဖူလုံရေး အာမခံအလုပ်သမားတစ်ဦးအား ၂၀၁၂ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စပါးနှံ တာယာနှင့် ကျွတ်စက်ရုံ အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျိုးခံစားခွင့် ထုတ်ပေးရာတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းဦးက လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ ဆွေးနွေးသည်။ ထို့နောက် လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရ၍ လက်ပြတ်သွားသူ အာမခံအလုပ်သမား ဦးဝေဖြိုးအောင်အား လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေလုံးငွေရင်း ကျပ် ၄၄ သိန်းကျော်ကို လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်ပြီး စပါးနှံ တာယာနှင့် ကျွတ်စက်ရုံမှ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကလည်း ဦးဝေဖြိုးအောင်အား ကရုဏာထောက်ပံ့ကြေးအဖြစ် ကျပ်သိန်း ၃၀ ကို ပေးအပ်ခဲ့သည်။

မန္တလေးမြို့နယ် လူမှုဖူလုံရေးရုံး(ရုံးခွဲ-၃) တွင် အကျုံးဝင် မှတ်ပုံတင်ထားသော စပါးနှံ တာယာနှင့် ကျွတ်စက်ရုံမှ အာမခံအလုပ်သမား ဦးဝေဖြိုးအောင်သည် ၂၀၁၈ ဇွန်လက အလုပ်လုပ်နေစဉ် စက်နှင့် ထိခိုက်မိရာမှ ဘယ်ဘက်လက် တံတောင်ဆစ်အောက် ထိခိုက်၍ ပြတ်တောက်ခဲ့ပြီး အာမခံ အကျိုးခံစားခွင့်များကို ယခု ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ယင်းမာပင် မြို့မစည်ပင်သာယာဈေးနှင့် ကုန်စုံဆိုင်များတွင် စားသုံးသူဘေးကင်းရေး ကွင်းဆင်းစစ်ဆေး

ယင်းမာပင် မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးကြပ်၍ ယင်းမာပင် မြို့မစည်ပင်သာယာဈေးနှင့် ကုန်စုံဆိုင်များတွင် စားသုံးသူဘေးကင်းရေး ကွင်းဆင်းစစ်ဆေးမှုများကို မေ ၉ ရက်က ဆောင်ရွက်ခဲ့သည်။

စားသုံးရန်မသင့်သည့် အစားအသောက်၊ ကုန်ပစ္စည်းများကို ပြည်သူများ စားသုံးမိခြင်းမရှိစေရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးသက်နိုင်နှင့်အဖွဲ့က ယင်းမာပင်မြို့ မြို့မစည်ပင်သာယာဈေးနှင့် ကုန်စုံဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကုန်ပစ္စည်းများတွင် မြန်မာစာ စာတန်းနှင့် အခြားဘာသာစာတန်းများ တွဲလျက်ပါဝင်မှသာ ဝယ်ယူရောင်းချစေလိုကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီနှင့် နေရပ်လိပ်စာ ပါဝင်မှု၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ပါဝင်မှု၊ ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်ပါဝင်မှုနှင့် ပါဝင်သည့်ပစ္စည်းအမျိုးအမည် စသည်တို့ကို သေချာကြည့်ရှုပြီးမှသာ ဝယ်ယူ၍ တစ်ဆင့်ရောင်းချစေလိုကြောင်း ဦးစီးမှူးက ဆိုင်ရှင်များအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းမာပင် မြို့မစည်ပင်သာယာဈေးမှ ကုန်စုံဆိုင်များကို တာဝန်ရှိသူများ လိုက်လံစစ်ဆေးနေစဉ်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် ကုန်စုံဆိုင်များကို လိုက်လံစစ်ဆေးပြီး စားသုံးသူအခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများ မရှိစေရေးအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ တိုင်ကြားအကြံပြုနိုင်ကြောင်းကိုလည်း ဒေသခံပြည်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

သန်းဌေးအောင်(ကနီ)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

နေပြည်တော်၊ မြို့မဈေးပွဲရုံတန်း၊ (၂)ထပ်ဆိုင်ခန်း၊ ပြင်ဆင်ပြီး၊ ကိုယ်ပိုင်ရေစင်၊
ကားပါကင်နေရာကျယ်၊ ပွဲရုံလူနေဆိုင်ခန်း၊ အပေါ်ထပ်တွင် လူနေ၊ အောက်ထပ်တွင် ဈေးဆိုင်ခန်း၊ ရုံးခန်းဖွင့်ရန် အလွန်သင့်တော်၍ ပတ်ဝန်းကျင်ကောင်း၊ နေရာသန့်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။ ကျယ်သိန်း(၈၅၀)

ဖုန်း- **09-5178979,09-43292929,09-451146685, 09-43022828**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဝယ/၄၈၅၅၉ ADIXIN-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၅/မရန(နိုင်)၀၈၁၀၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

မိဘအမည်မှန်

အထက(၄) ပုဇွန်တောင် ဆဋ္ဌမတန်း(စီ)မှ မစန္ဒာအေး၏ မိဘအမည်မှန်မှာ ဦးခွန်ဖြိုန်း ၁၃/ဟပန(နိုင်)၀၄၄၃၃၅နှင့် ဒေါ်နန်းပေ ၁၃/ဟပန(နိုင်)၀၄၄၃၃၆ ဖြစ်ပါသည်။

ဦးခွန်ဖြိုန်း-ဒေါ်နန်းပေ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊မင်းလှမြို့နယ်၊ အထက(မင်းလှ) န၀မ တန်းမှ မဝင်းပပအောင်၏ ဖခင်အမည်မှန်မှာ ဦးလင်းမောင် ၈/မလန(နိုင်)၀၅၄၈၀၅ ဖြစ်ပါကြောင်း။

ဦးလင်းမောင်

မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)နေ ဦးမောဆီ၏သမီး မရွှေလှ ၁၃/ကတန(နိုင်)၁၇၀၉၆၀၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၃-၂၀၀၁ ဖြစ်ပါကြောင်း။

VACANCY ANNOUNCEMENT

Myanmar Maternal and Child Welfare Association (MMCWA) invites a Myanmar National committed person, well orientated with SHRiE (Sexual Reproductive Health in Emergency) Programmes to apply for a vacant post to be filled at MMCWA, Nay Pyi Taw. This person will be responsible to act as a 'Humanitarian Programme Officer' of SPRINT III project to International Planned Parenthood Federation (IPPF).

Specific Roles

1. Manage the coordination and capacity building plans for SPRINT III.
2. Work with Executive Director (ED) and IPPF Humanitarian staff in designing and implementing SPRINT III activities and workplans.
3. Support ED and act as the focal person for SPRINT IIII project related.
4. Implement and report SPRINT III project activities.
5. Develop and maintain organizational relationships with senior executives in MMWCA, government, development organizations, UN agencies and donors.
6. Collect and maintain database of MISP trained in-country participants and maintain a network of MISP trained personnel.
7. Coordinate with IPPF Humanitarian staff in preparing and implementing SRHiE and MISP Trainings.
8. Lead and manage SPRINT III reports and emergency proposals to IPPF Humanitarian.
9. Coordinate and lead emergency response programmes under SPRINT III, if required.
10. Undertake other duties as reasonably assigned by line manager and IPPF Humanitarian staff, in consultation with Executive Director.

Personal specification.

1. Degree in public health related field with experience of working with Government & CSO in related work for not less than 3 years
2. Experience in SHRiE working on humanitarian preparedness and response programmers in Myanmar is preferred
3. Project development and management skills
4. Strong analytical, research skills and independent thinking
5. Facilitation and negotiation skills including running training and facilitating workshops.
6. Have sufficient skills in computer use including Microsoft Office (word and excel).
7. Fluent spoken and written English

Appointment

Duration – initially May- December 2019 with possibility of extension depending on donor funding and cost extension of the SPRINT III grant.

Duty Station – Nay Pyi Taw (frequently travel to project sites)

The person who is interested in can send CV to mmcwaippf.mmr@gmail.com and cc- mmcwapresident@gmail.comnot later than 23th April, 2019.

မြောင်းမြမြို့၊ (၁၀)ရပ်ကွက်ရှိ၊ ရှရီ ရှရီရာဂျာ(မ်) နကီးဘုရားကျောင်းနှင့် ပတ်သက်၍ ကြေညာချက်

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၊ (၁၀)ရပ်ကွက်၊ ရိုးကူးလမ်းရှိ ရှရီရှရီရာဂျာ(မ်)နကီး ဘုရားကျောင်းဂေါပကအဖွဲ့(ယာယီဘုရားကျောင်း ထိန်းသိမ်းရေးကော်မတီ)ဥက္ကဋ္ဌ ဦးသိန်းဝင်း(ခ)ပီချေး(ဘ)ဦးစိုးမြင့် ၁၄/မမန(ပြု)၀၀၂၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ ထိုဘုရားကျောင်းဂေါပကအဖွဲ့ဟောင်းအား သိရှိလိုက်နာဆောင်ရွက်ပေးရန်အတွက် အသိပေးကြေညာအပ်ပါသည်။

၂။ ဂေါပကဟောင်းအဖွဲ့မှ ရာမဘုရားရှင်မွေးနေ့ (၁၁-၄-၂၀၁၉)ရက် မွန်းတည့် ၁၂နာရီအရောက် ဘုရားကျောင်းသော့နှင့် တကွငွေစာရင်းရှင်းတမ်းနှင့် ကျောင်းပိုင်ပစ္စည်းများကို ယာယီဂေါပကအဖွဲ့သို့ လာရောက်အပ်နှင်းပေးရန်အတွက် မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြမြို့၏ ၈-၄-၂၀၁၉ရက်စွဲပါစာအမှတ်-၅/၁၁-၃/ဦး၆ဖြင့် ညွှန်ကြားလာပါသဖြင့် ဂေါပကအဖွဲ့ဟောင်းမှ ၁၁-၄-၂၀၁၉ရက် မွန်းတည့် ၁၂နာရီမတိုင်မီ ယာယီဂေါပအဖွဲ့သို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ လာရောက်ပေးအပ်ဆောင်ရွက်ပေးပါရန်အတွက် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြင့်သိမ်း(LL.B)
တရားလွှတ်တော်ရှေ့နေ(Advocate)
စဉ်-၆၄၃၄(၁၃-၈-၁၉၉၇)
ကံကော်မြိုင်(၉)လမ်း၊ မြောင်းမြမြို့
ဖုန်း-၀၉-၂၅၀၇၅၂၁၁၊ ၀၉-၇၉၁၉၁၃၁၀၀

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၄၃၆၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/9288 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1801 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အမည်မှန်

ဒိုက်ဦးမြို့နေ ဦးဝိယံ၏သမီး ဒေါ်စန်းစန်းမြင့် ၇/ဒဥန(နိုင်)၁၄၉၀၀၃ ၏ အမည်မှန်မှာ ဒေါ်စမ်းစမ်းဝင်း ဖြစ်ပါကြောင်း။

ဒေါ်စမ်းစမ်းဝင်း

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 2G/6091 Mitsubishi Minicab UB2T Van (4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၁၂/ပဘတ(နိုင်)၀၀၂၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဝယ/၂၂၉၈၀ Suzuki Smash 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၇/ပခန(နိုင်)၀၆၁၅၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉C/၂၊ မြေကွက်အမှတ်၅၆၊ မြေကွက်တည်နေရာ အမှတ်(၇)၊ ဗိုလ်မိုးလမ်း၊ စမ်းချောင်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (၁)ဒေါ်အေးမြင့် ၁၂/မရက(နိုင်)၀၆၉၇၅၇၊ (၂) ဦးသိန်းလွင် ၁၂/မရက(နိုင်)၀၁၉၅၁၅၊(၃) ဦးကြည်ဝင်း ၁၂/ဗဟန(နိုင်)၀၄၅၃၈၁၊(၄)ဒေါ်ခင်ညိမ်း ၁၂/မရက(နိုင်)၀၆၉၇၅၆၊(၅)ဒေါ်သိန်းသိန်းအေး ၁၂/မရက(နိုင်)၀၆၉၇၈၆၊ (၆) ဒေါ်တင်တင်ဌေး(ခ)ဌေးဌေးဆိုင် ၁၂/မရက(နိုင်)၀၅၈၂၃၃၊ (၇) ဦးမြင့်ဆွေ ၁၂/မရက(နိုင်)၀၇၁၃၀၇၊ (၈) ဒေါ်မြင့်မြင့်ဆွေ ၁၂/မရက(နိုင်)၀၁၉၃၅၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်များအနက် ဦးသိန်းလွင်သည် ၂၈-၇-၂၀၁၅ရက်တွင်လည်းကောင်း၊ ဇနီးဒေါ်စုစုလွင်သည် ၂၆-၂-၂၀၀၉ရက်တွင်လည်းကောင်း ကွယ်လွန်ကြသဖြင့် ဦးသိန်းလွင်၏အစုကို(၁)ဦးအောင်ထွန်းလွင် ၁၂/မရက(နိုင်)၀၀၃၃၈၇၊ (၂)ဦးသက်ဝေလွင် ၁၂/မရက(နိုင်)၁၀၈၄၁၇၊(၃)ဒေါ်စုနန္ဒာလွင် ၁၂/မရက(နိုင်)၁၁၈၄၇၈တို့မှ သားသမီးများတော်စပ်ကြောင်း ၁၁-၉-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ကျန်ပူးတွဲပိုင်ရှင် ဒေါ်အေးမြင့်၊ ဦးကြည်ဝင်း၊ ဒေါ်ခင်ညိမ်း၊ ဒေါ်သိန်းသိန်းအေး၊ ဒေါ်တင်တင်ဌေး(ခ)ဌေးဌေးဆိုင်၊ ဦးမြင့်ဆွေ၊ ဒေါ်မြင့်မြင့်ဆွေတို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ကြောင်မျက်ရှင်လမ်း၊ အမှတ်(၂၀)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅အိပ်၅)၊ မြေကွက်အမှတ်(၄၈၇)၊ မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေ၊ အမည်ပေါက် ဦးထွန်းငြိမ်း(ပီအေအာနံ-၁၆၄၂၂၂)မြေဖြစ်ပါသည်။(ဖခင်) ဦးထွန်းငြိမ်းသည်(၂၅-၁၀-၁၉၉၆)ရက်နေ့တွင်လည်းကောင်း။ (မိခင်)ဒေါ်သန်းစိန် သည်(၂၈-၃-၁၉၆၉)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ကြောင်းနှင့် မိခင်ဖခင်တို့မှ သားသမီး(၆)ဦးမွေးဖွားခဲ့ကြောင်း၊ ၎င်းတို့အနက် စတုတ္ထမြောက်သားဖြစ်သူ ဦးထွန်းသိန်းသည် (၂၅-၆-၂၀၁၀)ရက်နေ့တွင်ကွယ်လွန်ခဲ့ကြောင်းနှင့် ကျန်သားသမီး(၅)ဦးဖြစ်သော ဒေါ်သန်းသန်းရီ (ခ)ဒေါ်ရီရီဝင်း(၁၂/ရကန(နိုင်)၀၁၃၃၁၆၇)၊ ဒေါ်အေးမြင့်(၁၂/ရကန(နိုင်)၀၂၂၄၈၉)၊ ဦးသန်းထွန်း(၁၂/ရကန(နိုင်)၀၅၁၈၇၉)၊ ဒေါ်အေးအေးသက်(၁၂/ဗဟန(နိုင်)၀၅၉၃၈၅)၊ ဦးယဉ်ထွေး(၁၂/ဗဟန(နိုင်)၀၆၄၆၉၆)တို့နှင့်အတူ ကွယ်လွန်သူ ဦးထွန်းသိန်း၏အစုအတွက် (ဇနီး)ဒေါ်ဝင်းမာ(၁၂/ဥကတ(နိုင်)၁၀၅၀၉၄)တို့မှ ၎င်းတို့(၆)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့်၎င်းတို့(၆)ဦးမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၌(၂၅-၂-၂၀၁၉)ရက်နေ့ကျိန်ဆိုသည့် ကျမ်းကျိန်အမှတ်စဉ်(၂/၂၂၂၃) ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ ကွယ်လွန်သူတို့၏သေဆုံးမှုအထောက်အထား၊ မြေငှားစာချုပ်ဂရန်မူရင်းတို့ကိုတင်ပြ၍ ဒေါ်သန်းသန်းရီ(ခ)ဒေါ်ရီရီဝင်း ဒေါ်အေးမြင့်၊ ဦးသန်းထွန်း၊ ဒေါ်ဝင်းမာ၊ ဒေါ်အေးအေးသက်၊ ဦးယဉ်ထွေး တို့မှ ပိုင်ဆိုင်စာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ စွန်းလွန်း ဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယက **ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒ** အရှင်သူမြတ်အား ၂၀၁၈ ခုနှစ်တွင် '**ကမ္မဋ္ဌာနာစရိယ**'ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ယခု ၂၀၁၉ ခုနှစ်တွင် '**မဟာကမ္မဋ္ဌာနာစရိယ**' ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန/သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို တပည့်ဒါယကာ/ဒါယိကာမအပေါင်းတို့မှလည်း ဂုဏဝိသိဋ္ဌ (ထပ်ဆင့်)ဂုဏ်ယူ ပူဇော်အပ်ပါသည် အရှင်ဘုရား။ ဆရာတော်ကြီးလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာအကျိုး၊ ဘာသာအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ပူဇော်ဂုဏ်ပြုအပ်ပါသည်အရှင်ဘုရား။

ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၉၃/အေ)၊ ဒုတိယထပ်နေ ဦးချိန်အုံကျော့(ခ)ကျော်သူအောင် (၁၃/ကခန(နိုင်)၀၃၉၃၅၀)သည် အောက်ပါကုန်အမှတ် တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

HAIR PRO

မှတ်ပုံတင်အမှတ် - ၁၁၉၉၅ (၂၀-၉-၂၀၁၆)

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် Hair Cream, Hair Gel, Hair Wax အစရှိသည့် ဆံကေသာသုံး အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ အတုအပ ပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက မိမိလုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေအရ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၉၆၃၂၉၃၃၃၉

အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၆၉)နေ ဦးလှငွေ ၇/ပခန(နိုင်)၀၁၀၇၉၄ နှင့် ညီ၊ ညီမများဖြစ်ကြသည့် ဒေါ်ငြိမ်းသွယ်၊ ဦးမြင့်စန်းနှင့် ဒေါ်မိုးမိုးခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သနပ်ပင်လမ်း၊ အမှတ်(၉၈)၊ မျက်နှာ၀ (၂၇)ပေ၊ မြေကွက်အရှည်(၁၀၀)ပေ၊ (၄ပင်×၅ပင်)၊ နှစ်ထပ်တိုက်ခံအိမ်မှာ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်ကြသော အမွေရှင်ဦးစိန်ဟန်-ဒေါ်သိန်းတို့ပိုင် မရွှေ့မပြောင်းနိုင်သော ကျန်ရှိသည့်ပစ္စည်းများဖြစ်ပါ၍ သားသမီးများဖြစ်ကြသည့် ဦးလှငွေပါ မောင်နှမ(၄)ဦးတို့က ထိန်းသိမ်းစောင့်ရှောက်ထားသူများ ဖြစ်ကြပါသည်။ နေအိမ်နှင့်မြေကွက်အား ဦးလှငွေ ပါ-၄ ဦးတို့၏ ခွင့်ပြုချက်အရမဟုတ်ဘဲ ကွယ်လွန်သူညီမ ဒေါ်ခင်ချိုလွင်မှ မွေးဖွားသည့် တူ၊ တူမ(၅)ဦးဖြစ်သည့် (၁) ဦးကိုကိုလွင်၊ (၂)ဦးညီညီလွင်၊ (၃)မမေသူလွင်၊ (၄)မောင်ချစ်လေး၊ (၅) မောင်ချစ်ညီထွေးတို့မှာ အတင်းအဓမ္မတက်ရောက်နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့နေထိုင်လျက်ရှိရာမှ အမွေပစ္စည်းထိန်းသိမ်းစောင့်ရှောက်သူ ဘကြီးနှင့်ကြီးဒေါ်များဖြစ်ကြသည့် ဦးလှငွေ ပါ-၄ဦးတို့ မသိရှိဘဲ နေအိမ်ခြံဝင်းအား ပြုပြင်ခြင်း၊ အဆောက်အအုံပုံစံပြောင်းခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်းမပြုရန် တားမြစ်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှငွေနှင့် မောင်နှမ(၄)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်လဲ့လဲ့ထွန်း	ဒေါ်နီလာချို	ဦးမြင့်လွင်ရွှေ
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၇၂၅)	(စဉ်-၁၀၈၃၂)	(စဉ်-၇၇၅၅)
အမှတ် (၁၈၇)၊	အမှတ် (၁၀၇၆)၊	အမှတ် (၆၉)၊
ဘုရင့်နောင်လမ်း၊	နဂါးလိန်ဘုရားလမ်း	မြို့ရှောင်လမ်း၊
(၁၈)ရပ်ကွက်၊ ဉသျှာမြို့သစ်၊	မဇင်းရပ်ကွက်၊ ပဲခူးမြို့	(၁၉)ရပ်ကွက်၊ ဉသျှာမြို့သစ်၊
ပဲခူးမြို့၊	ဖုန်း-၀၉-၂၅၅၇၄၉၄၃၂	ဖုန်း-၀၉-၄၃၁၃၃၆၇၅
ဖုန်း-၀၉-၄၀၀၄၉၄၉၀၇		

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အထက ရေပြာနဝမတန်းမှ မငြိမ်းသူသူအောင်၏ဖခင်အမည်မှန်မှာ ဦးသန်းညွန့် ၈/ပမန(နိုင်)၀၂၄၂၇၆ ဖြစ်ပါကြောင်း။
ဦးသန်းညွန့်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အလက သရက်တော၊ စတုတ္ထတန်းမှ မရွှေလီငွေး၏ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်းရွှေ ၈/ပမန(နိုင်)၀၈၃၀၈၁ ဖြစ်ပါကြောင်း။
ဦးမြင့်ဝင်းရွှေ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ လင်ထောင်ကျေးရွာ၊ မူလတန်းလွန်ကျောင်း၊ သတ္တမတန်းမှ မောင်ကျော်သီဟ၏ဖခင်အမည်မှန်မှာ ဦးဖိုးတုတ် ၈/ပမန(နိုင်)၀၈၇၈၁၈ ဖြစ်ပါကြောင်း။
ဦးဖိုးတုတ်

ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၊ အလက(ခွဲ)အဋ္ဌမတန်းမှ မခင်ဖြိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၈/ဆဖန(နိုင်)၀၅၉၇၃၉ ဖြစ်ပါကြောင်း။
ဦးသိန်းနိုင်

ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၊ အလက(ခွဲ)အဋ္ဌမတန်းမှ မောင်ဇင်ကိုထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်စန်းဝင်း ၈/ဆဖန(နိုင်)၀၅၀၅၂၁ ဖြစ်ပါကြောင်း။
ဦးကျော်စန်းဝင်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂/ပေါင်းလောင်း-၂)၊ ဧရိယာ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ် (၁၀၀၇) ဦးဗဟာဒူး အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၁၀၀၈)၊ ဦးဘီနေး အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်အား ဒေါ်လှလှဆင့်(ဘ) ဦးကံကောင်း ၉/ပမန(နိုင်)၀၄၆၅၉၀မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ဒက္ခိဏခရိုင်တရားမရုံးတော်၌
၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၄၇

ဒေါ်ညွန့်ဝင်း(ခ)ဒေါ်မြင့်မြင့်ဝင်း **နှင့်** ၁။ ဦးကျော်စိန်
၂။ ဒေါ်ခင်စိန်
၃။ ဒေါ်ခင်ရှိန်
၄။ ဒေါ်မကြီး
၅။ ဒေါ်ဝင်းရီ

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက် ဒက္ခိဏသီရိမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ်(၅၁/၂၀၁၇) ကို အယူတော်ခံမှု။
၁။ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကျေးရွာနေ အယူခံတရားပြိုင် (၂)ဒေါ်ခင်စိန်
၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်နေ အယူခံတရားပြိုင်(၅)ဒေါ်ဝင်းရီ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ယခုအမှုတွင် ဒက္ခိဏသီရိမြို့နယ်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို အယူခံတရားလို ဒေါ်ညွန့်ဝင်း(ခ)ဒေါ်မြင့်မြင့်ဝင်းက တရားမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၉ခုနှစ် ဧပြီ ၂၉ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းတရားမအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြူဝင်းလတ်)
ဒုတိယခရိုင်တရားသူကြီး(၃)
ဒက္ခိဏခရိုင်တရားရုံး

ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၉၃/အေ)၊ ဒုတိယထပ်နေ ဦးချိန်အုံကျော့(ခ)ကျော်သူအောင် (၁၃/ကခန(နိုင်)၀၃၉၃၅၀)သည် အောက်ပါကုန်အမှတ် တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။

ONLYOU

မှတ်ပုံတင်အမှတ်
၁၂၀၀၁ (၂၀-၉-၂၀၁၆)

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ရေမွှေး၊ မိတ်ကပ်၊ လက်သည်းဆိုးဆေး၊ နှုတ်ခမ်းနီ၊ Lotion အစရှိသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ အတုအပ ပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက မိမိလုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တည်ဆဲဥပဒေအရ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၉၆၃၂၉၃၃၃၉

ပျောက်ဆုံးကြောင်း

ကျွန်မ မပြတ်နှင်းအေး ၁၁/ပတန(နိုင်)၀၅၁၉၄၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၇၆၃၃၅၃

ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူ အထက(၂၂)မှ မဖြူစင်အောင်၏ ဖခင်ဦးကုလား၏ အမည်မှန်မှာ ဦးဝင်းကြိုင် ၉/ဇဗသ(နိုင်)၀၀၈၇၉၃ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းမင်းစိုး ၉/လဝန(နိုင်)၁၇၀၆၉၃၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၂၀၂၄၈၆**

ယာဉ်လိုင်စင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/ 45125 ထော်လာဂျီ B-2 လက်တွန်းထွန်စက် အမည်ပေါက်သူ ဦးအောင်မြတ်သူ ၁၄/ဘကလ(နိုင်)၂၁၃၇၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ဖျာပုံမြို့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်-၃၊ မြေကွက်အမှတ် ၁၀၃၊ ဧရိယာ ၁ဒသမ၇၀၁ဧက၊ မြေကွက်တည်နေရာအမှတ်(၁၀၃)၊ ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်မောင်လေး(LTA-၀၀၂၈၂၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်လေး(ခ) ဝင်စေဖျောင်(LTA-၀၀၂၈၂၇) ၁၂/ကတတ(နိုင်)၀၀၈၅၃၀ ကိုယ်တိုင်မှ ဂရန်မူရင်းမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် မြေရာဇဝင်မှတ်ချက်ရှိ (၂၀၁၁)ခုနှစ်တွင် ကူးယူခဲ့သည့် ဘဏ်ငွေချေးရန် မြေပုံမြေရာဇဝင်မူရင်းမှာလည်း မည်သည့်ဘဏ်တွင်မှ ဘဏ်ငွေချေးယူခဲ့ခြင်းမရှိဘဲ ခရီးသွားလာရင်း ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ရှင်းလင်းတင်ပြစာတို့အား တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် အမှုတွဲအမှတ်-လသယ/၃/၀၇၇/၂၀၀၀ အရ ၄-၅-၂၀၀၀ ရက်မှစ၍ ထုတ်ပေးခဲ့သည့် မူလနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ငွေရီ ၁၂/မဂဒ(နိုင်)၀၂၇၆၅၁၏သမီး မအေးအေးမော် (MGDN-၀၂၄၁၃၉)သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့်ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါကြောင်း အသိပေး ကြေညာအပ်ပါသည်။
ဒေါ်ငွေရီ ၁၂/မဂဒ(နိုင်)၀၂၇၆၅၁
အမှတ်(၂/၂/၆၂)၊ သစ်ရာလမ်း၊
ထောက်ကြံ့တိုးချဲ့၊ မင်္ဂလာဒုံမြို့နယ်။

စာအုပ်စာပေလူ့မိတ်ဆွေ

(၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါက်တာ ဦးညွန့်ဝင်း
(အရှေ့ပိုင်းသားဖွားခန်း)

လူတိုင်းအပေါ်တွင် မေတ္တာ၊ ကရုဏာ၊ စေတနာနှင့်ကူညီပေးတတ်သော ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ၁၀-၄-၂၀၁၉ ရက်တွင် (၈)နှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်အမြဲသတိရအောက် မေ့လျက် နေ့စဉ်လစဉ်ပြုလုပ်လျက်ရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မိသားစုမှ အမျှပေးဝေပါသည်။
ကျန်ရစ်သူဇနီး-ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်နှင်းဆီ
သားသမီးများနှင့်
သားသမက်မောင်ဖုန်းနိုင်

ဒေါ်သုန်ကြူ(ခ)ဒေါ်ချောင်တောင်ချောင်
အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃ လမ်း၊ အမှတ်(၁၈/၂၂)နေ ဦးမောင်စိန်၏ ဇနီး၊ (ဦးတင်ဦး)-ဒေါ်အေးစန်း၊ (ဦးစိုးမြင့်)-ဒေါ်ယဉ်ယဉ်၊ ဦးဟန်ဝင်း-ဒေါ်မြမြအေး၊ ဒေါ်သန်းသန်းနု၊ ဒေါ်ဝင်းဝင်းလွင်၊ ဒေါ်ဝင်းဝင်းငွေး၊ ဦးပုတို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၉၀၂)၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးကျော်ညွန့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှိုင်ဝင်းအောင် (ဘ) ဦးသန်းလွင် ၉/လဝန(နိုင်)၁၂၆၀၂၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၄၀၃/၂၀၁၉)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရန်နိုင်စိုးရပ်နေ ဦးမြင့်နိုင် ၉/စကန(နိုင်)၀၂၆၀၁၂မှ မတ္တရာမြို့နယ်နတ်ကြီးစဉ်ကျေးရွာနေ ဦးကျော်သိန်း ၉/မတရ(နိုင်)၀၅၂၆၆၃အား မတ္တရာမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်စာချုပ်အမှတ် ၅/၂၀၁၇ကို ၅-၄-၂၀၁၉ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်သည်။
ဦးမြင့်နိုင် ၉/စကန(နိုင်)၀၂၆၀၁၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေကွက်အမှတ် (ဥ-၁၃၆၇)၊ ဦးမြင့်ထွန်း ၉/ပမန(နိုင်)၁၆၃၄၉၈ (ဘ) ဦးတင်ဆောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အေးအေးဝင်း ၉/သလန(နိုင်)၀၀၉၈၇၀ (ဘ) ဦးကျော်ဝင်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြော်ငြာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7278 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၃၆၂၀ Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၉/အမရ(နိုင်)၀၃၃၉၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးလွင်ဦး ၁၂/ဥကတ(နိုင်)၀၃၄၇၄၉နှင့် ကျွန်မဒေါ်နန်းသီတာ ၁၂/ဥကတ(နိုင်)၀၃၄၆၈၇တို့၏သားဖြစ်သူ မောင်ဇော်မင်းလတ် ၁၂/ဒဂမ(နိုင်)၀၁၆၁၉၃ သည် မိဘနှစ်ပါး၏တားမြစ်မှုကို မနာယူဘဲ မိဘတို့နှင့်သဘောထား ကိုက်ညီမှုမရှိသောကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် မိဘတို့၏ကောင်းစေလိုသော စေတနာဖြင့် ဆုံးမပဲ့ပြင်မှုနှင့် ဆန္ဒသဘောထားကို ဆန့်ကျင်၍ မိမိအလိုလျောက် ပြုလိုရာပြုသွားခဲ့သည့်အတွက် ယနေ့မှစ၍ မောင်ဇော်မင်းလတ်အား အမွေခံသား အဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့သည် မိဘနှစ်ပါးတို့နှင့် သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဦးလွင်ဦး ၁၂/ဥကတ(နိုင်)၀၃၄၇၄၉၊ဒေါ်နန်းသီတာ ၁၂/ဥကတ(နိုင်)၀၃၄၆၈၇
အမှတ် ၁၃၇၊ ဓီဇဝါလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ချိုပြုံး
ကမ္ဘာ့မြန်မာဗုဒ္ဓဂယာနှင့်အပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ
အသက်(၅၉)နှစ်

ချောက်မြို့နယ်နေ (ဦးဘရှင်-ဒေါ်မြသိန်း)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်လှမြိုင်)တို့၏ချွေးမ၊ (ဦးချစ်ဦး)၏ဇနီး၊ ကိုဥက္ကာဦး၊ မဆုမွန်ချစ်တို့၏အစ်မ၊ ဦးညိုဝင်း-(ဒေါ်ခင်ဝင်းကြည်)၊ ဦးခင်မောင်တင်-ဒေါ်မြင့်မြင့်၊ (ဦးစန်းလွင်)-ဒေါ်ပြုံး၊ ဦးစိန်ချင်း-ဒေါ်ကြည်ကြည်ငွေ၊ ဦးသန်းဝင်း-ဒေါ်လှလှထွေးတို့၏ညီမ၊ (ဦးမင်းလွင်)၊ (ဦးရဲအောင်မိုး)-ဒေါ်မိုးမိုးဆွေတို့၏အစ်မ၊ ရန်ကုန်မြို့နေ(ဦးဖေဝင်း)-ဒေါ်ကျင်နွယ်၊ (ဦးမြင့်ဦး)-ဒေါ်အုန်းစိန်၊ ဦးအေးကို-ဒေါ်စန်းမွှေး၊ ဦးဝင်းအောင်တို့၏အစ်မ/ညီမသည် ၈-၄-၂၀၁၉ရက် မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ရက် နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမြင့်ဟန်(ခ)ဦးပွ (ကျုံဒိုး)
အသက်(၇၈)နှစ်

ကရင်ပြည်နယ်၊ ကျုံဒိုးမြို့၊ (၂)ရပ်ကွက်၊ ဟောင်သရောလမ်း၊ အမှတ်(၈)ကမ်းနားပိုင်းနေ ဦးတင်ထွဋ်ဦး-ဒေါ်သန်းသန်းဝင်း၊ ဒေါ်အေးအေးခိုင်-ဦးတင်သန့်ဇော်၊ ဒေါ်တင်တင်ခိုင်-ဦးနီတာ၊ ဒေါ်မာမာခိုင်-ဦးစိုးမိုး၊ ဒေါ်ယုယုခိုင်-ဦးကိုကိုမောင်၊ ဦးတင်အောင်ထွေး-နန်းစေးအွာတို့၏ဖခင်၊ မြေး၁၄ယောက်တို့၏အဘိုး၊ ဒေါ်ရီရီမြ၏ခင်ပွန်းသည် ၈-၄-၂၀၁၉ ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ကျုံဒိုးမြို့၊ နွားခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိပ်ချ်၃၊ မြေကွက်အမှတ် II Class ၂၂၊ မြေကွက်တည်နေရာအမှတ် ၁၈၀/၁၈၂၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဦးကျော်ညွန့် ၁၂/ဗတထ(နိုင်)၀၂၅၂၇၇၊ ဒေါ်ကျင်ရွှေ ၁၂/ဗတထ(နိုင်)၀၂၄၆၅၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ညွန့် (ခင်ပွန်း) ၂-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအား တရားဝင်ဇနီးဖြစ်သူ TAN SIN HWA (ခ)ဒေါ်ခင်ဆွေရီ ၁၂/ဗတထ(ဧည့်)၀၀၀၂၄၃မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်စဉ် ၁/၄၄၅/၁၉ (၁၁-၁-၂၀၁၉)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ၁၁-၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဦးကျော်ညွန့်၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ TAN SIN HWA(ခ)ဒေါ်ခင်ဆွေရီနှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ကျင်ရွှေထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၈/၁၅၊ ၉-၁-၂၀၁၅ရသူ ဒေါ်တင်တင်အေး ၁၂/ဗတထ(နိုင်)၀၂၅၂၅၃တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင် (၂)ခန်းတွဲ(၆)ထပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်ခြင်းမရှိဘဲ အပျောက်ခန်းဖြင့် ဝယ်ယူသူများနေထိုင်ပါသည်။ လျှောက်ထားသူများမှ အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူကြောင်းလူဦးရေစာရင်းနှင့်တကွ ဝန်ခံကတိတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၃)ရှိ Commercial Area အတွင်း(၆)ခန်းတွဲ(၃)ထပ်(Shop House)၊ တိုက် ၁၂၊ အခန်း အမှတ် ၁၀၄ကို ဒုတိယဗိုလ်မှူးကြီး ရဲမြင့်ဦး(ငြိမ်း) ၈/မကန(နိုင်)၀၂၁၅၂၁မှ ဝယ်ယူခွင့်ရရှိခဲ့ပြီး အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာကို ဌာနမှထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာမှာ ပျောက်ဆုံးသွား ပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ဦးရဲမြင့်ဦးမှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲသို့တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၅၉၈၊ မြေကွက်တည်နေရာအမှတ် ၅၉၈၊ မာဃ(၅)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အမာဆွေ (DNU-070842)၊ ဦးထွေး (CE-106809)၊ ဦးခင်မောင် (BGE-089591)၊ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင် (BGE-089591)သည် ၁၈-၁၀-၂၀၁၂ရက်တွင်လည်းကောင်း၊ (ဇနီး)ဒေါ်ခင်သိန်း (ISN-232011)သည် ၆-၅-၂၀၀၈ ရက်တွင်လည်းကောင်း၊ (သားမက်) ဦးသိန်း ၁၂/ဗဟန(နိုင်)၀၀၈၉၈၈သည် ၂၆-၁၂-၁၉၉၈ရက်တွင်လည်းကောင်း၊ (သမီး) ဒေါ်မြသန်း(ISN-221928)သည် ၉-၅-၂၀၁၀ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးထွေးသိန်း ၁၂/ဗဟန(နိုင်)၁၂၃၈၇၃မှ တစ်ဦးတည်းသောမြေးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံးတွင် ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ်၂/၃၄၀/၁၉(၈-၂-၁၉)၊ သေစာရင်းများနှင့်ဒေါ်အမာဆွေ၊ ဦးထွေး၊ ဦးခင်မောင်အမည်ပေါက် ဂရန်မူရင်းကိုတင်ပြ၍ ကျန်အမည်ပေါက် နှစ်ဦးဖြစ်သူ ဒေါ်အမာဆွေ (DNU-070842)၊ ဦးထွေး (CE-106809)တို့နှင့်ပူးတွဲပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ပေ(၃၀×၆၀)၌ တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှိပြီး လျှောက်ထားသူ သုံးဦးလုံးနေထိုင်ပြီး၊ ကျန် ပေ(၁၀×၆၀)တွင် တစ်ထပ်အုပ်ညှပ်အိမ်တစ်လုံး၌ အဒေါ်ဖြစ်သူ ဒေါ်တင်ဝင်းအား ငှားရမ်းထားပြီး အိမ်ငှားထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူကြောင်းလက်မှတ်ရေးထိုးပေးသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းပြန်လည်ရုပ်သိမ်းခြင်း

၅-၃-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ ကနီမြို့နယ်၊ သရက်ပင်ကျေးရွာနေ ဦးဖိုးထူး-ဒေါ်မာကြည်တို့၏သမီး မသန်းသန်းမော် (အလယ်တန်းပြ) ၅/ကနန(နိုင်)၀၅၂၃၉၆ ကို ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဖိုးထူး-ဒေါ်မာကြည်
ကနီမြို့နယ်၊ သရက်ပင်ရွာ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်အေးဆွေ(ခ) ဒေါ်ကြည်ကြည်အေး
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ်(၂၇၅-ခ)နေ ဦးအုန်းမြင့်(ခ) ဦးတွတ်၏ဇနီး၊ (ဦးမိုးမြင့်)၊ ဒေါ်စိုးအေးမြင့်၊ ဒေါ်တိုးအေးမြင့်၊ (ဒေါ်မျိုးအေးမြင့်)၊ ဦးဝင်းနိုင်နိုင်ထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ရေကူးကန်လမ်း၊ အမှတ်(၅) တည်ရှိရာဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၂/၁-ပ၊ မြေအမျိုးအစား မြေပိုင်မြေ၊ အမည်ပေါက် နော်ဂေးနွဲ့(ခ)ဂါဒင်းနီးယား(KLD-095374) ဖြစ်ပါသည်။ (မိခင်) ဒေါ်နော်ဂေးနွဲ့(ခ) ဂါဒင်းနီးယား ၁၂/ဗဟန(နိုင်)၀၆၁၅၀၂မှာ ၁၃-၃-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း၊ ၎င်း၏(ခင်ပွန်း)ဦးအမင်း(န်)ဂျာမား(ခ) ဦးမောင်မောင်တင်(ဖခင်)မှာ ၂၇-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့တွင် သား(၃)ဦးသာ ထွန်းကားခဲ့ကြောင်း၊ ၎င်းတို့ညီအစ်ကို(၃)ဦးသာ တရားဝင်အမွေဆက်ခံသည့် သားအရင်းများအဖြစ်ကျန်ရစ်ခဲ့ပြီး အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ဦးသက်ကိုကိုတင် ၁၂/ဗဟန(နိုင်) ၀၀၂၀၃၄၊ ဦးသက်ညီညီတင် ၁၂/ဗဟန(နိုင်)၀၇၆၄၉၂၊ ဦးဇင်မောင်မောင်တင် ၁၂/ဗဟန(နိုင်) ၀၈၃၄၇၀တို့မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌ ၁၉-၂-၂၀၁၉ရက် ကတိသစ္စာပြုသည့် တရားရုံးကျမ်းကျိန်အမှတ်စဉ် (၂/၁၃၈၆)ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်ကတိသစ္စာပြုလွှာ နှစ်စောင်နှင့်အတူ ဦးသက်ကိုကိုတင်၊ ဦးဇင်မောင်မောင်တင်တို့မှ ဦးသက်ညီညီတင်သို့လွှဲအပ်သော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၆၄၉၉/၁၉-၂-၂၀၁၉)နှင့် ယင်း GP လွှဲအပ်သူ(၂)ဦးမှာ သက်ရှိထင်ရှားရှိကြောင်းနှင့် GPပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ၊ မြေအမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ဦးသက်ညီညီတင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ကိုယ်စား)**

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6085 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဦးစံ (တောင်သာ)
(ရုံးအဖွဲ့မှူး-ငြိမ်း) အလုပ်သမားဝန်ကြီးဌာန
အသက်(၉၀)

တောင်သာမြို့နေ (ဦးရှင်လေး-ဒေါ်သက်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၁၄၁၃)နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဦးသိန်းစိုးဦး-ဒေါ်အိဝါစံ၊ ဒေါ်အိမာစံ[လ/ထညွှန်မှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန-နေပြည်တော်]၊ ဒေါ်မြတ်မြတ်စံကို၏ဖခင်၊ မောင်ကောင်းဆက်လူ၊ မောင်မြင့်မြတ်ပိုင်တို့၏အဘိုးသည် ၉-၄-၂၀၁၉ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက်၁၀နာရီ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းတင်
ကျောက်ဖြူမြို့
အသက်(၇၉)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးအောင်ကျော်-ဒေါ်အေးနု)တို့၏သမီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်၊ စံပြရပ်ကွက်၊ မြို့ပတ်လမ်း၊ တိုက် ၁၀(ခြောက်လွှာ)၊ ကျောက်မြောင်းနေ (ရဲအုပ်ဦးချစ်လှိုင်)၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်မေသန်းလှိုင်၊ ဒေါ်သီတာလှိုင်၊ ဒေါ်မိုးသူလှိုင်(ခ)မြင့်မြင့်၊ ဒေါ်နီလာလှိုင်(ခ)ပေါက်ပေါက်၊ ဦးဇော်ဇော်အောင်(ချိန်ကောင်းကုမ္ပဏီ)-ဒုရဲမှူးစန်းစန်းလှိုင်(လေကြောင်းရဲတပ်ဖွဲ့)၊ ဦးကျော်ကျော်လှိုင်၊ ဦးထွန်းထွန်းလှိုင်-ဒေါ်ခင်စန်းနွယ်၊ မခင်စုစုလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားဒေါ်သန်းတင်သည် ၉-၄-၂၀၁၉ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
ဒေါ်တင်နွဲ့(ဗဟိုစံပြငါးဈေးကြီး၊ ဒိုင်အမှတ် ဃ/၃၀)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးနှင်းစိန်-ဒေါ်နှင်းလှ) တို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကော်ဖရံ ကျေးရွာနေ (ဦးပေါ်အေး-ဒေါ်လှတင်)တို့၏ချွေးမ၊ ဦးအုန်းမြင့်၊ (ဦးအောင်ကြည်-ဒေါ်စန်းစန်းအေး)၊ ဦးဝင်းအောင်-ဒေါ်မေသက်မွန်တို့၏အစ်မ၊ ဦးဖုန်းဇော်-ဒေါ်သီတာဦး၊ ဦးစိုးနိုင်ဦး၊ ဦးအောင်ကျော်မင်း-ဒေါ်ခက်ဝါဦး၊ ဦးမြင့်လွင်-ဒေါ်နန်းဝါဦး၊ ဦးဝေလင်းထွဋ်-ဒေါ်ဥမ္မာတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွား၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဒ္ဒေနာ ၁၁လမ်း၊ အမှတ် ၁၇နေ (ဦးမြင့်ဆွေ)၏ချစ်လှစွာသောဇနီးသည် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဂုံတိုင်ချမ်းမြေ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဒ္ဒေနာ၁၁လမ်း၊ အမှတ် ၁၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးညွန့်လွင် အသက်(၇၄)နှစ်
(စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း ဌာနခွဲမှူး-ငြိမ်း)
(Admin Executive), (UTW Myanmar Limited), A member firm of EY)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၁၀၊ အခန်း (B/5)နေ ဦးအေးမောင်-ဒေါ်ထားရီတို့၏သား၊ ဦးထွန်းကြည်-ဒေါ်ခင်မြတို့၏သားသမက်၊ ဒေါ်နုနုအေး-ဦးကျော်မောင်တို့၏ညီ/မောင်၊(ဒေါ်စန်းစန်းရီ)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်မာလွင်ဦး(CHID Bank)-ဦးအောင်ကျော်ထွန်း၊ ဦးစည်သူလွင်တို့၏ဖခင်သည် ၉-၄-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်ထွန်းဦး
အသက်(၃၉)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာနေ ဦးဦးလှ-ဒေါ်မမဆွေ၊ (ဦးချစ်ပန်း-ဒေါ်စောမြဦး)တို့၏မြေး၊ (ဦးမောင်သိန်းရွှေ)-ဒေါ်ကျန်တင်မေတို့၏သား၊ မနွယ်နီသိန်း(ခ)စနေမ၏အစ်ကို၊ (ဦးကျော်ဖေ)-ဒေါ်မဲ့နီတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၇ လမ်း၊ အမှတ် ၂၁၊ ဒုတိယထပ်(A)နေ ဒေါ်နီနီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မအိရွှေရည်ဦး(BIEC-School Pre KG)၏ ချစ်လှစွာသောဖခင်သည် ၉-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၇လမ်း နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ထိုက် (မြင်းခြံ)
အသက်(၈၇)နှစ်

ဦးသစ္စာ-ဒေါ်ငွေငွေတို့၏ချစ်လှစွာသောမိခင် ဒေါ်ခင်ထိုက်သည် ၇-၄-၂၀၁၉ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

KOL Global Co.,Ltd
မိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး
ဦးသန်းရွှေ (ကုန်သွယ်ရေး-၅၊အထည်)(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သုခလမ်း၊ အမှတ်၁၈(သုံးလွှာ)နေ (ဦးဘိုကြီး -ဒေါ်မြရီ)တို့၏သား၊ ဒေါ်ပြုံးရီ၏ခင်ပွန်း၊ ဦးမောင်မောင်ဦး (ဂျပန်ဧည့်လမ်းညွှန်)၊ ဦးတိုင်းအောင်ဦး(သစ်တောဦးစီးဌာန)-ဒေါ်အေးအေးမိုးတို့၏ဖခင်၊ မောင်ဟိန်းသူရိန်ဖြိုး-မယမင်းဖြူ၊မအေးချမ်းခင်ခင်၊ မောင်မင်းခန့်အောင်တို့၏အဘိုးသည် ၈-၄-၂၀၁၉ရက်ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်သီ (မော်လမြိုင်)
မူလတန်းပြဆရာမ(ငြိမ်း)၊ အထက-၂ မော်လမြိုင်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း(လယ်)၊ အမှတ် ၁၁၃နေ (ဦးရာဆံ-ဒေါ်လှခိုင်)တို့၏သမီး၊ (ဦးဟီ-ဒေါ်စိန် ရင်)တို့၏သမီးချွေးမ၊ ဦးဖိုးအေး(ဌာနခွဲစာရေးကြီး-ငြိမ်း၊ ဆ·သ·ရ)၏ဇနီး၊ ဦးမောင်မောင်လွင်-ဒေါ်ခင်ခင်နွယ်၊ ကပ္ပတိန် ဦးမောင်မောင်သွင်-ဒေါ်ဆန်းဆန်းဝင်း(BAg.Sc)တို့၏မိခင်၊ ကိုကျော်ဝင်းနိုင်၊ မမိုမိုအောင်-Ming Chi Kwong၊ မထားထား ဦး၊ ပိုးယုယယွန်းမောင်(ခ)စနိုး၊ Danny Kwongတို့၏အဘွားသည် ၈-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်ခင်သိန်း (ကြက်မင်းထမင်းဆိုင်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၄၈)နေ (ဦးလွန်းမောင်-ဒေါ်စောကြည်)တို့၏သမီး၊ (ဦးကျော်အောင်)၏ဇနီး၊ (ဦးသက်တင်)-ဒေါ်ခင်ကြိုင်၊ (ဒေါ်ခင်သောင်း)တို့၏ညီမ၊ (ဦးသောင်းမြင့်-ဒေါ်ခင်မြင့်)၊ (ဦးမြထွန်း)-ဒေါ်အေးသောင်းတို့၏အစ်မ၊ ဦးစိန်လှိုင်၊ (ဦးသန်းအောင်)-ဒေါ်ညိုညိုစိန်း၊ ဦးကျော်ငွေ-ဒေါ်လှလှမြိုင်၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းမြိုင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၉-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်မှူး ကြီးလှိုင် (ငြိမ်း)
အငြိမ်းစားများ နာရေးကူညီမှုအသင်း(လှည်းကူးမြို့နယ်)ဥက္ကဋ္ဌ
အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ (ဦးကြည်-ဒေါ်ကျင်)တို့၏သား၊ ဦးအောင်တင်ဝင်း-ဒေါ်ကြည်ကြည်စန်း၊ ဦးသက်ဝင်းအောင်(KOREA)-ဒေါ်ညိုညိုသင်း၊ ဦးနွေမိုးငြိမ်း(ကညန)-ဒေါ်ဇာဇာညွန့်လှိုင်(ကညန)၊ ဗိုလ်ကြီးသက်ထွေးအောင်-ဒေါ်ဆုရည်ဝင်း(ARCHITECT)၊ ဦးရန်ဝေးအောင်(စရဖ-မော်လမြိုင်)-ဒေါ်ခင်ဝင်းမြင့်(ထက်ပြ)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်စန်းရီ၏ချစ်လှစွာသောခင်ပွန်းသည် ၈-၄-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကုသိန္နာရုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တပင်ရွှေထီးလမ်းသွယ်-၃၊ မြို့မ(၈/၃)ရပ်ကွက်နေ (ဗိုလ်မှူးကြီးလှိုင်)-ဒေါ်ခင်စန်းရီတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

ဦးထွတ်ထိပ်စံ(ခ)ဦးနေလင်း B.A(Geography)
အသက်(၄၀)

ဦးသွင်အောင်-ဒေါ်အေးအေးယုတို့၏ တစ်ဦးတည်းသောသား၊ (ဦးစံသိန်း)-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ ရန်ကုန် မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၅)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ ဒေါ်အေးပွင့်ဖြူ၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်နွယ်နွယ်ဦး(ထက်အုပ်-ငြိမ်း)၊ (ဗိုလ်ကြီး ဝင်းနိုင်)၊ (ဦးဝင်းမော်)၊ (ဒေါက်တာ ဝင်းငွေ)-ဒေါ်ဖြူဖြူလှ၊ ဒေါ်လတ်လတ်သွေး (အထက-အလယ်စု၊ တွံတေး)၊ ဦးထင်ပေါ်ထူး-ဒေါ်သီတာယဉ်တို့၏တူ၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်စုထိပ်စံ၊ ဗိုလ်ကြီးဆန္ဒအောင်-ဒေါ်လျှမ်းထိပ်စံ၊ ဗိုလ်ကြီးမျိုးမင်းထွန်း-ဒေါ်အိမ့်ရွှေရည်ထိပ်စံ၊ မပိုးစန္ဒီထိပ်စံ၊ မတော်ဝင်နန်းထိပ်စံတို့၏အစ်ကို၊ မောင်ဘုန်းမင်းဇေယျာပိုင် (ပထမနှစ်၊ ရှေးဟောင်း၊ ဒဂုံတက္ကသိုလ်)၊ မောင်ညွှန်းထက်ဝေယံလှိုင်(ပဥ္စမတန်း၊ ထ-၂၊ ကမာရွတ်) တို့၏ဖခင်၊ Ixora၊ အဂူးတို့၏ ချစ်လှစွာသောပါပါးသည် ၉-၄-၂၀၁၉ရက် မွန်းလွဲ ၁၂း၅၈နာရီတွင် ခုတင်-၅၀၀ ဆေးရုံကြီး အသည်းအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

နေပြည်တော် မေ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ် Gen. Li Zuocheng က ယနေ့မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Ba Yi ခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့သည် Ba Yi ခန်းမဆောင်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✤

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ် Gen. Li Zuocheng တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်သွားသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။ ဓာတ်ပုံ-စိုးညွန့်

အိုလံပစ်အမျိုးသမီးဘောလုံးတတိယအဆင့်ခြေစစ်ပွဲသို့ မြန်မာအသင်းတက်ရောက်

မန္တလေး မေ ၉

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလာသီရိနှင့် ဗထူးကွင်း၌ တစ်ချိန်တည်းယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် အိန္ဒိယကို သရေကစားပြီး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်သွားသည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းပွဲမှာ သုံးဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် အနိမ့်ဆုံးသရေကစားရုံဖြင့် နောက်တစ်ဆင့်တက်မည်ဖြစ်ရာ သရေရလဒ်ဖြင့် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယအသင်း၏ ကစားပုံနှင့် ခြေစွမ်းမှာ ပထမအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံစဉ်ကထက် ပိုမိုကောင်းမွန်ခဲ့ရာ မြန်မာအသင်းကို အခက်တွေ့အောင် လုပ်နိုင်ခဲ့သည်။

ထို့ကြောင့် မြန်မာအသင်းသည် အနိုင် ရလဒ်မျှော်လင့်ထားသော်လည်း သရေရလဒ်ဖြင့်ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အင်ဒိုနီးရှားကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ ❍

နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၉

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့)တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၃ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်းမွန်ဘာသာဖြင့်ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ် ပိုကို မေ ၁၄ ရက် တွင် လည်းကောင်း၊ ကိုယ်ပွား သတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို မေ ၁၇ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက် ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ပညာရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်
၂၀၁၉ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့

ရန်ကုန်မြို့ရဲ့ မြန်နှုန်းမြင့်ရထားစနစ်

ဇင်လင်းမြင့်

ရန်ကုန်မြို့ဟာ နိုင်ငံတကာအဆင့်မီမြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိအောင်ကြိုးစားနေတဲ့ အချိန်မှာ နေ့စဉ်သွားလာလှုပ်ရှားနေကြတဲ့ ပြည်သူတွေအတွက် ပို့ဆောင်ရေးစနစ်ဟာလည်း အဓိကအရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ဖြစ်လာပါတယ်။ နေ့စဉ်သွားလာလှုပ်ရှားနေကြတဲ့ ရန်ကုန်ပြည်သူတွေအတွက် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေး စီမံကိန်းကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

"ဂျပန်အကူအညီနဲ့ ရန်ကုန်မြို့ပြ လူထုရထား ပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးရေးကို စနစ်တကျဆောင် ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်နေပါတယ်" လို့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားထားပါတယ်။ ဂျပန်အကူအညီနဲ့ အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းရေးဆွဲပြီး ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော်နေခြင်း ဖြစ်သလို ရန်ကုန်မြို့တော်ရဲ့ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးရေးကို စနစ်တကျဆောင်ရွက်ဖို့ ကြိုးစားနေခြင်း ဖြစ်ပါတယ်။

လူဦးရေခြောက်သန်းနီးပါးရှိလာပြီ ဖြစ်တဲ့ ရန်ကုန်မြို့မှာ နေ့စဉ်ယာဉ်၊ ရထားတွေနဲ့ ခရီးသွားရာမှာ ရန်ကုန်မြို့ပတ်ရထားတွေနဲ့ ခရီးသွားသူတွေဟာ တစ်နေ့ကို ၈၀၀၀၀ ခန့်ရှိနေတယ်လို့ ဆိုပါတယ်။ ဒီလိုစီးနင်းသွားလာနေတဲ့ မြို့ပတ်ရထားခရီးစဉ်တွေ အဆင်ပြေရန် ရထားတွဲဆိုင်းတွေ၊ ခေါင်းတွဲတွေ၊ သံလမ်းတွေ၊ အချက်ပြစနစ်တွေ အဆင့်မြှင့်တင် အဆင်ပြေဖို့ လိုအပ်ပါတယ်။

ဒါကြောင့်မို့လည်း ဂျပန်အကူအညီနဲ့ မြို့ပတ် ရထားသံလမ်းတွေ၊ ရထားဘူတာရုံတွေ၊ ရထားတွဲဆိုင်းတွေစတဲ့ ဝန်ဆောင်မှုတွေ ပေးဖို့စီစဉ်နေတာ ဖြစ်ပါတယ်။ လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ရန်ကုန်မြို့လူဦးရေဟာ ၁၀ သန်းအထိ ရှိလာနိုင်တာ ဖြစ်တာမို့ ဒီလို တိုးတက်လာမယ့် လူဦးရေနဲ့အတူ နေ့စဉ်သွားလာမှုတိုးပွားလာမယ့် ပြည်သူတွေအတွက် မြန်နှုန်းမြင့်ရထားစနစ်ကိုလည်း တစ်ပြိုင်တည်း ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

အချပ်ပို (ဃ) သို့

ပြင်ပြင်ဆင်ဆင် ရန်ကုန်သင်္ကြန်တစ်ခွင်

အချပ်ပို (ခ)

ဝင်လုလုနေရောင်အောက်က ရန်ကုန်သံချပ်အဖွဲ့များ

အချပ်ပို (ဂ)

ပြောင်ပြောင်ဆင်ဆင် ရန်ကုန်သင်္ကြန်တစ်ခွင်

ထင်ပေါ်ဝင်း(ကမာရွတ်)

မြန်မာ သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်တည်းဟူသော ခုနှစ်တစ်ခုက မကြာတော့သည့် အချိန်ကာလအတွင်း နှုတ်ဆက်ထွက်ခွာတော့မည် ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမတိုင်မီကပင် ပျံ့လွင့်လျက်ရှိသောသင်္ကြန် တေးသံသာတို့မှာ ထူးချွန်ဆုပေးပွဲအပြီးတွင် ပိုမိုကျယ်လောင်လာသည်။ နိုင်ငံကျော်တေးသံရှင်တို့အဆက်ဆက် မရိုးအီနိုင်အောင် သီဆိုခဲ့ကြသော မဟာသင်္ကြန်တေးသံသာတို့က ရန်ကုန်အနှံ့ တန်ခူးလေနှင့်အတူ လွင့်ပျံ့လျက်ရှိသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ရက်များပါဝင်သည့် ဧပြီလအတွင်း ချင်းနင်းဝင်ရောက်လာသည်နှင့်အမျှ ရန်ကုန်မြို့အနှံ့ ပတ်ဝန်းကျင်အမြင်တို့က ပြောင်းလဲ၍လာသည်။ အတာသင်္ကြန်၏ ပုံရိပ်တစ်ခုဖြစ်သည့် အစိမ်းရင့်ရောင်သစ်ရွက်ကလေးများနှင့် ပူးတွဲပါရှိလာသောပိတောက်ပွင့်တို့ကိုနေရာအနှံ့မြင်တွေ့လာရသည်။ ရန့်ကင်းမဲ့သော်လည်း ရွှေဝါရောင်ပိတောက်ပွင့်တို့၏ သွင်ပြင်က မြင်ရသူတိုင်း၏နှလုံးစိတ်ဝမ်းကို အေးချမ်းစေသည်။

သင်္ကြန်အကြိုအထူးဈေးရောင်းပွဲတော်

ရန်ကုန်တစ်မြို့လုံးရှိ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများ၊ ဈေးဆိုင်များ၊ ရုံးများ၊ အိမ်များတွင် လူတို့ဖန်တီးအပ်သော ရွှေဝါရောင်ပိတောက်ပန်းပွင့်လေးများက နေရာယူလျက်ရှိသည်။ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများ၊ ဈေးဆိုင်များတွင် သင်္ကြန်အကြိုအထူးဈေးရောင်းပွဲကျင်းပနေကြသည်။ အဝင်မုခ်ဦးများကို သူ့ထက်ငါအပြိုင်အဆိုင် အလှဆင်ကြသည်။ ဈေးဝယ်သူတို့မျက်မြင်တွေ့စေရန်အတွက် ကုန်တိုက်အပြင်ဘက်အထိ ခင်းကျင်းကာ သင်္ကြန်အကြိုအထူးလျှော့ဈေးများဖြင့် ရောင်းချလာကြသည်။

သင်္ကြန်ကာလနီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရောင်းသူဝယ်သူလက်မလည်နိုင်အောင်ဖြစ်ကြရသည်။ တစ်နယ်တစ်ကျေးသို့ ပြန်မည့်သူများမှာ ရန်ကုန်ပြန်လက်ဆောင်အဖြစ် ဘိုးဘွားအဖေအမေညီညီမတို့၏ တစ်ဦးချင်းအကြိုက်များကို အတွေးနယ်ချဲ့ရင်း စိတ်ကြိုက်ရွေးချယ်ဝယ်ယူနေကြသည်။ အဝတ်အစား၊ အလှအပပစ္စည်း၊ သင်္ကြန်တွင်းရေကစားပစ္စည်းတို့၏ အရောင်းကောင်တာများတွင် ဈေးရောင်း ဈေးဝယ်တို့ စုပြုံနေလေ့ရှိသည်။

တစ်နှစ်တစ်ခါသာရလေ့ရှိသော ရုံးပိတ်ရက်ရှည်ကာလကြောင့် ရန်ကုန်သူ ရန်ကုန်သားတို့

ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက် သင်္ကြန်အထိမ်းအမှတ်ရုပ်ပုံများ ချိတ်ဆွဲထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ - အာကာစိုး

“ရန်ကုန်တစ်မြို့လုံးရှိ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများ၊ ဈေးဆိုင်များ၊ ရုံးများ၊ အိမ်များတွင် လူတို့ဖန်တီးအပ်သော ရွှေဝါရောင်ပိတောက်ပန်းပွင့်လေးများက နေရာယူလျက်ရှိသည်။ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများ၊ ဈေးဆိုင်များတွင် သင်္ကြန်အကြို အထူးဈေးရောင်းပွဲကျင်းပနေကြသည်။ အဝင်မုခ်ဦးများကို သူ့ထက်ငါအပြိုင်အဆိုင် အလှဆင်ကြသည်။ ဈေးဝယ်သူတို့ မျက်မြင်တွေ့စေရန်အတွက် ကုန်တိုက်အပြင်ဘက်အထိ ခင်းကျင်းကာ သင်္ကြန်အကြို အထူးလျှော့ဈေးများဖြင့် ရောင်းချလာ”

အချို့က အပျော်ခရီးထွက်ရန် ကြိုတင်ပြင်ဆင်ကြလေ့ရှိသည်။ မိသားစုအလိုက်လည်းကောင်း၊ သူငယ်ချင်းများစုဖွဲ့၍သော်လည်းကောင်း ဧပြီလမတိုင်မီမှာပင် ကြိုတင်ခရီးစဉ်ရေးဆွဲလေ့ရှိကြသည်။ ငပလီ၊ မောင်းမကန်၊ စက်စဲ၊ ငွေဆောင်၊ ချောင်းသာ၊ ဂေါ်ရန်ဂျီစသောပင်လယ်ကမ်းခြေခရီးသွားမည့်သူများရှိသလို မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ တောင်ကြီး၊ အင်းလေးစသောအထက်-အောက် မြန်မာပြည်တစ်နံတစ်လျားခရီးစဉ်ရေးဆွဲထားသူများလည်းရှိသည်။ ပြည်တွင်းခရီးသွားလုပ်ငန်းတို့၏ ရေးဆွဲထားလေ့ရှိသော ခရီးစဉ်တို့ကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူကြလေ့ရှိသည်။

လမ်းလျှောက်သင်္ကြန်များဖန်တီးထား

မဟာသင်္ကြန်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်းရန်ကုန်ကို စွန့်ခွာမည့်သူများရှိသလို အနယ်နယ်အရပ်ရပ်တွင် သွားရောက်တာဝန်ထမ်းဆောင်နေသူများ၊ စီးပွားရှာနေသူများကလည်း မိသားစု၊ ဆွေမျိုးများရှိရာ ရန်ကုန်ရိပ်သို့ ခေတ္တပြန်လည်ခိုလှုံသူများလည်း ရှိသည်။ ထိုသူများအတွက် မြို့တော်ရန်ကုန်က လမ်းလျှောက်သင်္ကြန်များဖန်တီးပေးထားသည်။ ရန်ကုန်သို့ ခေတ္တခဏရောက်ခိုက်တွင် မိသားစုအပျော်သင်္ကြန် ရေပက်ခံထွက်နိုင်ရန်အတွက် ကန်တော်ကြီး၊ မဟာဗန္ဓုလပန်းခြံ၊ အင်းလျားလမ်း၊ မြကျွန်းသာ၊ ဦးဥတ္တမပန်းခြံစသောနေရာများတွင် စီစဉ်ထားသည်။

ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် ရေပက်ခံထွက်မည့် ရန်ကုန်လူငယ်ထုအတွက် ပြည်လမ်းအင်းလျားကန်ပေါင်တစ်လျှောက်ရှိ မဏ္ဍပ်ကြီးများက စောင့်ကြိုနေမည်ဖြစ်သည်။ မြမာလာမဏ္ဍပ်၊ ရန်ကုန်သင်္ကြန် ၂၀၁၉၊ ပိတောက်ဝါမဏ္ဍပ်၊ အတာမိုး (Exodus) ၊ ရွှေပိတောက်မဏ္ဍပ်၊ စမ်းချောင်းရေကစားမဏ္ဍပ်များကို ရန်ကုန်မြို့ ပြည်လမ်းမတစ်လျှောက်တွင် တွေ့မြင်ရမည်ဖြစ်သည်။

ထို့အပြင် အနော်ရထာလမ်းမထက်၌ ၁၉ လမ်း မိသားစုရေကစားမဏ္ဍပ်ကလည်းကောင်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၌ Forever Thingyan 2019 မဏ္ဍပ်ကလည်းကောင်း၊ ရောဝတီလမ်းနှင့် မင်းနန္ဒာလမ်းထောင့်၌ သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဏ္ဍပ်ကလည်းကောင်း၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်တက္ကသိုလ်ကားပါကင်နေရာတွင် ငွေပိတောက်မဏ္ဍပ်ကလည်းကောင်း၊ မြို့တော်ခန်းမရှေ့တွင် ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်ကလည်းကောင်း၊ မင်းဓမ္မလမ်းတွင် နှစ်သစ်ကူးရော့(ခ်)ဂီတပွဲတော်မဏ္ဍပ်ကလည်းကောင်း၊ ပြည်ထောင်စုလမ်းသွယ်ထိပ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)ဗဟိုမဏ္ဍပ်တို့က ရန်ကုန်သူ ရန်ကုန်သားတို့အား သင်္ကြန်ရေအေးပက်ဖျန်း၍ တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ရန် စောင့်ကြိုနေမည်ဖြစ်သည်။

ရန်ကုန်မြို့တစ်ပတ် လှည့်လည်ကားမောင်းရင်းရေပက်ခံလိုသော ရန်ကုန်သင်္ကြန်ပွဲဆင်နွှဲလိုသူများအတွက် စက်မှု ၁ လမ်းတွင် ဆီဒိုးနားမဏ္ဍပ်၊ လှိုင်မြစ်လမ်းတွင် အင်းစိန်မြို့နယ်ထွေ/အုပ်မဏ္ဍပ်၊ ကမ်းနားလမ်းတွင် ကြည့်မြင်တိုင်မြို့နယ် ထွေ/အုပ် မဏ္ဍပ်၊ မဟာဗန္ဓုလလမ်းနှင့် ဘိုကလေးဈေးလမ်းထောင့်တွင် ဗိုလ်တထောင်မြို့နယ်ထွေ/အုပ်မဏ္ဍပ်၊ ရန်ကုန်-ပြည်လမ်းဘေးတွင် မင်္ဂလာဒုံမြို့နယ် ထွေ/အုပ် မဏ္ဍပ်၊ ဆရာစံလမ်းတွင် ရိုးရိုးလေးမိသားစုမဏ္ဍပ်၊သိမ်ဖြူလမ်းတွင် ပျော်ပျော်ရွှင်ရွှင်ရေကစားမဏ္ဍပ်၊ အထက (၅) အလုံကျောင်းရှေ့တွင် အလုံမြို့နယ်ဖျော်ဖြေရေးမဏ္ဍပ်၊ ပြည်လမ်းတွင် တန်ခူးရေ၊ အရှေ့မြင်းပြိုင် ကွင်းလမ်းတွင် စကိုင်းစတားဟိုတယ်မိသားစုမဏ္ဍပ်၊ အထက်ပန်းဆိုးတန်းလမ်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗဟိုမဏ္ဍပ်၊ လှိုင်မြို့နယ် ပါရမီလမ်းတွင် ရွှေပိတောက်ဖူးမဏ္ဍပ်၊ ပဲခူးမြစ်လမ်းနှင့် ကျွန်းရွှေဝါလမ်းထောင့်တွင် ဒဂုံဆိပ်ကမ်းမြို့နယ် ထွေ/အုပ်မဏ္ဍပ်၊ ပြည်လမ်းတွင် ပိတောက်ရွှေဝါ၊ ရေကျော်ဈေးရှေ့တွင် ပုဇွန်တောင်မြို့နယ်မဏ္ဍပ်၊ သုဓမ္မာလမ်းမကြီး၊ ဥက္ကလာသီရိပန်းခြံရှေ့တွင် မြောက်ဥက္ကလာပမြို့နယ်မဏ္ဍပ်တို့က စောင့်မျှော်လျက်ရှိသည်။

သင်္ကြန်တွင်းတရားစခန်း

သင်္ကြန်ကာလအခိုက်အတန့်ဝယ် အပျော်အပါးကိုစွန့်ခွာကာ ကိုယ်စိတ်နှစ်ပါးတည်ငြိမ်အေးချမ်းလိုသူတို့က သင်္ကြန်တွင်းတရားစခန်းများတွင် နာမည်စာရင်း ကြိုတင်ပေးထားနှင့်ပြီးဖြစ်သည်။ ဆေးရုံ၊ ဆက်သွယ်ရေး၊ ရဲစခန်းစသော နှစ်ဆယ့်လေးနာရီ လူထုဝန်ဆောင်မှုပေးရသော ဌာနဆိုင်ရာများကလည်းသင်္ကြန်ကာလတာဝန်ကျဝန်ထမ်းများအား ရွေးချယ်တာဝန်ချထားပြီးဖြစ်သည်။

၁၃၈၀ ပြည့်နှစ်တည်းဟူသော မြန်မာသက္ကရာဇ်တစ်ခုကို နှုတ်ဆက်ခွဲခွာရန် ရန်ကုန်သူ ရန်ကုန်သားတို့ ပြင်ဆင်လေပြီ။ မကြာတော့သည့် ရက်များအတွင်း ၁၃၈၁ ခုနှစ်ဟူသော နှစ်သစ်တစ်ခုအတွင်း ချင်းနင်းဝင်ရောက်ရတော့မည် ဖြစ်ပေသည်။

သင်္ကြန်ကစားစရာပစ္စည်းများကို တွေ့ရစဉ်။ ဓာတ်ပုံ - အာကာစိုး

ဝင်လုလုနေရောင်အောက်က ရန်ကုန်သံချပ်အဖွဲ့များ

တင်ဝင်းလေး-ကြည့်မြင်တိုင်

သကြၤန်နဲ့သံချပ်ဆိုတာ ငွေဒင်္ဂါးတစ်ပြားရဲ့ခေါင်းနဲ့ ပန်းလိုပါပဲ ဘယ်လိုမှ တစ်လွှာစီခွဲခြားလို့ မရနိုင်ဘူး…။

သည်နှစ်ရန်ကုန်သကြၤန်သံချပ်သံတွေဟာ ပိတောက်နဲ့အတူ နောက်များကျနေပြီလားမသိ။ ပိတောက်တွေ ဖူးရိပ်မပြသလို၊ သကြၤန်သံချပ် တိုက်သံတွေဟာ တိတ်ဆိတ်နေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ သည်အချိန်သည်အခါဆို ရန်ကုန်ရဲ့ သံချပ်အဖွဲ့တွေဆီက လင်ကွင်းသံ ဒိုးသံက ကြားရ စမြဲပါ။

လက်လှမ်းမီသလောက် ဟိုထောက်၊ သည် ထောက်မေးကြည့်တဲ့အခါ "အခြေအနေကို စောင့် ကြည့်တုန်းဗျ"၊ "စပွန်ဆာရှာတုန်းပဲဗျာ" "ဒီနှစ် တော့ မထွက်တော့ဘူးဗျာ" ဆိုတဲ့ ဖြေသံတွေ အတော်များများကို ပြန်ကြားလာရတယ်။

သကြၤန်သံချပ်အဖွဲ့များ

ဒါပေမယ့် သကြၤန်သူရဲကောင်းကြီးတွေ ရန်ကုန်မှာ များစွာကျန်ရှိနေပါသေးတယ်။ တစ်ဆင့် စကားတစ်ဆင့်နားနဲ့ ပြန်ကြားရတာကတော့ 'ပြည်သူ့မော်ကွန်း' သံချပ်အဖွဲ့မှ ဦးစိန်ဝင်းက "ကျွန်တော်တို့ ပြည်သူ့မော်ကွန်းအဖွဲ့ရယ်၊ ဆရာ ဦးတင်အောင်ရဲ့ သာကီနွယ် ၊ ဗေလုဝရဲ့ မြန်မာ ပြည်နီဒါန်း၊ တာမွေမြို့နယ်က အပ္ပမာဒေဝ သမ္မာဒေဝ ၊ သဃ်န်းကျွန်းက သုံးဖွဲ့တို့ တိုင်းဌာနီ၊ သမိုင်းရေးတဲ့လက်များ ၊ ငြိမ်းချမ်းမိုး၊ လှိုင်သာယာက ကိုအောင်ကျော်ဦးရဲ့ သကြၤန်မင်း သား၊ နောက် ခေတ်ပါးစပ်၊ အောက်တိုဘာ အောင်ကြီးတို့ ထွက်ကြလိမ့်မယ်။ ဒါတွေက ကျွန်တော်သိသလောက်ပါ ပြင်ဆင်နေကြပြီ"ဟု ဆိုပါတယ်။

ပြိုင်တဲ့ အသင်းတွေဆို ဆက်တင်ကားကြီးတွေက အစ လုလုပပခံ့ခံ့ညားညားရှိခဲ့ကြတယ်။ တီးဝိုင်း ဆိုလည်း မြန်မာတီးဝိုင်း၊ အနောက်တိုင်းတီးဝိုင်း အင်အားအပြည့်အသုံးပြုခဲ့ကြတယ်။ အဖွဲ့ဝင်တွေ ဆိုလည်း တူညီဝတ်စုံနဲ့ ဆက်တင်ကားကြီးပေါ်မှာ မဆံ့လို့ နောက်က ကားတစ်စီးပေါ်မှာ စီးကြရ တယ်။ ရှေ့ပြေးက ကားတစ်စီးသပ်သပ်၊ ရန်ကုန်မြို့ လုံးနှံ့ လိုက်ပြိုင်ကြတာ၊ သံချပ်ချည်းသက်သက် ပြိုင်တဲ့အဖွဲ့တွေလည်း ရှိခဲ့သေးတယ်။ အချို့ သံချပ်အဖွဲ့တွေက နိုင်ငံရေးပါ ထောက်ပြသရော်ပြ အတိုင် အဖောက်တွေနဲ့ အဲဒီလို အဖွဲ့တွေဆို နှစ်စဉ်ပါပဲ။

ဆုပေးမဏ္ဍပ်တွေဆိုလည်း မြို့နယ်တိုင်း နီးပါးရှိခဲ့ကြတယ်။ တစ်မြို့နယ်တည်းမှာ နှစ် မဏ္ဍပ်၊ သုံးမဏ္ဍပ်အထိ အပြိုင်ရှိခဲ့ကြတယ်။ အဖွဲ့ တွေက နေ့ခင်းဘက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းထက်၊ ညနေစောင်းမှ မိုးလင်းပေါက်အထိ ယှဉ်ပြိုင်ကြ တာတွေကိုလည်း ယနေ့တိုင်မြင်ယောင်နေဆဲပါ။ ပထမပိုင်းမှာ သစ်ပြားမှာ ငွေရည်စိမ်အလှအပတွေ နဲ့ ဒိုင်းဆုနဲ့ ဖလားဆုတွေ ပေးခဲ့ကြတာပါ။ နောက်မှ ငွေသား ဆုချီးမြှင့်တာ၊ အဲဒီခေတ်က ငွေကျပ် ၁၀၀၀၀ ရှိရင် စွယ်စုံပြိုင်လို့ ရတဲ့အချိန်။ မှတ်မိ သလောက်တော့ ၁၉၇၉ ခုနှစ်မှာ ထင်တယ်။ ငွေသားဆုတွေ စချီးမြှင့်ခဲ့တာ။

နဝတအစိုးရ တက်လာပြီးနောက် တစ်လျှောက်လုံး သံချပ်အဖွဲ့တွေ ထွက်ခွင့်မရရှာ တော့ဘူး။ သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုနှစ်လောက်မှာ သံချပ်အဖွဲ့တွေ ပြန်ထွက်လာ တယ်။

ဒါပေမယ့် မျက်စိထဲမှာ ပြန်ယောင်မိတာက

ခွပ်ဒေါင်းအမေများ သကြၤန်ယိမ်းအကအဖွဲ့ကို တွေ့ရစဉ်။

သေးတယ်။ လက်တစ်ဖက်က နားကိုပိတ်ထား တယ်။ နောက်တစ်ဖက်က ပါးစပ်ကို ပိတ်ထား တယ်။ ခါးတောင်းကို မြှောင်အောင်ကျိုက်ထားပြီး ခုံတစ်လုံးပေါ်တက်မတ်တတ်ရပ်ပြနေတဲ့ ပြကွက်ပါ။

အနန္တပွဲခင်းသာ သကြၤန်သံချပ်ယာဉ်အား တွေ့ရစဉ်။

သကြၤန်သံချပ်အဖွဲ့ အားကောင်းခဲ့တာက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် (ပါတီ ကောင်စီခေတ်)မှာပါ၊ ခမ်းခမ်းနားနားစုစုစည်း စည်းနဲ့ ထွက်ခဲ့ကြတာပါ။ အဖွဲ့နာမည်တွေကို မှတ် မိသလောက်သာ ချရေးပြရရင် စာမျက်နှာ အတော်ယူသွားမှာမို့ ရေးမပြတော့ပါဘူး။

အက၊ အလှ၊ သဘာဝ၊ သံချပ်ဆိုတဲ့ စွယ်စုံ တော့ ယနေ့ကာတွန်းလောကက အောက်တိုဘာ အောင်ကြီးရဲ့ ဝဇီပိတ်သရုပ်ပြ အသံတိတ်သံချပ် သရုပ်ဖော်ပြကွက်လေးကို ရှားရှားပါးပါး ကြည့်လိုက်ရတယ်။

တာမွေအဝိုင်းအနီးက ဥသြတေးသံသွင်းဆိုင် ရှေ့မှာပါ။ ထီးတစ်ချောင်းဆောင်းပြီး ဇာဘော်လီ ကိုဝတ်လို့၊ မျက်မှန်အမည်းကြီးကိုလည်း တပ်ထား သာမန်ကြည့်ရင်တော့သကြၤန်တွင်း အရက်သောက် ပြီး မူးလို့ဟာသတွေ လုပ်နေတယ်လို့ ထင်ကြပါ တယ်။ အနီးအနားက ရဲတွေတောင်ရယ်ပြီး ကြည့်နေ ကြတယ်။ ဒါပေမယ့် နောက်ပိုင်းမှ သိရတာကတော့ မျက်မှန်အမည်းကြီးတပ်ထားတာက ဘာမှမမြင် ချင်ဘူး။ နားနဲ့ပါးစပ်ကို ပိတ်ထားတာက မကြားချင် ဘူး၊ မပြောချင်ဘူး၊ ထီးဆောင်းတာက အရိပ်လို ချင်ပါတယ်။ အမေ့ဇာဘော်လီဝတ်ထားတာက အမေလို အားကိုးရတဲ့ မိခင်မျိုးလိုချင်ပါတယ်။ ခါးတောင်းမြှောက်အောင်ကျိုက်ထားတာက မြန်မာ ဟော့လို့ ပြောချင်တာပါ။ ခုံပေါ်တက်မတ်တတ် ရပ်တာက စင်ပေါ်ပြန်တက်ချင်တဲ့ အဓိပ္ပာယ်ပါဟု ဖွင့်ဆိုမှုကြောင့် သိရသည်။ သို့သော် အဲဒီအချိန်က အဓိပ္ပာယ်ကို သဘောပေါက်သူနည်းပြီး သဘော မပေါက်တဲ့သူ များခဲ့ပါတယ်။

၂၀၁၂ ခုနှစ် သမ္မတဦးသိန်းစိန်လက်ထက်မှာ သံချပ်အဖွဲ့တွေကို ပြန်လုပ်ခွင့်ပြုခဲ့ပါတယ်။ စိစစ် ရေးတော့ရှိတာပေ့ါနော်။ ဒါပေမယ့် အများအားဖြင့် လွတ်လပ်ကြတယ်။ နောက်စိစစ်ရေးပါ လွှတ်လိုက် တယ်။ သံချပ်အဖွဲ့တွေ ပိတောက်နဲ့အတူ ပွင့်လန်း လာခဲ့ကြတယ်။ တစ်ရေးပြန်လည်နိုးလာခဲ့ပါ တယ်။

အရင်းအနှီးတွေများလာ

သံချပ်အဖွဲ့တွေ ထွက်မယ်ဆိုရင် အခုနောက် ပိုင်းက အရင်းအနှီးတွေများလာတယ်။ စွယ်စုံပြိုင် အဖွဲ့တွေကို ငွေကျပ်သိန်း ၈၀ ကနေ ကျပ်သိန်း ၁၀၀ အကြား၊ အလယ်အလတ်အဖွဲ့တွေဆို ငွေကျပ်သိန်း ၆၀ ကနေ ကျပ်သိန်း ၈၀ အကြား၊ သာမန်အဖွဲ့လေးတွေဆို ငွေကျပ်သိန်း ၅၀ ပတ် လည်အကြား ကုန်ကျမှုတွေရှိတယ်လို့ အနန္တ ပွဲခင်းသာမှ ဦးလှဝင်းက ပြန်ပြောပြလို့ သိရပါ တယ်။

နောက်တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာတယ် ဗျ။ ငွေရေး၊ ကြေးရေး၊ အားပေးမှု အစုံပေ့ါဗျာ။ မနှစ်ကဆို ၂၅ ဖွဲ့လောက် ထွက်နိုင်တယ်။ အခု ၁၆ သင်းပဲထွက်နိုင်တယ်လို့ သိရတယ်ဗျ။ "အဓိက ကတော့ ငွေ (စပွန်ဆာ) ပေ့ါဗျာ။ ကုန်ကျ မယ့်ငွေကို ပြန်မရနိုင်မှန်းသိတယ်။ ဒါပေမယ့် ကားပေါင်၊ အိမ်ပေါင်၊ ရွှေပေါင်ပြီးထွက်ကြတာ။ အဓိကကတော့ အစိုးရဆီကပဲဖြစ်ပြီး ကုမ္ပဏီတွေ ဆီကပဲဖြစ်ဖြစ် ထောက်ပံ့မှုမျိုးလေးတွေတော့ မျှော်လင့်မိတာ အမှန်ပါပဲ။ အခုဒီနှစ် ကျွန်တော့် ပွဲခင်းသာ မထွက်နိုင်တော့ဘူး။ မနှစ်ကတည်းက ယဉ်ကျေးမောင်က မထွက်နိုင်ခဲ့တာ။ နောက်ဆို သကြၤန်သံချပ်အဖွဲ့ဆိုတာ "ဂျို" နဲ့ လားလို့ နောက်ကလေးတွေက မေးယူရမယ့်အဖြစ်မျိုး တွေဖြစ်လာနိုင်တယ်" လို့ ဝမ်းနည်းစကား ဆိုပြသွားပါတယ်။

ပြည်သူ့မော်ကွန်းမှ ဦးစိန်ဝင်းက "သမ္မတ ဦးသိန်းစိန် လက်ထက်လို့ ပြောရမှာပေ့ါ။ တာမွေ ရွှေထွဋ်တင်ဝင်းကြီးထဲမှာ စကိုင်းနက်နဲ့ ရွှေ FM က သံချပ်အဖွဲ့တွေ ပြိုင်ပွဲကြီးလုပ်ပေးတယ်။ ဆုငွေ တွေလည်းချခဲ့တယ်။ အဲဒီအချိန်က စိစစ်ရေး လွှတ်ခဲ့လို့ အားလုံးက ဝမ်းသာခဲ့ကြတယ်။

ဆက်လက်ပြီး "အရပ်သားအစိုးရတက်လာ တဲ့ ပထမနှစ်မှာလည်း သံချပ်တွေစိစစ်ရေးလွှတ်ခဲ့ တယ်။ ကိုယ့်စကား ကိုယ့်စာသား ကိုယ်တာဝန်ယူ ပေ့ါဗျာ။ ဒါမှန်တယ်လေ။ ဒုတိယနှစ်လည်း ကျပြန် ရော စိစစ်ရေးပြန်တင်ရတယ်။

ပြည်သူ့မော်ကွန်းမှ ဦးလှဝင်းက "သံချပ် ဆိုတာ တစ်သက်လုံးရှိပြီးသား သီချင်းလေးတွေထဲ က သံစဉ်လေးတွေယူပြီး စာသားဖြည့်ရတာ။ တိုင်ကြ ဖောက်ကြတာ။ ဂီတအစည်းအရုံးက မူပိုင်ခွင့်ရှိပြီးသား သီချင်းများကို မသုံးဖို့ မနှစ်က တားမြစ်ဖို့စီစဉ်ခဲ့တယ်။ ဒါပေမယ့် တေးရေးဆရာ တစ်ဦးက သနားညှာတာစိတ်နဲ့သံချပ်သမားတွေ ဆိုတာ စီးပွားရေးသမားတွေ မဟုတ်ကြပါဘူး။ တိုင်းပြည်အတွက် လိုအပ်တာလေးတွေကို ထောက်ပြ၊ ပြောပြကြတဲ့သူတွေပါ။ ခွင့်လွှတ် ပေးပါ လို့ပြောလို့ မနှစ်ကအဆင်ပြေခဲ့ကြတယ်။ ဒီနှစ် အခြေအနေတော့ မသိသေးဘူး" လို့ ဆိုပါ တယ်။

ဒါပေမယ့် ယနေ့အခြေအနေ အနေအထားမှာ ဖြစ်ခြင်း၊ ပျက်ခြင်း၏ ရွေ့လျားမှု လမ်းကြောင်းဝယ် သကြၤန်သံချပ်အဖွဲ့များ အကြောင်းအမျိုးမျိုး ကြောင့် တစ်စတစ်စ ပျောက်ကွယ်လို့နေဝင်လာမှာ ကို စိုးရိမ်မိပါတော့တယ်။ ။

Summer Angle 2019 ရန်ကုန်မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေပွဲ ကျင်းပမည်

ရွှေမြိုင်မောင်

အဆိုတော် ဇော်ဝင်းထွဋ်နှင့်အတူ သီဆိုဖျော်ဖြေမည့် Rock တေးဂီတအနုပညာရှင်များကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးကြီး

မကြာမီကျရောက်တော့မည့် သင်္ကြန်ကာလတွင် လူငယ်များ သင်္ကြန်ရေနှင့်အတူ တေးဂီတခံစားမှုဖြင့် ပျော်ရွှင်နိုင်ရန်အတွက် Summer Angle 2019 ရန်ကုန်မဟာသင်္ကြန်မဏ္ဍပ်ကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ရှေ့စင်မြင့်၌ ကျင်းပမည် ဖြစ်ကြောင်း Emperor Band နှင့်အတူ မျိုးဆက်သစ် Rock Bands နှင့် တွဲဖက်၍ နာမည်ကြီး တေးသံရှင်များက သီဆိုဖျော်ဖြေ တင်ဆက်ကြမည့်အကြောင်း မိတ်ဆက်ပွဲကို ဧပြီ ၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ Mix Restaurant စားသောက်ဆိုင်၌ ပြုလုပ်ခဲ့ရာ နာမည်ကျော် အဆိုတော် ဇော်ဝင်းထွဋ်နှင့် အတူ သီဆိုဖျော်ဖြေမည့် Rock တေးဂီတ အနုပညာရှင်များက သင်္ကြန်ကာလနေ့ရက်များ အတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အနုပညာသမျှများများအတွက်

"ကိုယ်ပိုင်မဏ္ဍပ်လေးတစ်ခုပေ့ါ။ အားလုံးစိတ်တူကိုယ်တူမဏ္ဍပ်လေးတစ်ခု လုပ်ကြမယ်။ ပွဲပိုးမယ်ဆိုပြီး မိတ်ဆွေအပေါင်းအဖော်ရဲ့ဝိုင်းဝန်းပူးပေါင်းအကူအညီတွေနဲ့ပေ့ါ။ အဓိကကတော့ နှစ်တိုင်းနှစ်တိုင်းမဏ္ဍပ်လေးတစ်ခု လုပ်ချင်တဲ့ဆန္ဒလည်းရှိတယ်။ ဒီနှစ်က မဏ္ဍပ်တစ်ခုစမ်းလုပ်ကြတဲ့သဘောပါ။ အဆင်ပြေရင် ခုပေးထားတဲ့ နာမည်နဲ့ပဲ တောက်လျှောက်လုပ်သွားမယ်။ ဆိုချင်တဲ့သူ ဘယ်သူပဲလာဆိုဆိုပေ့ါ။ နောက်ပိုင်းကျရင် စီမံမှုအပိုင်း ပုံစံပဲလုပ်ပေးသွားမယ်။ သူတို့အတွက် ဘယ်ကနေ ပိုက်ဆံဘယ်လိုရှာရမယ်ဆိုတဲ့ ပုံစံမျိုးပေ့ါ။ နာမည်တစ်ခုနဲ့ ဒီမဏ္ဍပ်ကနေအောင် မြင်တယ်ဆိုလို့ရှိရင် ဒီမှာပါဝင်ချင်တဲ့သူ၊ ပွဲပိုးချင်တဲ့လူက ကိုယ့်ကို လာကမ်းလှမ်းတဲ့အဆင့်ကို ရောက်သွားမယ့် အခြေအနေကို ဖြစ်စေချင်တဲ့ ဆန္ဒမျိုးပါ။ ကိုယ့်အနုပညာဂီတလောကသားတွေ မျက်နှာမငယ်အောင်ဆိုတဲ့ သဘောနဲ့ ကိုယ်ပိုင်မဏ္ဍပ်လုပ်ဖြစ်တာပါပဲ။ ခုဆိုရင် ဆိုနိုင်တီးနိုင်တဲ့ Rock Band မျိုးဆက်သစ်လူငယ်တွေ အများကြီးထွက်လာမယ်။ သူတို့ကို နေရာတစ်ခုပေးဖို့လိုတယ်။ အဲ့ဒါမှ သူတို့ရဲ့အစွမ်းကို ပြ ခွင့်ရမှာလေ။ Summer Angle မဏ္ဍပ်မှာ Band တွေအများကြီး ပါဝင်သီဆိုကြမှာပါ" ဟု အဆိုတော် ဇော်ဝင်းထွဋ်က ပြောသည်။

သီဆိုဖျော်ဖြေကြမည်

Summer Angle 2019 ဖျော်ဖြေရေး အစီအစဉ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ဝင်ပေါက်ဘေးရှိ စင်တင်ရေကစားမဏ္ဍပ်၌ ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်နေ့များတွင် နံနက်ပိုင်းမှစ၍ ရော့ခ်အဆိုရှင်များဖြစ်ကြသည့် ဇော်ဝင်းထွဋ်၊ လင်းလင်း၊ ဖော်ကာ၊ သီရိဂျေမောင်မောင်၊ သျှို၊ ရေမွန် (idiots)၊ နောင်နောင် (Sun fower)၊ စသည့်ပင်တိုင်တေးသံရှင်များက သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

နှစ်သစ်မှာ ပျော်ရွှင်ပါစေ

"သင်္ကြန်မှာတော့ သီရိဆိုနေကျဖြစ်တဲ့ ရော့ခ်သီချင်းတွေပဲဆိုဖြစ်မှာပါ။ Emperor Band ကလည်း သီရိသီချင်းတွေကို အားလုံးရပြီးသားဆိုတော့ ပရိသတ်အကြိုက်ဖြစ်မယ့် သီချင်းတွေဆိုမှာပါ။ အခုချိန်ထိ အားပေးနေတဲ့ပရိသတ်ကို ကျေးဇူးတင်ပါတယ်။ နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု သီရိဂျေမောင်မောင်ကလည်း ပြောသည်။

■

နှစ်သစ်ကူးမဟာသင်္ကြန်ပွဲ ရွှေပြည်သာမြို့သူမြို့သားတို့ ပျော်ရွှင်နိုင်ဖို့ ဖျော်ဖြေရေး မဏ္ဍပ်သုံးခုစီစဉ်ထား

မျိုးမင်းသိန်း (မရမ်းကုန်း)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပရဟိတလူမှုအဖွဲ့ အစည်းများ ပူးပေါင်း၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းမည့်အချိန် မဟာသင်္ကြန်ရက်အတွင်း ရွှေပြည်သာ မြို့သူမြို့သားတို့ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ပျော်ရွှင်ချမ်းမြေ့စေဖို့ အမှတ် ၄ လမ်းမကြီး ကွန်ပျူတာတက္ကသိုလ်အနီးရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို မတည်ဦးဆောင် ကော်မတီ ဝင် စာရေးဆရာကိုထွန်း (ကျယ်ခေါင်) နှင့် အလှူရှင်များ စုပေါင်းမှုဖြင့် ကျင်းပနိုင်ရန် စီစဉ်စားကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်တွင် ပုလဲလမ်းမကြီးရှိ ပျော်ဘွယ်မှတ်တိုင်နှင့် အိပ်စ်ဝမ်းမှတ်တိုင်ကြားရှိ LCD ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ဆိုင်ရှေ့၌ 'ပြည်သူချစ်သူများ' မဏ္ဍပ်၊ အမှတ် (၄)လမ်းမကြီးအရက်ချက်စက်ရုံရှေ့၌ 'ဗဟို' မဏ္ဍပ်၊ အမှတ် (၉) ရပ်ကွက် (၃)လမ်းဆုံ၌ 'အမေစုချစ်သူများ' မဏ္ဍပ် စုစုပေါင်းမဏ္ဍပ်သုံးခုဖြင့် နိုင်ငံကျော် အဆိုတော်များ ဖိတ်ခေါ်ကာ သင်္ကြန်ယိမ်းအက အလှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အချပ်ပို (က) မှ

ခေတ်မီလူထုမြို့ပြ ရထားပို့ဆောင်ရေးစနစ်ကိုဖော်ဆောင်တဲ့အခါ ရန်ကုန်မြို့မှာ တောင်ပိုင်း-မြောက်ပိုင်းရထားလမ်းပိုင်းစနစ်နဲ့ အရှေ့ပိုင်း-အနောက်ပိုင်း ရထားလမ်းပိုင်းစနစ်တွေကို ဖော်ဆောင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့အခါ ဂျပန်နိုင်ငံ JICA အကူအညီနဲ့ ကနဦးလေ့လာဆန်းစစ်မှုတွေကို ၂၀၁၆ ဩဂုတ်မှ ၂၀၁၇ ဩဂုတ်အထိ ဆောင်ရွက်ခဲ့တာဖြစ်ပြီး အခုအခါ အသေးစိတ်လေ့လာမှုတွေ လုပ်ဆောင်နေပါတယ်။ ဒီလိုအသေးစိတ်လေ့လာစိစစ်မှုတွေ ပြုလုပ်နေတာ ဟာ ၂၀၁၉ ခုနှစ်စင်တင်ဘာမှာ ပြီးစီးမှာဖြစ်ပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်မှာ အပြီးသတ်အစီရင်ခံစာ ထွက်ရှိတော့မှာ ဖြစ်ပါတယ်။

အဲဒီအပြီးသတ်အစီရင်ခံစာထွက်ရှိပြီးတဲ့အခါ ရန်ကုန်မြို့ပြအတွက် ခေတ်မီလူထုမြို့ပြရထားပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့လုပ်ငန်းကော်မတီ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ ကားလမ်းကူးများ၌ ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့ရေးကော်မတီ အသီးသီးဖွဲ့စည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့အတွင်း မြန်နှုန်းမြင့်ရထားစနစ် အကောင်အထည်ဖော်ရေး (၄)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၉ မတ် ၂၉ ရက်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြုလုပ်ခဲ့တဲ့အခါ ရန်ကုန်မြို့မှာ မြန်နှုန်းမြင့်ရထားပြေးဆွဲရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

ဒီလိုမြန်နှုန်းမြင့်ရထားစနစ်ကို ရန်ကုန်မြို့မှာ ၂၀၁၉ ခုနှစ် အကုန်ပိုင်းမှာ စတင်အကောင်အထည်ဖော်ဖို့ ကြိုးစားနေသည့် ရထားလမ်းပိုင်း အသေးစိတ်လေ့လာမှုတွေကို ဆောင်ရွက်နေတယ်လို့ ဆက်သွယ်ရေးနဲ့ ပို့ဆောင်ရေးဝန်ကြီး ဦးကျော်မျိုးက ပြောကြားပါတယ်။

ရန်ကုန်မြို့ရဲ့ မြန်နှုန်းမြင့် ရထားလမ်းပိုင်းတွေကို တောင်ပိုင်း-မြောက်ပိုင်း ရထားလမ်းပိုင်းအဖြစ် ဘူတာကြီးမှ မင်္ဂလာဒုံလေဆိပ်အထိနဲ့ အရှေ့ပိုင်း - အနောက်ပိုင်းလမ်းပိုင်းအဖြစ် လှိုင်သာယာ တိုးကြောင်ကလေးလမ်းပိုင်းတွေကို သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းတွေကို မြန်မာနှုန်းမြင့်ရထားလမ်းပိုင်းတွေအဖြစ် အဆင့်မြှင့်တင်ပြီးပါက ဂျပန်နိုင်ငံက ရထားအစင်းရေ ၁၁ စင်းနဲ့ အစားထိုးပြေးဆွဲသွားမှာဖြစ်ပါတယ်။

ဒီလိုရထား လမ်းပိုင်းစနစ်နဲ့ ဂျပန်ရထားစင်းရေ ၁၁ စင်းတို့ကို ပြေးဆွဲနိုင်ခဲ့ရင်တော့ အရင်က ရန်ကုန်မြို့တစ်ပတ် ရထားမောင်းနှင်ချိန် ၂ နာရီ မိနစ် ၅၀ ကြာမြင့်တာကနေပြီး မြန်နှုန်းမြင့်ရထားစနစ်ကြောင့် ရထားပြေးဆွဲချိန်ဟာ ၁ နာရီ မိနစ် ၅၀ သာ ကြာတော့မှာဖြစ်လို့ ရထားစီးချိန်ဟာ ၁ နာရီ လျော့နည်းသက်သာသွားမှာဖြစ်ပါတယ်။ ရထားစီးသူတွေရဲ့ တန်ဖိုးရှိတဲ့အချိန်၊ အဲဒီအချိန်နဲ့အတူ ရရှိလာမယ့် လုပ်အားတွေဟာ မိသားစုတစ်စုအတွင်းရော အလုပ်အကိုင်တွေမှာသာမက လမ်း၊ ရပ်ကွက်တွေအတွက်မှ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်သာယာရေးအတွက်အထိပါ ကြီးမားတဲ့ အထောက်အကူပြုမှုတွေ ရရှိစေမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားစနစ် မြန်နှုန်းမြင့်ရထားစနစ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး သတ်မှတ်စံနှုန်းအတိုင်း ရထားပြေးဆွဲနိုင်ခဲ့ရင်တော့ မြို့ပတ်ရထားအပေါ် ပြည်သူတွေယုံကြည်မှု ပိုမိုတိုးတက်လာမှာ ဖြစ်တာမို့ လက်ရှိရထားစီးပြည်သူဦးရေထက် ပိုမိုများပြားလာမှာဖြစ်တာမို့ ရထားဝင်ငွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ မြန်နှုန်းမြင့်ရထားလမ်းပိုင်းစနစ်ခုကို အကောင်အထည်ဖော်ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းတစ်ခုလုံး အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်ပြီးရင်တော့ ရထားပြေးဆွဲမှုဟာ တစ်နာရီ ပျမ်းမျှ ၃၄ မိုင်ခန့်နဲ့ ပြေးဆွဲနိုင်မှာဖြစ်တာမို့ ရထားစီးပြည်သူတွေအတွက် ယုံကြည်အားထားစီးနင်းသွားလာရမယ့်မြို့ပတ်ရထားခရီးစဉ်တွေ ဖြစ်လာမှာအမှန်ပါပဲ။ ။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၁၀၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ ဖြတ်သန်းမှုခရီး

သတင်းဆောင်းပါး
ခင်ရတနာ

ကျောင်းများတွင် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်၌ သင်ကြားရေး ဆရာ ဆရာမ ၂၇၈၇ ဦး ရှိရာမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် သင်ကြားရေး ဆရာ ဆရာမ ၃၂၇၆ ဦး၊ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် သင်ကြားရေး ဆရာ ဆရာမ ၃၂၇၇ဦး ခန့်အပ်ထားခဲ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တပ်ကုန်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (ပေတော)တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

ပညာရေးဝန်ကြီးဌာနသည် လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်နေသော သုံးနှစ်တာကာလအတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲခဲ့ပြီး အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ကျောင်းပြင်ပနှင့် ဘဝတစ်သက်တာပညာရေး၊ အဆင့်မြင့်ပညာရေး၊ ဆရာအတတ်ပညာရေးစသဖြင့် နယ်ပယ်ကိုးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ပညာရေးမူဝါဒများတွင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သည့်ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးတို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအားလုံးကို တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး တီထွင်ဆန်းသစ် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ တစ်သက်တာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး စသည့်မျှော်မှန်းရလဒ်များကို ဦးတည်ကာ သုံးနှစ်တာကာလအတွင်း ပြည်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်း ၁၂ ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ခ) နိုင်ငံသားတိုင်း အနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့်အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့်သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက် အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည်အားနည်းသောကလေးများ၊ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိကလေးများ စသည့်ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

(ဂ) ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြိုးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများအပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

(ဃ) သင့်လျော်သော ဆရာ၊ကျောင်းသားအချိုးရရှိစေရန် ဆောင်ရွက်ပေးခြင်း။

(င) ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း။

(စ) အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့်ဒေသများရှိ ကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ) ၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဆ) ပညာအရည်အချင်းနည်းပါးသူများ၏ နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်း တန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း။

(ဇ) တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

(ဈ) နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး။ ဓာတ်ပုံ-ဇူလိုင်မိုး(မြန်မာ့အလင်း)

(ည) ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

(ဋ) နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ပြည်တွင်းပြည်ပမှရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း။

(ဌ) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေး ပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှုလုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြစ်ကြသည်။

ပညာရေးအသုံးစရိတ်များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်အသုံးပြုခွင့်ပြုခဲ့သဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁ ဒသမ ၇၂၆ ထရီလီယံသုံးစွဲခဲ့ရာမှ ၂၀၁၈-၁၉ ဘဏ္ဍာ ရေးနှစ်တွင် ငွေကျပ် ၂ ဒသမ ၁၇၅ ထရီလီယံအထိ တိုးတက်သုံးစွဲနိုင်ခဲ့ကြောင်း သိရှိရသည်။ ***အချပ်ပို (ခ) သို့***

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၃)နှစ်တာ

အချပ်ပို (က) မှ

အခြေခံကဏ္ဍတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အခြေခံ ပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ် ခွင့်ပြုရာ ကျောင်းသားဦးရေ တစ်ခုတည်းကိုသာ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သွားလာရေး လွယ်ကူမှု၊ ခက်ခဲမှုအပေါ်မူတည်၍ ထည့်သွင်း စဉ်းစားပြီး ကျောင်းအဆင့်များ တိုးမြှင့်ပေးခဲ့ ကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ရှင်းပြသည်။

နှစ်တွင် ၃၆၈၇၀၉ ဦးမှ ၂၀၁၈-၁၉ ပညာသင်နှစ် တွင် ၄၀၄၄၄ ဦးအထိ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့ သည်။ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင် ခဲ့ခြင်းကြောင့် ကျောင်းသားဦးရေများတိုးတက် လာရာတွင် အထူးသဖြင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူဦးရေ ၁ ဒသမ ၁ သန်း ကျော်အထိ တိုးတက်လာပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများတွင် ယခင်ကထက် ထပ်ကျော့နှင့် သက်လွန်ကလေးဦးရေများ လျော့ကျလာခဲ့သည်ကို မြင်တွေ့ရသည်။

ပညာသင်နှစ်	တိုးမြှင့်ပေးခဲ့သည့် ကျောင်းအဆင့်များ							
	ထက်	လယ်	မူ	ထက်ခွဲ	လယ်ခွဲ	မူလွန်	မူခွဲ	ပေါင်း
၂၀၁၆-၁၇	၄၈	၆၀	၂၃၆	၃၁၉	၉၀၇	၁၂၄၂	၅၀၈	၃၃၂၀
၂၀၁၇-၁၈	၃၁၃	၁၆၁၂	၈၄၀	၁၇၃	၇၃၅	၉၆၈	၄၅၉	၅၁၀၀
၂၀၁၈-၁၉	၃၁၅	၂၀၁၀	၈၆၄	၅၈၆	၁၀၇၆	၁၀၀၈	၅၂၈	၆၃၈၇

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့် ခွင့်ပြုခဲ့သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းဦးရေများမှာ ပညာသင်နှစ်အလိုက် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့သည်။ ကိုယ်ပိုင်ကျောင်းများကိုလည်း ကိုယ်ပိုင်ကျောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ခွင့်ပြု လျက်ရှိရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ၅၈၅ ကျောင်းရှိရာမှ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၈၉၆ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ဆရာ	ထက်ပြ	လယ်ပြ	မူပြ	ပေါင်း
၂၀၁၆-၁၇	၄၁၅၇၀	၉၉၄၃၁	၂၂၇၉၁၉	၃၇၁၂၉၃
၂၀၁၇-၁၈	၄၂၃၂၁	၁၀၆၈၉၇	၂၅၀၁၆၈	၄၀၀၃၈၆
၂၀၁၈-၁၉	၄၂၇၆၀	၁၁၄၇၇၉	၂၄၆၉၀၅	၄၀၄၄၄၄

ကျောင်းသား	ထက်ဆင့်	လယ်ဆင့်	မူဆင့်	ပေါင်း
၂၀၁၆-၁၇	၉၂၅၁၄၀	၂၈၄၃၃၇၂	၅၁၃၉၃၀၅	၈၉၀၇၈၁၇
၂၀၁၇-၁၈	၁၀၄၇၉၇၉	၂၉၇၇၁၁၄	၅၁၅၁၃၆၁	၉၁၇၆၄၅၄
၂၀၁၈-၁၉	၁၁၀၁၅၈၁	၃၀၅၁၂၃၂	၄၉၉၁၆၅၆	၉၁၄၄၄၆၉

(Grade-2) သင်ရိုးသစ်အတွက် မူလတန်းဆင့် သင် ဆရာ ဆရာမ ၃၂၉၃၉၉ ဦး ကိုလည်းကောင်း သင်ကြားလေ့ကျင့်ပေးထားကြောင်း သိရှိရသည်။ သင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ်သည့် နည်းစနစ်များ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ ခြင်းကြောင့် မူလတန်းအောက်ဆင့်ကလေးများ သည် သင်ကြားသင်ယူမှု လုပ်ငန်းများတွင် ကိုယ်တိုင် ပိုမိုပါဝင်ဆောင်ရွက်လာတတ်ခြင်း၊ မေးခွန်းများ မေးမြန်းတတ်လာခြင်း၊ မေးခွန်းများ ကို ပြန်လည်ဖြေဆိုတတ်လာခြင်း စသည့်တိုးတက် မှုများတွေ့ရှိရကြောင်း သိရသည်။

စစ်ဆေးအကဲဖြတ်သည့် စနစ်ကိုလည်း သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများကို ဇူလိုင်/ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလ(မတ်)တို့ဖြင့် လေးကြိမ်သာ စစ်ဆေး ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံများကို

မြို့နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏တင်ပြ ချက်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရ၏ သဘောထားမှတ်ချက်များအရ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာ သင် အခြေခံပညာကျောင်း ၁၂၂၄၈ ကျောင်း၊ တိုင်းရင်းသား ဘာသာစကား ၅၄ မျိုး၊ တိုင်းရင်းသား စာပေ သင်ကြားပေးသူ ဆရာ ဆရာမနှင့် ပြင်ပ ပုဂ္ဂိုလ် ၂၈၇၈၃ ဦးကို ထောက်ပံ့ကြေးများ ချီးမြှင့် ပေးနိုင်ခဲ့သည်။

ကျောင်းပြင်ပနှင့် ဘဝတစ်သက်တာ ပညာရေးပြုပြင်ပြောင်းလဲခဲ့ပြီ

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးများနှင့် အသက်အရွယ် မရွေးသင်ယူသူများအား သင်ယူခွင့်ဖန်တီးပေး ခြင်းဖြင့် ဘဝအတွက်လိုအပ်သည့် အခြေခံအသိ၊ ကျွမ်းကျင်မှုနှင့် ဝင်ငွေရှာနိုင်မှုစွမ်းရည်မြင့်မားလာ စေရန်နှင့် သက်မွေးပညာအခြေခံကျွမ်းကျင်မှုများ ဘဝတစ်သက်တာသင်ယူရေးနှင့် အခွင့်အလမ်း များရရှိနိုင်ရန် ပညာရေးအစီအစဉ်များဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ၊ ကျောင်း ပြင်ပမူလတန်းနှင့် အလယ်တန်း ပညာရေးတန်းညှိ အစီအစဉ်များ၊ စဉ်ဆက်ပညာရေးအစီအစဉ်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များကို ဆောင် ရွက်လျက်ရှိသည်။

တန်းညှိပညာရေး အစီအစဉ်ဖြစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေး အစီအစဉ်ကို မြို့နယ် ၈၁ မြို့နယ်နှင့် ကျောင်းပြင်ပအလယ်တန်း

သင်ကြားပေးနိုင်ခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့် ထားနိုင်ခြင်း၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင် ရောက်သင်တန်းများ ပို့ချပေးနိုင်ခြင်း၊ အခြေခံ အဆောက်အဦများတည်ဆောက်ပေးနိုင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးနိုင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍလူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍပူးပေါင်း ဆောင်ရွက်မှုများကို အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီအနေဖြင့် ပြုလုပ်လာနိုင်ခြင်းတို့ကိုလည်း မြင်တွေ့ရသည်။

၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အစိုးရ စက်မှုလက်မှုသိပ္ပံ (အင်းစိန်၊ ကျိုက်လတ်၊ပြင်ဦး လွင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ကော့သောင်း) ညောင်ရွှေသက်မွေးပညာသင် တန်းကျောင်း(NVTI)၊ အင်္ဂလိပ်ဘာသာသင်တန်း ကျောင်း (ELPS) နှင့် Sealion Co.,Ltd. နှင့်ပူးပေါင်း၍ စက်မှုနည်းပညာလေ့ကျင့်သင်ကြား ရေး သင်တန်းကျောင်း (School of Industrial Training & Education-SITE)တို့ကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းများတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ သင်ကြားရေးဆရာ၊ ဆရာမ ၂၇၈၇ ဦးရှိရာမှ ၂၀၁၇- ၂၀၁၈ဘဏ္ဍာနှစ်တွင် သင်ကြားရေးဆရာ၊ ဆရာမ ၃၂၇၆ ဦး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သင်ကြား ရေးဆရာ ဆရာမ၃၂၇၇ဦး ခန့်အပ်ထားခဲ့ပါသည်။ သုံးနှစ်တာကာလအတွင်း သင်ကြားရေး ဆရာ ဆရာမ ၆၆၅ ဦးကို တိုးချဲ့ခန့်ထား ပေးနိုင်ခဲ့ပြီး

ပညာသင်နှစ်	ကျောင်းဦးရေ			
	ထက်ဆင့်	လယ်ဆင့်	မူဆင့်	ပေါင်း
၂၀၁၆-၁၇	၃၈၃၂	၁၄၃၀၄	၂၇၈၇၁	၄၆၀၀၇
၂၀၁၇-၁၈	၄၀၀၂	၁၅၁၀၃	၂၇၃၈၉	၄၆၄၉၄
၂၀၁၈-၁၉	၄၅၉၂	၁၅၅၁၇	၂၆၉၂၂	၄၇၀၃၁

၂၀-၄-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပခုက္ကူခရိုင်အတွင်းရှိ ၂၀၁၈ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု စာသင်ဝိုင်း များကို ကြည့်ရှုအားပေးစဉ်။

ကျောင်းဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေများကို လည်း အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုပါ ပံ့ပိုးပေးနိုင်ခဲ့၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၆၇၅၃ ဒသမ ၁၉၂ သန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၈၁၂၉ ဒသမ ၇၈၈ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့သည်။

ကျောင်းနေရန် အခက်အခဲရှိသူကလေးများ အတွက် ပညာသင်ထောက်ပံ့ကြေးများကို ပံ့ပိုးပေး ခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းများမှ ရွေးချယ်မှု မူများအရ ကျောင်းသား ကျောင်းသူဦးရေ ၁၆၀၂၂ ဦး ထောက်ပံ့ ပေးနိုင်ခဲ့သည်။ ၂၀၁၇-၁၈ ပညာသင်နှစ်မှစ၍ ကမ္ဘာ့ဘဏ်၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဝေးလံ ခက်ခဲသောမြို့နယ် ၁၁၆ မြို့နယ်နှင့် မသန်စွမ်း ကျောင်းသား ကျောင်းသူများကိုပါ ပံ့ပိုးထောက်ပံ့ ပေးနိုင်ခဲ့ရာ ဝေးလံခက်ခဲ ၁၁၆ မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၅၃၇၆ နှင့် မသန်စွမ်း ကျောင်းသား ကျောင်းသူ ၁၂၈၀ စုစုပေါင်း ၂၂၆၇၈ ဦးကို တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်မှု နှင့်အညီ ကျောင်းဆောင်များကိုလည်း သဘာဝ ဘေးအန္တရာယ်ကြောင့်ပြင်ဆင်ခြင်း၊ အန္တရာယ်ရှိ ကျောင်းဆောင်များနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ပေးရသည့် ကျောင်းဆောင်များ ဆောက်လုပ် ပေးခြင်း၊ သိပ္ပံဆောင်၊ စာကြည့်တိုက်၊ မြို့နယ်ရုံး များ၊ ခရိုင်ရုံးများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ် ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ငွေကျပ် ၁၃၂၈၂၉ ဒသမ ၁၀၅ သန်း မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၁၄၇၅ ဒသမ ၈၇၈ သန်းအထိ တိုးမြှင့်သုံးစွဲနိုင်ခဲ့ ပါသည်။

ပညာရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက် များကြောင့် ကျောင်းသားဦးရေမှာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ၈ ဒသမ ၉ သန်းမှ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၉ ဒသမ ၁၄ သန်းအထိ တိုးတက် လာခဲ့ပြီး ဆရာ ဆရာမများကိုလည်း ပိုမို ဖြည့်ဆည်းခန့်ထားပေးခဲ့ရာ ၂၀၁၆-၁၇ ပညာသင်

ပညာရေးဝန်ကြီးဌာနသည် ပညာရေးပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် လုပ်ငန်း တစ်ခုအပါအဝင်ဖြစ်သည့် အလွတ်ကျက်မှတ်ခြင်း စနစ်မှ (၂၁) ရာစု ကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန်တွေးခေါ်နိုင်ခြင်း၊ တီထွင်ဖန်တီး နိုင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ပြေပြစ် စွာ ဆက်သွယ်ဆက်ဆံနိုင်ခြင်း၊ စူးစမ်းလေ့လာမှု ကို အခြေခံကာပြဿနာ၊ ဖြေရှင်းခြင်း၊ တရား မျှတစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင် ခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင် မှုများကို ရရှိစေရန် အခြေခံပညာအဆင့် သင်ရိုး ညွှန်းတမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း သိရ သည်။

KG+12 ပညာရေးစနစ်သစ်ကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူလတန်း အဆင့်အတွက် JICA နှင့် အလယ်တန်း၊ အထက်တန်းအဆင့်များအတွက် ADB,EU တို့၏ အကူအညီများဖြင့် ၂၀၁၆-၁၇ ပညာသင်နှစ် တွင် သူငယ်တန်း (KG) သင်ရိုးသစ်ကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပထမတန်း(Grade-1) သင်ရိုး သစ်၊ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ဒုတိယတန်း (Grade-2) သင်ရိုးသစ်ကို လည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀ ပညာ သင်နှစ်တွင် တတိယတန်း (Grade-3)နှင့် ဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ်များကို ရေးဆွဲပြုစုပြီးဖြစ်၍ ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ဗဟိုအဆင့် သင်တန်းပို့ချပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ်အဆင့်၊ ကျောင်းအုပ်စုအဆင့် သင်တန်းများ အဆင့်ဆင့်ဖွင့်လှစ်ပို့ချနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး က ရှင်းလင်းပြောကြားသည်။

၂၀၁၆-၁၇ ပညာသင်နှစ်တွင် သူငယ်တန်း သင်ကြားပေးနေသည့် ဆရာ ဆရာမ ၉၈၈၆၁ ဦးကို လည်းကောင်း၊ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပထမ တန်း (Grade-1) သင်ရိုးသစ်အတွက် ပထမတန်း သင် ဆရာ ဆရာမ၁၂၉၂၄ ဦးကိုလည်းကောင်း၊ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ဒုတိယတန်း

အလွတ်ကျက်မှတ်မှုစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် စာမေးပွဲမေးခွန်းပုံစံများအဖြစ် ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ စတုတ္ထ တန်း (Grade-5)နှင့် အဋ္ဌမတန်း (Grade-9) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်မြင်သူ ဦးရေတိုးတက်လာခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဦးရေမှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်မြင်သူဦးရေတိုးတက်လာ ခြင်းနှင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူဦးရေ ၈ ဒသမ ၅ သိန်းအထိ တိုးတက် လာခဲ့သည့်အပြင် ဆေးရုံ၊ မသန်စွမ်း၊ ရွှေ့ပြောင်း မိသားစုနှင့် အကျဉ်းထောင် ဖြေဆိုသူများအပါ အဝင် ၆၀၂ ဦးအထိ ဖြေဆိုနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံ ပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေသင်ကြားရေးနှင့် သင်ယူရေးများကို အထောက်အကူပြုနိုင်စေမည့် ဒေသခံတိုင်းရင်း သား (Teaching Assistant) စုစုပေါင်း ၅၁၆၁ ဦးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခန့်အပ်ပေးနိုင် ခဲ့ပါသည်။ တိုင်းရင်းသားဘာသာစကားစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် တိုင်းရင်းသားမျိုးနွယ်စုအလိုက်၊

ပညာရေးအစီအစဉ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင်လည်း ဆက်လက် ဆောင်ရွက်လျက်ရှိရာ သုံးနှစ်တာကာလအတွင်း ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်တွင် ကျောင်းသား၊ကျောင်းသူ ၂၈၁၄၆ ဦး၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းပြင်ပအလယ်တန်း ပညာရေးအစီအစဉ်တွင် ၁၉၁ ဦး တက်ရောက်ပညာ သင်ယူခဲ့ကြောင်း ဝန်ကြီးဌာန၏ စာရင်းဇယားများ အရ သိရသည်။

သက်ကြီးစာတတ်မြောက်မှုနှုန်းတိုးမြင့်လာ စေရန် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ရှမ်း (အရှေ့)၊ ကချင်၊ ချင်း၊ မွန်၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူး (အနောက်)တို့ရှိ ၁၁ ခရိုင်တွင် စာသင်ဝိုင်း ၄၄၈၂ ခု၌ လုပ်အားပေး ဆရာ၊ ဆရာမ ၅၇၀၃ ဦးတို့က သင်တန်းသား ၄၄၀၆၂ ဦးတို့ကို စာတတ်မြောက် လာအောင် သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

နည်းပညာနှင့် သက်မွေးပညာကဏ္ဍ

နိုင်ငံတော်အစိုးရ၏ (၃)နှစ်တာ ကာလ အတွင်း ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ပုံမှန်သင်တန်းများနှင့် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်၍ လေ့ကျင့်

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် သင်ကြားရေးဆရာ ဆရာမ ၂၇၈ ဦး အသစ်ထပ်မံခန့်ထားနိုင်ရေး ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် အစိုးရ နည်းပညာကောလိပ်သုံးကျောင်း၊ အစိုးရစက်မှု လက်မှုသိပ္ပံ ၂၂ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ၃၅ ကျောင်းနှင့် သင်တန်း ကျောင်းလေးကျောင်း၊ နည်းပညာမြှင့်တင်ရေး သင်တန်းဌာန တစ်ခု၊ စုစုပေါင်း ၆၀ ကျောင်းဖွင့် လှစ်ထားနိုင်ခဲ့သည့်အပြင် ပုံမှန်ကျောင်းသား ဦးရေနှင့် ကာလတိုသင်တန်းတက်ရောက်သူ ဦးရေမှာ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၁၉၆၇၆ ဦးအထိ သင်ကြား လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

နည်းပညာဆိုင်ရာ ကာလတိုသင်တန်းများ အဖြစ် မိုဘိုင်းဖုန်းပြင်သင်တန်း၊ အခြေခံဂဟေ ဆက်သင်တန်း၊ လျှပ်စစ်ကျွမ်းကျင်သင်တန်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပြင်ဆင်တပ်ဆင် ခြင်းသင်တန်းများ အပါအဝင် သင်တန်းအမျိုး အစားပေါင်း ၃၇ မျိုး သင်ကြားပေးခဲ့ကြောင်း သိရပြီး သက်မွေးပညာဆိုင်ရာ ကာလတိုသင်တန်း များအဖြစ် ဟိုတယ်ညွှေ့ကြိုသင်တန်း၊ အိပ်ခန်း ဆောင်ထိန်းသိမ်းခြင်းသင်တန်း၊ ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်း၊

အချပ်ပို (ဂ) သို့

အချပ်ပို (ခ)မှ

အနောက်တိုင်းနှင့် အရှေ့တိုင်းအစားအစာ အချက်အပြုတ်သင်တန်း၊ ကော်ဖီနှင့် ဖျော်ရည်သင်တန်းစသည့်သင်တန်းများအပြင် အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ ဆံပင်ညှပ်သင်တန်း၊ မိတ်ကပ်အလှပြင်သင်တန်းများ စသည့်သင်တန်း အမျိုးအစားပေါင်း ၂၃ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ချမှတ်နိုင်ရေးအတွက် နှီးနှောဖလှယ်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မကွေးနှင့် လားရှိုးမြို့များတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်များမှာ အခြေခံမော်တာစက်ချုပ်သင်တန်း၊ အခြေခံညှော်ကြိုသင်တန်း၊ အခြေခံအိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ နှမ်းသီးနှံကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း၊ သံချည်သံကွေးသင်တန်း စသည့်ကာလတိုသက်မွေးပညာသင်တန်း အမျိုးအစားခြောက်မျိုးကို ၄၂ ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၉၀၇ ဦး အား မွေးထုတ်နိုင်ခဲ့သည်။

Total E & P Myanmar မှ ဦးစီးသော Moattama Gas Transportation Company Limited (Yadana Project) နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းတွင် ဂဟေဆက်နည်းပညာသင်တန်းများကို ၂၀၁၆ နိုဝင်ဘာမှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ကိုရီးယားနိုင်ငံအခြေစိုက် Wholistic Interest Through Health- Myanmar (WITH)နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)တွင် စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းကိုလည်း ၂၀၁၈ ဒီဇင်ဘာတွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ပူးပေါင်း၍ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI) ရန်ကုန် တည်ထောင်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဆရာ ဆရာမများအား Electronic Technology၊ Electrical Power Technology၊ Mechanical Technology၊ Automobile Technology ဘာသာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာ၊ သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများအတွက် UNESCO၊ GIZ တို့နှင့် ပူးပေါင်း၍ Myanmar UNEVOC Centre ဖွင့်လှစ်ခြင်း၊ KOICA၊ JICA၊ SDC၊ Swisscontact၊ KfW၊ GIZ၊ ADB၊ EU စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကိုလည်း အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း)တို့တွင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စတင်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ယခင်စက်မှုလက်မှု အထက်တန်းကျောင်း(အောင်ဆန်း) အား ဂျပန်နိုင်ငံအစိုးရ၏ Official Development Assistance (ODA)ဖြင့် ဂျပန်- မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI) တည်ထောင်ဖွင့်လှစ်သွားရန် ရှိကြောင်းလည်း သိရှိရသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲ (TVET Forum) ကို ၂၀၁၆ ဇူလိုင် ၁၅ရက်နှင့် ၁၆ ရက်များတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂)၊ နေပြည်တော်၌လည်းကောင်း၊ ၂၀၁၇ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် စတုတ္ထအကြိမ်ဒေသတွင်းနိုင်ငံတကာညီလာခံ(၂၀၁၇)အား (Regional TVET Conference 2017)"အာဆီယံနိုင်ငံများအကြား နည်းပညာ၊ သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေး ဆောင်ရွက်ရေး" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

UNESCO၊ GIZ တို့နှင့် ပူးပေါင်း၍အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ၌ နည်းပညာနှင့် သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှုဆိုင်ရာ နိုင်ငံတော်အဆင့်ဆွေးနွေးပွဲ (Organizational of the TVET Seminar) ကို ၂၀၁၈ ဒီဇင်ဘာ ၃ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နည်းပညာနှင့် သက်မွေးပညာရေးစင်တာ (မြန်မာယူနီဗော့စင်တာ) တည်ထောင်ဖွင့်လှစ်ရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Operational-ization of UNEVOC Centre in Myanmar) ကို ၂၀၁၈ ဒီဇင်ဘာ ၄ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍပြုပြင်ပြောင်းလဲမှုခရီး

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၆ မှ ၂၀၁၈ ခုနှစ်ကုန်အထိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း ၁၃၄ ကျောင်းအထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ကျောင်းအရေအတွက်

စဉ်	အကြောင်းအရာ	၂၀၁၅-၁၆	၂၀၁၆-၁၇	၂၀၁၇-၁၈
၁	ဝိဇ္ဇာ/သိပ္ပံ	၄၇	၄၈	၄၉
၂	နည်းပညာ/ကွန်ပျူတာ	၆၀	၆၀	၆၀
၃	ပညာရေးကောလိပ်	၂၁	၂၅	၂၅
စုစုပေါင်း		**၁၂၈**	**၁၃၃**	**၁၃၄**

အစိုးရသစ်၏ သုံးနှစ်တာကာလအတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (နည်းပညာနှင့်ကွန်ပျူတာအပါအဝင်) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ၊ ဒုတိယပါ မောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လ/ထကထိက စုစုပေါင်း ၄၂၆၉ ဦး ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ပြီး အချိန်ပိုင်းပါမောက္ခ၊ အချိန်ပိုင်းတွဲဖက်ပါမောက္ခနှင့် အချိန်ပိုင်းကထိက ၆၄ ဦးတို့ကိုလည်း ခန့်ထားပေးနိုင်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ဆရာ ဆရာမများအင်အားမှာ ၂၀၁၅- ၁၆ ပညာသင်နှစ်တွင် ၂၁၆၉၉ ဦး ရှိရာမှ ၂၀၁၇- ၁၈ ပညာသင်နှစ်တွင် ၂၂၅၃၃ ဦးအထိ တိုးမြှင့်ခန့်အပ်နိုင်ခဲ့သည်။

ကျောင်းသား ကျောင်းသူများ ပညာသင်ယူရာတွင် နေထိုင်ရေးအဆင်ပြေစေရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၄၆ ခုနှင့် ပညာရေးကောလိပ်များတွင် ကျောင်းသား ကျောင်းသူ အဆောင်များတွင် နေထိုင်နိုင်ရန် စီစဉ်ပေးလျက်ရှိသည်။ ၂၀၁၅- ၁၆ ပညာသင်နှစ်တွင် နေ့သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၃၅၃၄၃၉ ဦး၊ အဝေးသင်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၄၈၆၉၂၅ ဦးရှိရာမှ ၂၀၁၇- ၁၈ ပညာသင်နှစ်တွင် နေ့သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၃၉၃၃၉၈ ဦး၊ အဝေးသင်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၅၇၄၃၃၆ ဦးအထိ တက်ရောက်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နေ့သင်တန်းများကို ၂၀၁၉ ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ရာ လက်ရှိကျောင်းသား ကျောင်းသူ ၃၅၆၀၂၁ ဦးခန့် တက်ရောက်သင်ကြားလျက်ရှိသည်။

၂၀၁၈ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်များကို တိုင်းဒေသကြီး/ပြည်နယ်များမှ တက္ကသိုလ် ၂၃ ခုက တိုက်ရိုက်လက်ခံပြီး ကျောင်းဝင်ခွင့်များကို စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက်လည်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်စိစစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်နှင့် မန္တလာဒီဂရီကောလိပ်တို့တွင် ခရီးသွားစီမံခန့်ခွဲမှုဘွဲ့ကြိုသင်တန်း၊ စစ်တွေတက္ကသိုလ်တွင် Marine Science 1 ဘွဲ့ကြိုသင်တန်း၊ ရန်ကုန်တက္ကသိုလ်တွင် Fisheries and Aquaculture ဘွဲ့ကြိုသင်တန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သင်တန်းအသစ်များအနေဖြင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်)၊ နည်းပညာတက္ကသိုလ် (မော်ဘီ)၊ နည်းပညာတက္ကသိုလ် (မန္တလေး)နှင့်နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဟာအင်ဂျင်နီယာ ဗိသုကာသင်တန်းများအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် အဆိုပါသင်တန်းများတွင် နည်းပညာတက္ကသိုလ်များမှ ဆရာ ဆရာမ ဝန်ထမ်းစုစုပေါင်း ၂၄၃ ဦး တက်ရောက်လျက်ရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၃၄ ခုတွင် ကျောင်းသားဦးရေ နှစ်စဉ်မြင့်မားတိုးတက်လာခဲ့မှုကြောင့် ၂၀၁၈ ခုနှစ်အတွက် နေ့သင်တန်းနှင့် အဝေးသင်သင်တန်းများမှ ဒီပလိုမာရရှိသူ၊ ဘွဲ့ရရှိသူ၊ မဟာဘွဲ့ရရှိသူ၊ ပါရဂူဘွဲ့ရရှိသူဦးရေ စုစုပေါင်း ၁၄၂၈၈၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဘွဲ့ရသူဦးရေများတွင် အထူးသဖြင့် အဝေးသင်ဘွဲ့ရသူဦးရေ ပိုမိုများပြားသည်ကို တွေ့ရှိရသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်သည့် သုတေသနလုပ်ငန်းများ အားကောင်းစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၏ သုတေသနရန်ပုံငွေကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ပေးခဲ့ရာ လက်ရှိဘဏ္ဍာနှစ်တွင် ၅၃၂ ဒသမ ၉၅၄ သန်းအထိ ရရှိခဲ့သည်။ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ဆရာ ဆရာမများသည် ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များ၌ သုတေသနစာတမ်းများရေးသားခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်းတွင် စာတမ်း ၃၈၄၁ စောင် ရေးသားနိုင်ခဲ့ကြောင်း သိရှိရသည်။

သုံးနှစ်တာကာလအတွင်း အဆင့်မြင့်ပညာဦးစီးဌာနနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ပညာရေးအရည်အသွေးမြင့်မားစေရေးအတွက် ပြည်ပနိုင်ငံများသို့ မဟာဘွဲ့၊ ပါရဂူဘွဲ့ရယူရန်နှင့် ဆွေးနွေးပွဲ၊ လေ့လာရေး၊ သင်တန်းများတက်ရောက်ရန် ကိုယ်စားလှယ် ၄၄၂၅ ဦး စေလွှတ်နိုင်ခဲ့သည်။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားကျောင်းသား၊ ကျောင်းသူ ၄၃၉ ဦးသည် မြန်မာဘာသာ လာရောက်သင်ယူလျက် ရှိကြသည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဘာသာရပ်အလိုက်သင်ကြား၊ သင်ယူမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အသိပညာဖလှယ်သည့်အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်သင်ကြားပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများမှ လာရောက်သင်ကြားပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ တွင် ပြည်ပပါမောက္ခများ၊ ပညာရှင်များ ၈၅ ဦးက လာရောက်သင်ကြားပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအား သိပ္ပံပညာရပ်များ၊ နည်းပညာ၊ သက်မွေးပညာများကို အသိပညာဖလှယ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ အသိပညာ၊ အတတ်ပညာများနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ချိတ်ဆက်နိုင်ရေးအတွက် သိပ္ပံပြပွဲ၊ နည်းပညာပြပွဲ၊ Job Fair အလုပ်အကိုင်ပြပွဲများကို ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပြပွဲပေါင်း ၈၀ အထိဆောင်ရွက်ပေးခဲ့ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို နှစ်စဉ်ကျင်းပခဲ့သည်။TIDE Project UK နိုင်ငံ Free University of London နှင့် ပူးပေါင်းပြီး အဝေးသင်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သင်တန်းများပေးလျက်ရှိသည်။ Master Training for NIHED ကို British Council နှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၈ အောက်တိုဘာမှ နိုဝင်ဘာအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး အမျိုးသားပညာရေး ဥပဒေနှင့်အညီ ပါမောက္ခချုပ်များကော်မတီကို ၂၀၁၈ မေ ၄ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ဒီဇင်ဘာ ၁၀ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် လက်ခံကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ နိုင်ငံအဆင့်တွင် စတုတ္ထအဆင့်ရသည်အထိ အောင်မြင်မှုရရှိခဲ့သည်။

၁၀-၁၂-၂၀၁၈ ရက်က (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပနေမှုကို တွေ့ရစဉ်။

၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း သင်ရိုးသစ်နှင့် လိုက်လျောညီထွေမှုရှိသော သင်ရိုးညွှန်းတမ်းများကို တက္ကသိုလ်များတွင် သင်ကြားပို့ချရန် ရေးဆွဲဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပြီး DTEd (Diploma in Teaching Education) ဒီပလိုမာရရှိသူများကို ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင်အဝေးသင်ဒုတိယနှစ်သင်တန်းသို့ ဆက်လက်ပညာသင်ကြားရေးအစီအစဉ်အား ၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရှိကြောင်း သိရှိရသည်။

DTEd (Diploma in Teaching Education) ဒီပလိုမာရရှိသူများကို ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များတွင် BEd စာပေးစာယူသင်တန်း နှစ်နှစ်တက်ရောက်ပြီး BA, BSc (Education) ဘွဲ့ရရှိစေမည့် အစီအစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်၍

အချပ်ပို(ဃ)သို့

အချပ်ပို(ဂ)မှ

အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပညာရေးဝန်ကြီး ဌာနမှ သိရှိရသည်။

ဆရာ ဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေး မြင့်မားလာစေရေးအတွက် နှစ်နှစ်သင်ပညာရေးကောလိပ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်၍ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသဖြင့် UNESCO ၏အထောက်အပံ့ရယူကာ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော အဝေးသင်ပညာရေးစနစ် ဖော်ဆောင်ရန်အတွက် ဝိဇ္ဇာ ဘာသာရပ်များအား အနီးကပ်သင်တန်း ၁၀ ရက် ပို့ချခြင်းမှ Orientation ၅ ရက်နှင့် အနီးကပ်သင်တန်း ၅ ရက် နှစ်ကြိမ် ပြောင်းလဲပြုလုပ်မည့် အစီအစဉ်ကိုလည်း ဆရာ၊ ကျောင်းသား၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များ ကော်မတီတို့၏ သဘောထားများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

ပညာရေးသတင်းအချက်အလက်များကို မှန်ကန်တိကျပြီး ယုံကြည်ကိုးစားနိုင် သည့် အချက်အလက်များကို အချိန်မီရရှိစေရေးအတွက် ပုံမှန်ကောက်ယူလျက်ရှိသည့် စာရင်းကောက်မှုစနစ်ကို ပိုမိုအားကောင်းလာစေရေးအတွက် ယူနက်စကို၏ နည်းပညာပံ့ပိုးမှုဖြင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကဏ္ဍ (BE)နှင့် ဝန်ထမ်းရေးရာကဏ္ဍ(HR)၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ (HE/TVET)၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍNFE) နှင့် ဘဏ္ဍာရေးနှင့် ဝယ်ယူရေးကဏ္ဍ (FAP)တို့အတွက် အချက်အလက်များကောက်ယူနိုင်ရေး လုပ်ငန်းများပြီးစီးပြီဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Baseline Data များ စနစ်အတွင်း ထည့်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာစာရင်းအင်းတာဝန်ခံများအား Software Application အသုံးပြုတတ်စေရန် သင်တန်းပို့ချပေးခြင်းများကို လုပ်ဆောင်မည်ဖြစ်သည့်အပြင် လာမည့်ပညာသင်နှစ်တွင် စတင်အသုံးပြု နိုင်ရန် ရည်ရွယ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက သုံးနှစ်တာဆောင်ရွက်ချက်များအကြောင်း ထည့်သွင်းပြောကြားသည်။

စီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဝန်ကြီးရုံးအပါအဝင်၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်ပညာရေးရုံးများမှ ဝန်ထမ်းများ၏ ပညာရေးဆိုင်ရာစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် စီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း (International Institute for EducationalPlanning-IIEP) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ Simulation Moduling သင်တန်းပို့ချပေးခြင်း၊ စီမံကိန်းလုပ်ငန်းများကို လေ့လာသုံးသပ်ရေးဆိုင်ရာဆွေးနွေးပွဲများ ကျင်းပခြင်း၊ National Standard for Development of Educational Statistics ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။

နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးမှုကို အခြေပြုသည့် ပညာရေးကဏ္ဍနှင့် ကျွမ်းကျင်မှုအခြေခံများအားကောင်းစေရန်နှင့် အလယ်တန်း၊ အထက်တန်းပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာရေးတို့ကိုလိုက်လျောညီထွေရှိစေပြီး လုပ်သားအင်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း(Equipping Youth for Employment Project - EYE) အစီအစဉ်ကို Asia Development Bank - ADB နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ အစီအစဉ်၏ပံ့ပိုးမှုဖြင့် International နှင့် National Consultant များခန့်အပ်ကာ နှစ်အလိုက်သင်ရိုးသစ်များ ရေးဆွဲပြုစုပြီးပါက ဘာသာရပ်သင်ဆရာ၊ ဆရာမများအားလုံး သင်ရိုးညွှန်းတမ်းသစ်ဖြင့် သင်ကြားနိုင်ရေးအတွက် လေ့ကျင့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ ရန်ကုန်မြို့၌ School of Industrial Training and Education-SITE ဖွင့်လှစ်နိုင်ရေး ကြည့်ရှုစဉ်။

"EU နှင့် ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် လူမှုရေးဆိုင်ရာ အကျုံးဝင်မှုလုပ်ငန်းစီမံချက် (Financial and Social Inclusion in Myanmar) ကို ဆောင်ရွက်လျက်ရှိ"

နိုင်ငံတော်၏ ပညာရေးအရည်အသွေး မြင့်မားစေရန် ဩစတြေးလျအစိုးရနှင့် ပူးပေါင်း၍ မြန်မာ့ပညာရေး အရည်အသွေး မြင့်မားရေးလုပ်ငန်းအစီအစဉ် (Myanmar Education Quality Improvement Program – My-EQIP) ကို ကလေးများ၏ သင်ယူမှုရလဒ်များ ပိုမိုမြင့်မားစေရန်၊ ပညာရေးလုပ်ငန်း ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေ၍ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေရန်၊ သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပညာရေးမူဝါဒများ တိုးတက်ကောင်းမွန်စေရန်အတွက် အရည်အသွေးတိုးတက်မြင့်မားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

EU နှင့် ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ ပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် လူမှုရေးဆိုင်ရာ အကျုံးဝင်မှုလုပ်ငန်းစီမံချက်(Financial and Social Inclusion in Myanmar)ကို ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ဦးဆောင်ညွှန်ပြသူ ဆရာများနှင့် ကျောင်းအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Teacher Mentor and School Cluster Supporting Program) ကို လုပ်သက်အတွေ့အကြုံ(၃)နှစ်အောက် ရှိသည့် ဆရာဆရာမများ၏ သင်ကြားမှုဆိုင်ရာစွမ်းရည် တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိရာ ATEO (Mentor)များကို Teacher Mentor ဆရာဖြစ်သင်တန်းပေးခြင်း၊ မူလတန်း သင်ရိုးသစ်နှင့်အညီ သင်တန်းဆရာလက်စွဲကို ပြန်လည်ပြုပြင်ခြင်း၊ Teacher Mentoring နှင့် ကျောင်းအုပ်စုဖွံ့ဖြိုးမှုအစီအစဉ်များ အကောင်အထည်ဖော်ရေးလမ်းညွှန်၊ ဦးဆောင်ညွှန်ပြသူ (Mentor) သင်တန်းလက်ကမ်းစာစောင်နှင့် သင်တန်းနည်းပြလက်စွဲစာအုပ်တို့ကို ပြန်လည်ပြင်ဆင်ရေးသားခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ မူလတန်းအောက်ဆင့် ကလေးများ၏ သင်္ချာစွမ်းရည် စစ်ဆေးအကဲဖြတ်မှု Early Grade Mathematics Assessment - EGMAနှင့် စာဖတ် စွမ်းရည် စစ်ဆေးအကဲဖြတ်မှု သုတေသနလုပ်ငန်း Early Grade Reading Assessment–EGRA ကို National Level ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး နှင့်ပြည်နယ်များမှ ရွေးချယ်ထားသည့်မြို့များသို့သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ကွင်းဆင်းသုတေသန လုပ်ဆောင်ခဲ့သည်။ မူလတန်းအောက်ဆင့် ကလေးများ စာဖတ်စွမ်းရည်တိုးတက်ရေးလုပ်ငန်းလမ်းညွှန်စာအုပ်ပြုစုခြင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမြို့နယ် ၁၀ မြို့နယ်ရှိ အခြေခံပညာကျောင်း ၃၀မှ မူလတန်း အောက်ဆင့်မြန်မာစာသင်ကြားနေသော ဆရာ ဆရာမ ၈၈ ဦးအား သင်တန်းပေးခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကလေးများအတွက် ပညာရေးဆိုင်ရာ အသုံးစရိတ်ခွဲဝေပုံကို လေ့လာသုံးသပ် နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကလေးများအတွက် ပညာရေးအသုံးစရိတ်အနှစ်ချုပ် Public Finance for Children in Education Budget Brief Development အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်မှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်-NEPC, NAQAC တို့မှတာဝန်ရှိသူများနှင့် GIZ တို့ပူးပေါင်းကာ Seminar on Strengthening TVET in Myanmar within the Framework of SDG4 နှင့် ပညာသင်ယူမှုအခွင့်အလမ်း ဆိုင်ရာဆွေးနွေးပွဲ (Access to Education Policy Dialogue) တို့ကို ဆောင်ရွက်နိုင်ခဲ့ ခြင်းသည်လည်း ပညာရေးဝန်ကြီးဌာန၏ အောင်မြင်မှုပင်ဖြစ်သည်။

ယူနီဆက်ဖ်နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို လေ့လာအကဲဖြတ်သည့် သုတေသနလုပ်ငန်း (Out of School Children Initiate–OOSCI) အရ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို လေ့လာဆန်းစစ်ခြင်း သုတေသနစာတမ်းကို ရေးသားပြုစု၍ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြုစုထုတ်ဝေခဲ့ခြင်း၊ National Level Report Dissmination ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်နယ်(၇)ခုတွင် Sub National Level report Dissemination ဆောင်ရွက်နိုင်ခဲ့ခြင်း၊ OOSCI ၏ နောက်ဆက်တွဲလုပ်ငန်းအဖြစ် ပြည်နယ်အလိုက် ကျောင်းပြင်ပရောက်ကလေးများ လျှော့ချနိုင်ရေး ဦးတည်ဆွေးနွေးပွဲရလဒ်များကို ပြည်နယ်အလိုက် ရေးဆွဲပြုစုထုတ်ဝေနိုင်ခဲ့ခြင်း၊ An In Depth Analysis of Barrier Focusing on Teacher Absenteeism ကို ဆက်လက်လေ့လာနိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အရှေ့တောင်အာရှမူလတန်းဆင့် ကလေးများ၏သင်ယူမှုကို လေ့လာအကဲဖြတ်သည့် သုတေသနလုပ်ငန်း The South East Asia Primary Learning Metric (SEA-PLM) သည် မူလတန်းအဆင့် Grade- 5 ကျောင်းသား၊ ကျောင်းသူများ၏ အရေး၊ အဖတ်၊ သင်္ချာနှင့် ကမ္ဘာ့လူသားဖြစ်မှု(ပြည်သူ့နီတိ)စွမ်းရည်များကို စစ်ဆေး တိုင်းတာနိုင်ရန်အတွက် အာဆီယံဒေသတွင်း ကျယ်ပြန့်သော ပညာရည်စစ်ဆေးမှု တစ်ခု ဖြစ်ပါသည်။ SEA-PLM အကြိုစမ်းသပ်စစ်ဆေးမှုကို ၂၀၁၆ ဒီဇင်ဘာ ၁ ရက်တွင် ဆောင်ရွက်ခဲ့ပြီး SEA- PLM Main Survey ကို ၂၀၁၉ ဇန်နဝါရီ ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသုတေသနလုပ်ငန်း၏ စစ်ဆေးအကဲဖြတ်မှု ရလဒ်ကို လေ့လာဆန်းစစ်၍ ရရှိသည့် အချက်အလက်များကို ပညာရည်တိုးတက်မြင့်မားစေရန်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း (Human Resource Development Plan - HRD Plan) တွင် ပညာရေးဝန်ကြီးဌာန၏ ဌာနအသီးသီးရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုသိရှိပြီး လိုအပ်ချက်များကို အမြန်ဖြည့်ဆည်းရန်အတွက် အဆင့်စုံစွမ်းဆောင်ရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကနဦးစွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းစီမံကိန်း၏နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာဦးစီးဌာနများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (Human Resource Development Plan (HRD Plan)) ရေးဆွဲထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)မျှော်မှန်းရလဒ်များအား ပိုမိုအရှိန်အဟုန်မြှင့်တင်အကောင်အထည်ဖော်ရန် ပညာရေးဝန်ကြီးဌာနသည် ပညာရေးပြုပြင်ပြောင်းလဲမှုများအား စနစ်တကျ ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများ ရှိနေပြီး ပညာသင်ယူရန် အခက်အခဲရှိသောသူများ၊ လိုအပ်ချက်ရှိသောဒေသများကို ပိုမိုဖြည့်ဆည်းပံ့ပိုးပေးရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်နှုန်းမြင့်မားနေမှုများကို လျှော့ချရေး၊ ကျောင်းသားဦးရေတိုးလာသဖြင့် စာသင်ခန်းလိုအပ်ချက်နှင့် အခြေခံအဆောက်အအုံစသည်တို့ ဖြည့်ဆည်းရေး၊ ကျောင်းသား ဆရာ အချိုးမျှတရေး၊ ဆရာဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်းပညာဆက်လက်သင်ယူပြီးမြောက်ရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ကျွမ်းကျင်သူများဖြစ်လာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ပညာရေးအရည်အသွေးမြင့်မားလာစေရန် အလေးထားကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။